www.burmeseclassic.com

ဝိန်သရဖူစာပေ

# မောင်လှမျိုး

၊ချင်းချောင်းခြံ၊

## နှင်းကျသော်လည်း ဆောင်း,မမည်




BURMESE CLASSIC .com

အသစ်စက်စက်လုံးချင်းဝတ္ထု၊

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးချုပ်တေးမြင့်ကြူ + ဒေါက်တာခင်ဆွေမြင့်
၈ သား ၇ ၏ မြတ် ဓါ နု



# မောင်လှမျိုး ချောင်းချောင်းခြံ

## နင်းကျသော်လည်း ဆောင်း, မမည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး (ချင်းချောင်းခြံ)

နှိုး

ကျ

ဝေဘာ လေညိုး

ဆောင်း မ မညိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘဝ ... ,
ပတ်ဝန်းကျင် ... နှင့်
လောကဓံတရားများကို၊
အကျဉ်းချုပ်၍
ဤဝတ္ထုကို ရေးပါသည်...။ ။

လေးစားခင်မင်လျက်
မောင်လှမျိုး (ချင်းချောင်းခြံ)

စိန်သရဖူစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျသွားပြီဆိုရင်
ကိုယ့်လမ်းကိုယ်လျှောက်ပဲ။
မိဘနဲ့သားသမီး၊
ဘာမှ မဆိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မိသားစု အတွင်းရေးတွေကို၊
ဖုံးဖိထားရတာဟာ။
ခံစားရခက်ပေမယ့်၊
မိသားစုမပြိုကွဲအောင်ထိန်းသိမ်းတဲ့၊
အကောင်းဆုံး နည်းပဲ ...





www.burmeseclassic.com

www.burmeseclassic.com

## ၁။

သုံးမြှောင့် တံစဉ်းကို ချွန်မြနေအောင်သွေးထားပြီး၊ လက်ကိုင်ရိုးရော အဖုံးအစွပ်ပါ, သေသေသပ်သပ် ပြုလုပ်ထားသည့်၊ အချွန်အတက် လက်နက်ငယ်ကို၊ ကျွန်တော် ခါးကြားထဲမှ ထုတ်လိုက်သည်။ ပြီးနောက် . . . ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိသော၊ ကိုညာဏ်ထွန်း မြင်သာအောင်၊ ကျွန်တော့်ရှေ့တွင် ချထားလိုက်သည်။ ထိုလက်နက်ကို စကောဗာ . . . ဟု၊ ခေါ်ဝေါ်ကြောင်း၊ သူ . . . သိကြားဖူးပေမည်။ လက်ဖက်ရည်ဆိုင်၏ စားပွဲငယ်၌ မျက်နှာချင်းဆိုင် ထိုင်နေကြသော၊ ကျွန်တော်နှင့် ကိုညာဏ်ထွန်းတို့နှစ်ယောက်အကြားတွင်၊ ကျွန်တော့် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဘသော်စိုးက၊ အဖော်အဖြစ် ထိုင်ပေးနေ၏။ ကျွန်တော် လက်မလွှန်အောင် အဖော်လိုက်ပေးခြင်းလည်း ဖြစ်သကဲ့သို့၊ ကိုဉာဏ်ထွန်းဘက်က မချေမငံ မပြေမလည်ဖြင့်၊ လက်သီးလက်မောင်းတန်းကာ ဆက်ဆံပြီး၊ လူအင်အားသုံး တုံ့ပြန်ပါကလည်း၊ ဘသော်စိုးသည်၊ ကျွန်တော့်၏ အရံအင်အား။ သွေးသောက် ညီအစ်ကို။

"အချိန်အတက်တွေ၊ ယူလာရတဲ့အထိ၊ မင်း, ငါ့ကို၊ ရန်မူချင်နေတာလား ... သ်လ"

"အဲဒါက,တော့၊ ခင်ဗျားအပေါ်မှာ မူတည်တယ် ကိုဉာဏ်ထွန်း။ ကျွန်တော် သိချင်တာကို၊ သဲသဲကွဲကွဲ မသိရဘူးဆိုရင်။ ဒါမှမဟုတ် ..., အမှန်တရားကို၊ ခင်ဗျား မျက်ကွယ်ပြုထားမယ်ဆိုရင်၊ ရန်မူတာထက်၊ ဆိုးသွားလိမ့်မယ်"

"မင်း ... အသက် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတယ် သ်လ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်ထဲ ရောက်ချင်လို့လား"

ကိုဉာဏ်ထွန်းက၊ မီးတောက်တွေကြားက ရေကန်တစ်ကန်ကဲ့သို့၊ အေးစိမ့်သော လေသံဖြင့်၊ စကားပြော၏။ ကျွန်တော်





မှာမူ၊ ကန်ပတ်လည်ကို၊ ပြင်းထန်စွာ ဝိုင်းဝန်းလောင်မြိုက်နေသော၊ မီးတောက်ပမာ။

"ကျုပ်က၊ လူငယ်။ အမှန်တရားကို မြတ်နိုးတယ်။ မမှန်တာကို၊ ကိုယ်တိုင်လည်း၊ မလုပ်ဘူး။ လုပ်တဲ့သူကိုလည်း၊ အရှင်မထားဘူး"

ကိုဉာဏ်ထွန်းက၊ ပြုံးလျက် ...

"ဒွေးဒွေးထွေး မျက်နှာကြောင့်၊ မင်းကို ငါ အေးအေးဆေးဆေး စကားပြောတာနော်။ အဲဒါကိုလည်း၊ မင်း ... ထည့်စဉ်းစားဦး"

"ဟုတ်တယ်။ အခု ..., ကျွန်တော်လာတာ အဲဒီ့ ... ကိစ္စပဲ။ ကျွန်တော့် အဒေါ် ... ဒေါ်ဒွေးဒွေးထွေးကို၊ ခင်ဗျား ဘာဖြစ်လို့ အဆက်ဖြတ်တာလဲ။ အဲဒါ ... သိချင်လို့လာမေးတာ"

ကိုဉာဏ်ထွန်းက ...,

"အဲဒါ ...။ မင်းနဲ့ ဆိုင်လို့လား။ ဒါ ... ငါတို့ လူကြီးတွေ ကိစ္စလေ"

"ဆိုင်တာပေါ့ဗျ။ ဒေါ်ဒေါ်ဒွေး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကို ရောက်နေတာ၊ ခုနစ်လ,လောက်ရှိပြီ။ လွန်ခဲ့တဲ့ သုံးရက်က၊ သူ ... Abortion ဖြစ်တယ်။ အခု ..., အိမ်မှာ။ ဆေးရုံက ဆင်းခါစ။

အဒေါ်နှစ်ဝမ်းကွဲဆိုပေမယ့်၊ ကျွန်တော်က အရင်းအချာလို ချစ်တာဗျ။ ကျွန်တော့် အမေက, လည်း၊ ညီမ အရင်းလိုချစ်တာ။

ခင်ဗျား ဘာလုပ်လိုက်တာလဲ။ အိမ်နီးချင်းတွေက မေးတယ်။ မင်း ... အဒေါ် ဘာဖြစ်တာလဲ ...တဲ့။ နေမကောင်းလို့ ...ပါ။ ဒါပဲ ဖြေတတ်တယ်။ ဘယ်ဆေးရုံလဲ ... မေးတော့။ အမျိုးသမီးဆေးရုံ၊ ဒီလိုပဲ ဖြေရတယ်။ ကျွန်တော် ဘာမှ မသိဘူး။

ဒါပေမဲ့ ...သုံးသပ်တတ်တဲ့ ပတ်ဝန်းကျင်, စပ်စုတတ်တဲ့ ပတ်ဝန်းကျင်က၊ တစ်ဆင့်တိုးပြီး ထပ်မေးတယ်။ သူက ...အိမ်ထောင်သည်မို့လို့လား ...တဲ့။

အဲဒီ့ အကြောင်းတွေကြောင့်၊ ခင်ဗျားဆီ





ကျူပ်လာတာ။ ခင်ဗျား ...၊ ဒေါ်ဒေါ်ဌေးကို၊ စော်ကားပြီးမှ၊ အဆက်ဖြတ်လိုက်တာလား ... လို့၊ လာမေးတာ''

''ဟော့ကောင် ...''

ကိုညာဏ်ထွန်းက၊ ကျွန်တော့် ရှေ့ရှိ စကေဗာကို လျင်မြန်စွာ ကောက်ယူလိုက်ပြီး၊ ကျွန်တော့် အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ ...

''မင်း ... ဘာစကားပြောတာလဲ သိလား။ မင်း ... ဘာပြောတာလဲ။ ပြန်ပြောစမ်း ... ပြန်ပြောစမ်း''

''ခင်ဗျား။ နားကန်းနေလား''

''မင်းအဒေါ်နဲ့ ငါနဲ့က၊ တခြားပြဿနာကြောင့် လမ်းခွဲတာကွ။ မင်း ...,ပြောတဲ့ ယုတ်ယုတ်မာမာကိစ္စ မပါဘူး။ မင်း.. နားလည်လား''

ရွယ်တူချင်းတွေကို၊ နာလန်မထူအောင်၊ ကျွန်တော် ထိုးနိုင်ကြိတ်နိုင်ခဲ့ပါလျက်၊ အေးအေးလူလူနေတတ်သော၊ ကိုညာဏ်ထွန်း၏ ဒေါသ,ဖြင့်၊ ဆောင့်ဆွဲထားသော၊ လက်သီးဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို၊ ကျွန်တော် မရုန်းဖယ်နိုင်သေး။ ဒီကြားထဲ၊ သူ့လက်ထဲက၊ ကျွန်တော့် စကေဗာကိုလည်း ကြောက်ရသေး၏။

ထိုစဉ်၊ ဘသော်စိုးက ...,

"အစ်ကို။ အေးအေးဆေးဆေး ပြောကြရင်၊ ကောင်းမယ် ထင်တယ်။ ဘေးလူတွေနဲ့။ အော်ကြီးဟစ်ကျယ်ဆို၊ မကောင်းဘူး။ ကျွန်တော် ကြားထဲက, ဝင်ပြောရရင်၊ တစ်ခုခု၊ မှားနေပြီ ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက်၊ သေသေချာချာ ပြောကြ ဆိုကြရင်ကောင်းမယ်"

ကျွန်တော်ဘက်သို့ လှည့်ပြီး၊ ဘသော်စိုးက ...

"သီလ။ မင်း ... အထင်လွဲနေတာ ဖြစ်လိမ့်မယ်။ ဒီ အစ်ကိုကြီးပုံစံက၊ လူယုတ်မာပုံ မပေါက်ဘူး"

ဘသော်စိုး၏ စကားအဆုံးတွင်၊ ကိုဉာဏ်ထွန်းက၊ ကျွန်တော့်အင်္ကျီစ,ကို လက်လွှတ်သည်။ ပြီးမှ ...

"မင်း ... အခုန ပြောတဲ့၊ အရှက်တကွဲ ကိစ္စကြီးက၊ ဘယ်သူ့ကိစ္စလဲ။ မင်း ငါ့ကို ပြောပြ





စမ်း သီလ"

"ကျွန်တော် သိချင်လို့ ခင်ဗျားကို လာမေးတာဗျ။ ခင်ဗျား ကိစ္စလို့ထင်ပြီး၊ ခင်ဗျားကို သတ်ဖို့ လာတာ"

"သတ်မယ် ဖြတ်မယ် လုပ်မနေနဲ့။ မင်း လက်နက်က၊ ငါ့ဆီမှာ"

အေးဆေးစွာနေထိုင်တတ်သူ ဖြစ်ပါလျက်၊ ကြိတ်မနိုင်, ခဲမရ လေသံဖြင့်၊ ကိုဉာဏ်ထွန်း ကျွန်တော့်ကို ပြောသည်။ ကျွန်တော် ငြိမ်သက်သွားရ၏။

ခဏကြာမှ ...

"ကျွန်တော့်အမေနဲ့၊ ဒေါ်ဒေါ်ငွေအမေတို့က၊ ဒေါ်ဒေါ်ငွေကို ကျိတ်ကျိတ်,ကျိတ်ကျိတ် မေးနေတာဗျ။ ဒေါ်ဒေါ်ငွေက၊ မဖြေဘူး။ ဒါဆို၊ နင့်ရည်းစား ဉာဏ်ထွန်းနဲ့ ဖြစ်တာလား ဆိုတဲ့ အသံကို၊ သဲ့သဲ့ကြားလို့၊ ကျွန်တော် ခင်ဗျားဆီ လာတာ"

ကိုဉာဏ်ထွန်းက၊ အချွန်အတက်ကြီးကို ဆွဲဖွင့်ပြီး၊ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ဆောင့်ထိုးလိုက်၏။ ပြီးနောက် ...

"ဒွေးဒွေးထွေးရဲ့ အစ်ကို။ ကိုခင်ရွှေ။ မင်းနဲ့ ဦးလေး နှစ်ဝမ်းကွဲပေါ့။

အဲဒီ ကိုခင်ရွှေရဲ့ ဆရာ။ ဦးရှမ်းဆိုတဲ့ လူရဲ့ အိမ်မှာ။ မင်း အဒေါ် ...၊ အဝင်အထွက်လုပ်တာ၊ ငါ ... မကြိုက်လို့။ ပြောကြ၊ ဆိုကြရင်း၊ ငါတို့နှစ်ယောက် စကားများကြတယ်။

စကားများပြီး သိပ်မကြာဘူး။ မင်းအဒေါ်၊ ဒွေးဒွေးထွေး ကိုယ်တိုင်က၊ ငါ့ကို၊ အဆက်ဖြတ်ဖို့ လာပြောတာ။

ပြော့လည်းပြော၊ ဖြတ်လည်းဖြတ်။ ပျောက်လည်း ပျောက်သွားတာ။ ရှစ်လ,လောက်ရှိပြီ။

အခု ... မင်းပြောမှ၊ ကျန်တာတွေ၊ ငါသိရတာ။ မင်းအပါအဝင် ... မင်းတို့ အမေတွေ၊ အဘွားတွေက၊ ဒီကိစ္စ ... ငါ ယုတ်မာတာပါ ... လို့ ... ထင်နေတယ်ပေါ့။



နှင်း
ကျ့ဆော်စေညီး
ဆောင်း မ မညီ

ဟော့ကောင် သီလာ။

မင်း ... ထင်တယ်ဆို၊ အဲဒီ အချိန်နဲ့၊ ငါ့ရင်ဝ,ကို ထိုးလိုက်။ ရော့ ..."

ကိုညာဏ်ထွန်း။ ရင်ဖွင့်ပေးလေသည်။

အကာအရံမဲ့စွာ ရင်ဖွင့်ပေးသော်လည်း။ အမှန်တရားဝန်းရံနေသည့်၊ မည်သည့်ရင်ခွင်ကိုမဆို၊ မည်သည့် ဆူးချွန်မျှထိုးစိုက်၍ မရ။ ပစ်ခတ်၍ မဝင်။

"Sorry ဗျာ။ ကိုညာဏ်ထွန်း။ ကျွန်တော် ... တောင်းပန်ပါတယ်"

"ရတယ်။ မတောင်းပန်နဲ့" ... ဟု၊ ကိုညာဏ်ထွန်း ပြော၏။ ပြီးနောက် ...၊ စကားဆက်သေးသည်။

"လောက,ကြီးမှာ အရေခြုံတွေ ရှိတတ်တယ်ကွ။ မင်းတို့ မိသားစု၊ မင်းတို့ ဆွေမျိုး အသိုင်းအဝိုင်းရဲ့၊ အနီးဝန်းကျင်မှာ၊ ယုတ်မာတဲ့ သူ၊ တစ်ယောက်တော့၊ ရှိနေပြီ။

မင်းက ... အမှန်တရားဆိုတာ၊ ဘာလဲ ... လို့၊ သိချင်နေတဲ့ကောင်ဆိုတော့၊ အဲဒီ လူ



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ခွင်းချောင်းခြံ)

ယုတ်မာ ဘယ်သူလဲ ...လို့ စုံစမ်းပေါ့။

သတ်ဖို့ ဖြတ်ဖို့တော့၊ မဆုံစမ်းနဲ့။ လေ့လာ

သုံးသပ်မှိုပဲ၊ လုပ်ပါ။ မင်း ...ငယ်သေးတယ်

...သိလား။

လောက, ပါလ တရားထဲမှာတော့၊ လူ

မိုက်တွေကို ...ရှောင် ...တဲ့။ တကာယ့်

တကာယ် လောက,ကြီးကို၊ ပိုပြီးဖျက်ဆီးနေတာ

က၊ လူယုတ်မာတွေကွ။ မှတ်ထား။

လူမိုက်တွေက၊ ရမ်းကားဖို့ပဲသိတာ။ လူ

ယုတ်မာတွေက၊ ပိုပြီး ဟန်ဆောင်ကောင်းတယ်

ကွ။ ငါ့ညီရဲ့၊ မှတ်ထား"

ယခုမှ၊ လောက,ထဲကို ဝင်လာခါစ, ရှိသေးသည့် ကျွန်

တော့်ကို၊ လောက,ကြီးဆော် ကြိုဆိုလိုက်ပုံက၊ သိပ်ပြီးတော့ ...

ပုံစံမကျ။ ပုံသဏ္ဌာန်မလှ။

* * *

၂။

ဒေါ်ငွေးငွေးထွေးသည်၊ ကျွန်တော့်အမေဘက်က တော်

စပ်သော၊ အဒေါ်နှစ်ဝမ်းကွဲ ဖြစ်သော်လည်း၊ ကျွန်တော်က၊

အဒေါ်အရင်းကဲ့သို့၊ ချစ်ခင်သည်။ ကျွန်တော်က သူ့ကို၊ ဒေါ်ဒေါ်

ငွေး ...ဟု၊ ခေါ်လေ့ရှိသည်။ အသက်အရွယ်မှာမူ၊ အဒေါ်

အရွယ် မဟုတ်။ ကျွန်တော်၏ အစ်မ,အကြီးဆုံး အရွယ်။

ကျွန်တော့် အစ်မ, မယဉ်သူဇာက၊ ကျွန်တော့်ထက်၊

အသက် ခြောက်နှစ်ကြီးသည်။ ကျွန်တော်က, ကျွန်တော့်နှမ

အေးသူဇာထက်၊ သုံးနှစ်ခန့် အသက်ကြီး၏။

အဖေ ဦးကျော်ရှိန်းနှင့် အမေ ဒေါ်မြမူတို့မှာ၊ သာမန်



www.burmeseclassic.com

www.burmeseclassic.com



လက်လုပ်လက်စားများ။ အလွယ်တကူ ပြောရမည်ဆိုလျှင်၊ ဆင်းရဲသားများ ဖြစ်ကြ၏။ တောသူ တောင်သား အမျိုးအနွယ်များ ဖြစ်ကြ၏။ မိဘ, ဘိုးဘွားများအားလုံး မြေလတ်ပိုင်းဇာတိများ ဖြစ်ကြသည်။ လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်ကမှ၊ ရန်ကုန်သို့၊ လာရောက် အခြေချသူများ ဖြစ်ကြ၏။ ဆွေရင်း,မျိုးရင်းရော၊ ရပ်ဆွေ,ရပ်မျိုးတွေပါ၊ ရန်ကုန်နှင့် အနီးတစ်ပိုက်တွင်၊ နေထိုင်ခဲ့ကြသည်။

"ဒါဆို၊ မင်းနဲ့ ဒေါ်ဒေါ်ငွေးတို့က အမျိုးဝေးတာပေါ့" ... ဟု၊ ဘသော်စိုးက၊ မေးပြော ပြော၏။ "ဝေးတယ်။ ဒါပေမဲ့ ရင်းနှီးကြတယ်" ... ဟု၊ ကျွန်တော် ပြောသည်။ ပြီးနောက်၊ စကား ထပ်ဆက်ဖြစ်၏။

"ကိုဉာဏ်ထွန်းနဲ့၊ ဒေါ်ဒေါ်ငွေးနဲ့က၊ တစ်ရပ်ကွက်တည်း။ ကိုဉာဏ်ထွန်းနဲ့၊ သဘောမကျလို့၊ သူ့အစ်ကို ဦးခင်ရွှေနဲ့ သူ့အမေ ဒေါ်အေးဘုံက၊ ငါတို့အိမ်မှာ လာပို့ထားတာ"

"အဲဒါ၊ မဖြစ်နိုင်လောက်ဘူး။ ကိုဉာဏ်ထွန်းပြောတဲ့ ဦးရှမ်း ဆိုတဲ့လူနဲ့ ပတ်သက်မယ်ထင်တယ်" ... ဟု၊ ဘသော်စိုး





ထင်မြင်ချက်ပြု၏။ ကျွန်တော်က ...,

"အခုတော့၊ အဲဒီလိုပဲ ယူဆ,ရတော့မှာပေါ့"

"ဦးရှမ်းနဲ့၊ မင်းနဲ့ သိလား"

"မသိဘူး။ အဲဒါ ... ငါ့ဦးလေး ဦးခင်ရွှေရဲ့ ဆရာ ... ဆိုတာလောက်တော့ သိတယ်။ သူတို့နဲ့ တစ်ရပ်ကွက်တည်းပဲ"

"အဲဒီ့ လူကြီးကို သွားမေးမလား"

ကျွန်တော် ခေါင်းခါပြီး ...

"မမေးတော့ဘူး။ ကိုဉာဏ်ထွန်းက, ချစ်သူချင်း ကျောရရုံ ကြံစည်လိုက်ပြီး၊ မျက်နှာလွှဲတယ် ထင်လို့၊ ငါ ... သူ့ဆီသွားတာလေ။

ဦးရှမ်း ဆိုတာကြီးနဲ့ကျတော့၊ ငါ ... အလှမ်းဝေးနေတယ်။ ကိုဉာဏ်ထွန်း စကားကိုလည်း၊ ယုံတော့ ယုံတယ်။ ဒါပေမဲ့ ... သိပ်ဘဝင်မကျသေးဘူး။

ကာယကံရှင် ဒေါ်ဒေါ်ငွေးကို၊ မေးကြည့်မှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အတိအကျသိရမှာ''

''ပြောပါ့မလားကွ''

''သွယ်သွယ်ဝိုက်ဝိုက် မေးရမှာပေါ့''

ဘသော်စိုးက ...,

''မင်း ... ဘာကြောင့် သိချင်ရတာလဲ။ မင်းနဲ့ငါ သူငယ်ချင်းမို့လို့သာ၊ မင်းကိစ္စထဲ၊ ငါ ဝင်, ဝင်ပါတာ။ ဘာကြောင့် ..., မင်း၊ ဝင်ပါ နေတယ် ဆိုတာ၊ ငါ ... သေသေချာချာ မသိဘူး''

ကျွန်တော်က ...,

''ငါတို့, အခုမှ၊ ဆယ်တန်းကျောင်းသားပဲ ရှိသေးတာ။ ငါတို့ ငယ်သေးတယ်ပေါ့ကွာ။

ဒါပေမဲ့ ...,

အမှန်တရားဆိုတာကိုတော့၊ ငါ သိချင်တယ်ကွ။ ဘယ်ကိစ္စဖြစ်ဖြစ်၊ ဘယ်သူမှန်တယ်, ဘယ်သူ မှားတယ်ဆိုတာကို၊ သိချင်တယ်။

မတရားလုပ်တယ်ဆိုတဲ့လူကို၊ ငါ မုန်း





တယ်။ တရားတဲ့ဘက်က၊ ငါ ... ရပ်ချင်တယ်။ အဲဒါကြောင့်၊ ဝင်ပါတာ။

တခြားသူငယ်ချင်းတွေကိုတော့၊ ငါ ... အသိမပေးချင်ဘူး။ အဲဒါကြောင့် ...,

မင်းကိုပဲ အသိပေးတာ။ အမှန်တရား ... ဆိုတာ အဝေးကြီးမှာ ရှာဖို့ထက်၊ ငါ့မိသားစုရဲ့ အနီးတစ်ဝိုက်မှာကို၊ ရှာရခက်နေတယ်။

အဲဒါကြောင့်၊ ဒီ ... ဒေါ်ဒေါ်ငွေးကိစ္စမှာ၊ငါ ... ဝင်ပါတာ။ အမေရော ... အဘွားလေးရော ... ဖုံးကွယ်ချင်ပုံရတယ်ကွ။ ငါ ... အဲဒါကို မကြိုက်ဘူး။

မှန်မှန်မှားမှား။ ကောင်းကောင်း,မကောင်းကောင်း။ အရှိကို အရှိအတိုင်း၊ မှားတဲ့သူကို မှားတဲ့အတိုင်း။ မှန်ရင် မှန်တဲ့အတိုင်း၊ ရင်ဆိုင်ဖြေရှင်းကြတာမျိုး၊ မလုပ်ဘူး။

တီးတိုး, တီးတိုး၊ ကျိတ်ကျိတ်, ကျိတ်ကျိတ်နဲ့။ မှန်တဲ့သူက ... တိတ်တဆိတ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာ မလိုဘူးလို့၊ ငါ ထင်တယ်''

ဘသော်စိုးက ...,

''ဒီလိုလည်း ဘယ်ဟုတ်မလဲကွ။ အရှက်ရမယ့်ကိစ္စကျတော့၊ လူမသိအောင် ဖုံးရ ဖိရတာ ပေါ့''

ကျွန်တော်က ...,

''ဖုံးဖိတယ်ဆိုကတည်းက၊ သိပ် မမှန်လို့ ပေါ့ကွာ''

''အဲဒါတော့။ ငါ ... မပြောတတ်ဘူး။ မိန်းမသားတစ်ယောက်၊ အရှက်ရတဲ့ကိစ္စကို၊ ဘယ်သူမှ၊ လူသိအောင် လုပ်မှာတော့ မဟုတ်ဘူး''

''ဟာ ...။ အဲဒါဆိုရင်၊ လောက,ကြီး မှားနေပြီထင်တယ်။

အရှက်ကွဲမှာစိုးလို့၊ မျိုသိပ်ရင်၊ အရှက်ကွဲအောင် တကယ်လုပ်ခဲ့တဲ့ကောင်တွေ၊ သဘောတွေ ကျနေမှာပေါ့။





ငါတို့လုပ်တာ၊ သူတို့ အရှက်ကွဲမှာစိုးလို့၊ မပြောရဲကြဘူး။ ငါတို့ ဆက်လုပ်လို့ ရတယ် ... ဆိုတာမျိုး။ ဖြစ်ကုန်မှာပေါ့''

''ငါ ... မင်းလောက်တော့၊ မတွေးတတ်ဘူး ... သီလ။ ဒါပေမဲ့ ..., မလိုအပ်ဘဲ၊ လက်မ,လွန်ဖို့တော့ မင်း,စိတ်ထိန်းသင့်တယ်။

မင်း ... သွားတဲ့နေရာတိုင်း။ မင်းခေါ်ရင် ငါ လိုက်မှာပဲ။ မင်းလုပ်သမျှ အလုပ်တိုင်း ငါ ... ကူမှာပဲ။

အမှန်တရားကို ရှာကြည့်ရင်းနဲ့၊ မင်းကိုယ်တိုင် ထောင်ကျသွားတာမျိုးတော့၊ မဖြစ်စေချင်ဘူး။

ငါတို့ ... ကျောင်းသားတွေပဲ။ ကျောင်းသားတစ်ယောက်အတွက်၊ စာသင်တာ, စာကျက်တာ၊ အမှန်တရားပဲ ...လို့၊ ငါ ထင်တယ်။ ကျန်တာတော့၊ မင်း ... သဘောပဲ''

''ငါ ... စာကျက်လို့ မရဘူးလေကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အိမ်မှာ လာနေတဲ့၊ ငါ့ အွေမျိုးနီးစပ် အဒေါ်တစ်ယောက်၊ သူတစ်ပါး စော်ကားထားတယ်လေ။ အဲဒါကို ငါ . . . ကြားနေရတယ်။ မြင်နေရတယ်၊ သိနေရတယ်။ တရားခံကို၊ ငါ . . မရှာသင့်ဘူးလား . . . ဘသော်စိုး''

''မင်းကို၊ မင်း မိဘက၊ ရှာခိုင်းလို့လား''

ကျွန်တော် ခေါင်းယမ်းမိသည်။

''ငါ့ဘာသာ ဝင်ပါတာပေါ့ကွာ''

''မင်း . . . ဝင်ပါတာကို၊ မင်းအိမ်က၊ သိလား''

''ဘယ်သူမှ မသိဘူး''

''သိရင်တော့၊ တားမှာပဲ မဟုတ်လား''

''အင်း''

''လူကြီးတွေကိစ္စ၊ လူကြီးတွေပဲ ရှင်းပါစေလား . . . သူငယ်ချင်းရာ''

''ငါ . . . အမှန်တရားကို၊ တိတိကျကျ သိချင်လို့ပါကွာ'' . . . ဟု၊ ကျွန်တော် ပြောလိုက်သည်။ ဘသော်စိုးက





. . . '' ငါတို့ ဦးနှောက်သေးသေးလေးနဲ့၊ ဘယ်လိုလုပ်၊ ရှာလို့ရမှာလဲ'' . . . ဟု၊ ပြုံးလျက် ပြော၏။ ''တစ်နေ့တစ်ပေါင်း . . . နှစ်၊ ဆိုတာလောက်တော့၊ ငါ, ရှာနိုင်ပါတယ်'' . . . ဟု၊ ကျွန်တော် ပြန်ပြောလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၃။

"နှင်က၊ ဘာဖြစ်လို့ ဒီ ... စာကို ယူထားရတာလဲ" ... ဟု၊ ဒေါ်ဌွေးဌွေးထွေး မေးသည်။ ကျွန်တော်က ...,

"ကျွန်တော် ယူထားတာမဟုတ်ဘူး ဒေါ်ဒေါ်ဌွေး။ ခိုးထားတာ။ ဒေါ်ဒေါ်ဌွေးရဲ့ အခန်းထဲ ဝင်ပြီး၊ ကျွန်တော် ရှာထားတာ။

ဦးရှမ်းရေးတဲ့ ဒီစာအရဆိုရင်၊ ကိုညဏ် ထွန်းမှာ၊ ဘာအပြစ်မှ မရှိဘူးပေါ့။ ဟုတ်တယ် မဟုတ်လား ဒေါ်ဒေါ်ဌွေး"

ဒေါ်ဌွေးဌွေးထွေးက၊ ကျွန်တော့်အမေးကို၊ မတုံ့ပြန်ဘဲ၊



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်း(ဒ))

''ငါ့ကို၊ အဲဒီ့ စာပြန်ပေးပါလား ... သိလား၊ လူကြီးတွေကိစ္စ၊ နင်, ဝင်မပါနဲ့လေ''

''ဝင်မပါလို့ မဖြစ်ဘူး၊ အားလုံးက ကိုညာဏ်ထွန်းအပေါ်မှာ၊ အပြစ်ပုံချနေကြတယ်၊ တကယ် ကျူးလွန်တဲ့လူကို၊ ဘာကြောင့် အရေး မယူကြတာလဲ''

''နင် ..., ဝင်မပါပါနဲ့ သိလ,ရယ်၊ နင်, ဝင်ပါတာနဲ့၊ ငါ ... တစ်ရက်က နှစ်ရက်၊ ဖြန်းဖြန်းကွဲပြီ''

''ဒါဆို၊ ကျွန်တော် တစ်ခုမေးမယ်။ ကို ညာဏ်ထွန်းက၊ ဒေါ်ဒေါ်ဌေးကို အဆက်ဖြတ်တာ လား၊ ဒေါ်ဒေါ်ဌေးက၊ ကိုညာဏ်ထွန်းကို အဆက် ဖြတ်တာလား။ အဲဒါတော့ ကျွန်တော့်ကို၊ မှန်မှန် ပြော''

''ငါ ... ဖြတ်လိုက်တာ''

''ဘယ်လို အကြောင်းပြချက်နဲ့ ဖြတ်တာ လဲ''



နှမ်း ကျွဲဆောင်စည်း ဆောင်း မ မညာ

''ငါ့ အစ်ကို၊ သဘောမတူဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ဖြတ်လိုက်တာ။

ကိုညာဏ်ထွန်းက,လည်း၊ ဦးရှမ်းရဲ့အိမ်ကို၊ ငါ ... ဝင်ထွက်နေတာကို၊ မကြိုက်ဘူး။ သူက, လည်း ... အဲဒီပြစ်ချက်နဲ့ ငါ့ကို ဖြတ်တာ။

အမှန်တကယ်က၊ ဦးရှမ်း ငါ့ကို အနိုင် ကျင့် စော်ကားထားလို့၊ ငါ့ကိုယ် ... ငါ၊ လိပ်ပြာ မသန့်တော့တာနဲ့၊ ကိုညာဏ်ထွန်းကို ဖြတ်လိုက် တာ''

''တကယ့်အဖြစ်မှန်ကို၊ ဘယ်သူမှ မသိ ဘူးလား ဒေါ်ဒေါ်ဌေး''

''မသိဘူး''

''ဘာဖြစ်လို့ အသိမပေးတာလဲ''

''ဦးရှမ်းက၊ ငါ့အစ်ကိုရဲ့ အလုပ်ရှင်။ ငါ တောင်, သူ့ဆီမှာ အလုပ်ဝင်ဖို့၊ အစ်ကိုက ပြော ပေးထားတာ။ ငါ ... အမှန်အတိုင်း ပြောပြလိုက် တာနဲ့။ မိသားစု အလုပ်လက်မဲ့ ဖြစ်ပြီ ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ အဲဒါ ... အဓိပ္ပာယ်မရှိဘူး။ ဒါဆို ... ကျွန်တော့်အမေရော ...,ဒေါ်ဒေါ်ငွေး အမေရော ...၊ အစ်ကိုရောက ...။ ကိုညာဏ် ထွန်းကိုရွှေ ...လို့ပဲ၊ ထင်နေကြပြီပေါ့။

သေရောပေါ့ဗျာ။ ကိုယ်ကျင့်သိက္ခာကို အပွန်းအပဲ့ခံနေရတဲ့ ကိုယ့်ချစ်သူတစ်ယောက်ကို တောင်၊ ဒေါ်ဒေါ်ငွေး အကာအကွယ်မပေးဘူး"

"ကာကွယ်ချင်တာပေါ့ဟယ်။ ဒါပေမဲ့ ..., အခြေအနေက၊ ကာကွယ်ခွင့် မပေးဘူး"

"အခြေအနေဆိုတာ၊ လူဖန်တီးတာပါဗျာ" ... ဟု၊ ကျွန်တော် ပြောသည်။ ပြီးနောက်။ "ဒါဆို ကိစ္စအမှန်ကို၊ ဦးဦးခင် မသိဘူးပေါ့" ...ဟု၊ ကျွန်တော် ဆက်မေးသည်။ ဒေါ်ငွေးငွေးထွေး၊ ခေါင်းညိတ်၏။ သူ့အစ်ကို၊ ဦးခင်ရွှေကို၊ ကျွန်တော်က၊ ဦးဦးခင် ...ဟု၊ ခေါ်လေ့ရှိသည်။

ဒေါ်ငွေးငွေးထွေးက ...,

"ဘာပဲဖြစ်ဖြစ်။ နင် ရှာတွေ့ထားတဲ့ ဦးရှမ်းရဲ့စာကို၊ နင် ... ဒီအတိုင်းပဲ ထားစေချင်





တယ် သိလား။

နင် ... တစ်ခုခုလုပ်လိုက်တာနဲ့၊ ငါ ... ပိုပြီး အရှက်ကွဲမှာနော်။ ငါ့အစ်ကို ကိုခင်ရွှေက၊ သူ့ဆရာ၊ ဦးရှမ်းကို ထိရင်၊ လက်ခံမှာ မဟုတ်ဘူး"

"ဘာ ဆရာလဲ။ အလုပ်ရှင်ကို၊ ဘာဖြစ်လို့ ဆရာ ... လို့ ခေါ်ကြတာလဲ။ အလုပ်ရှင်တွေက,လည်း၊ အဲဒီလို အခေါ်ခံနေရတာကိုပဲ၊ သဘောကျနေကြတယ်။ တော်တော်နောက်တဲ့ လောက,ကြီးပဲ။

ဘာအတတ်ပညာမှ သင်မပေးဘဲ၊ အလုပ်လေး ပေးထားတာနဲ့ပဲ၊ ဆရာ ... လို့ ခေါ်ရမယ်ဆိုရင်။ ကျွန်တော်သာဆိုရင်၊ ကိုယ့်အလုပ်, ကိုယ်လုပ်လိုက်မယ်။ လုပ်စရာ မရှိရင်၊ လမ်းဘေးမှာ ဈေးရောင်းလိုက်မယ်။ ဘာမှ သင်မပေးတဲ့သူကို၊ အလုပ်ပေးရုံနဲ့တော့ ဆရာ ... လို့ မခေါ်နိုင်ဘူး။ ရေရေလည်လည် အောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ... အဲဒီစာ၊ ပြန်ပေးပါလား ... သီလ"

"မပေးဘူး ... ဒေါ်ဒေါ်ဒွေး။ ကျွန်တော် စိတ်ရှုပ်နေတယ်၊ ဘာကို ရှုပ်မှန်းလည်း မသိဘူး။

အခုမှ ... လူဖြစ်မယ် ကြံခါရှိသေးတယ်။ လူတွေမှာ ... ဖုံးရ၊ ဖိရ ကိစ္စတွေ၊ တော်တော် များတယ်။ အဲဒါကြီးကို၊ ကျွန်တော် သဘော မကျဘူး"

"ဒါက၊ တော့ဟယ်။ နင် ... ငယ်သေးလို့ပါ။ နင် ... အသက်ကြီးလာရင်၊ ဘယ်ဟာက၊ တော့၊ ပြောသင့်တယ် ...၊ ဘယ်ဟာက၊ တော့၊ မပြောသင့်ဘူး။ ဘယ်အရာက၊ တော့၊ မှန်ပေမယ့် ... မပြောသင့်ဘူး။ ဘယ်အရာက၊ တော့၊ မမှန်ပေမယ့် ... အခြေအနေအရ ... ပြောဖို့လိုရင်၊ ပြောနေရတာမျိုးတွေ ... ကြုံလာမှာပေါ့"

"No! လုံးဝ၊ မကြုံစေရဘူး။ ကျွန်တော့် ဘဝမှာ ကျွန်တော် မှားတဲ့အကြောင်း ...။





အားလုံး သိစေရမယ်။ ကျွန်တော် မှန်ပြီဆိုရင် လည်း ... အဲဒီ အမှန်တရားအတွက်၊ အသက်နဲ့ လဲမယ်"

"အဲဒါဆိုရင်၊ နင် ... အသက်တိုလိမ့်မယ်" ... ဟု၊ ပြော၏။

"ဦးရှမ်းလို ... မဟုတ်တာလုပ်။ ဆရာ ... အခေါ်ခံပြီး။ အသက်ရှည်ရှည်တော့ ကျွန်တော် မနေချင်ဘူး ... ဒေါ်ဒေါ်ဒွေး""

မျက်နှာလေး ငယ်သွားသည်။

ကျွန်တော် မပြောရက်တော့သဖြင့်၊ မျက်နှာလွှဲခဲ့၏။ လက်ထဲက စာခေါက်ကို၊ ကျစ်ကျစ်ပါအောင် ဆုပ်ထား မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၄။

အစ်ကိုကြီးကို ခွင့်လွှတ်ပါ ငွေငွေ။ တစ်ကြိမ်တစ်ခါ အမှားအတွက် အကြိမ်တစ်ရာမက တောင်းပန်ပါရစေ။

လွန်ကျူးမိသမျှ ကံစွအတွက်၊ အစ်ကိုကြီး တာဝန်ယူပါရစေ။ တရိတသေ တလေးတစား အားကိုးခဲ့သူကို မစာမနာ အနိုင်ကျင့်သလို ဖြစ်ခဲ့ရတဲ့အတွက်၊ အစ်ကိုကြီး ယူကျုံးမရ ဖြစ်မိပါတယ်။

တောင်းပန်ခွင့် မပေးတဲ့အပြင်၊ အစ်ကိုကြီးရဲ့ အမည်နာမ,ကိုပါ ဖုံးဖိထားတဲ့အတွက်၊ အစ်ကိုကြီး အနေရခက်လှပါတယ်။

ကိုယ်တိုင် တောင်းပန်ခွင့် မရတဲ့အတွက်၊ ဒီစာနဲ့သာ၊



www.burmeseclassic.com

www.burmeseclassic.com

ဝန်ချတောင်းပန်လိုက်ပါတယ် ရွှေငွေရယ် . . .။

အစ်ကိုကြီး

ဦးရှမ်း

အမေ့ကို ပေးဖတ်ပြီးပြီးချင်း ထိုစာရွက်ခေါက်ကို အမေ့ထံမှ ကျွန်တော် ဆတ်ခနဲ ပြန်ယူလိုက်မိသည်။

"နင်က၊ အဲဒါကို ဘာကိစ္စ ယူထားရတာလဲ"

သေးဘီကို ငေ့ိုက်ကြည့်ပြီး၊ အမေ ကျွန်တော့်ကို မေးသည်။

"အမှန်တရားကို ဖော်ထုတ်ဖို့ ယူထားတာလေ။ အမေတို့ ကျိတ်ကျိတ်, ကျိတ်ကျိတ် လုပ်နေတဲ့ ကိစ္စကို၊ ကျွန်တော် ထင်းခနဲ လင်းခနဲ ဖြစ်အောင် လုပ်မလို့"

"နင်နဲ့ ဘာဆိုင်လဲ . . . ဟဲ့။ သိလာရဲ့"

"ကျွန်တော့်အိမ်မှာ ဖြစ်နေတဲ့ကိစ္စ၊ ကျွန်တော့်ဝန်းကျင်မှာ၊ ကျွန်တော် အမေးမြန်း အစပ်





စုခံရတဲ့ ကိစ္စ။ ကျွန်တော်နဲ့ မဆိုင်ဘဲ ရှိပါ့မလား"

"ဟဲ့ . . . တီးတိုးပြော။ နင့်အဖေ မသိဘူး။ ငါ . . . တခြား ဘာမှမပြောချင်ဘူး။ နင့်အဖေတော့ မသိစေနဲ့။ ဒါပဲ"

"အဖေသိတော့၊ ဘာဖြစ်လဲ"

"ဟဲ့။ ဇာတ်လာရှုပ်တယ် ဆိုပြီး၊ ငွေးငွေးကို၊ နှင်ချမှာပေါ့"

"အဖေက၊ ဒီအိမ်ရဲ့ အိမ်ဦးနတ်လေ။ အိမ်ထောင်ဦးစီးလေ အမေရဲ့။ အဖေ့ကိုတောင်၊ အသိမပေးဘူးဆိုတော့၊ အမေတို့ တော်တော် လိမ်ထားရမှာပေါ့"

"ဟဲ့။ သူက လင်ယောကျ်ား။ ဘာသိဘာသာ နေတတ်တဲ့ . . . လူ။ နင့်လို နေရာတကာ မပါဘူး။

နေမကောင်းလို့ ဆေးရုံတင်ရတယ်ပဲ ပြောထားရတာပေါ့"

"ထားပါတော့။ ဒီစာထဲက, ဦးရှမ်းကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

မောင်ငြီလှမျိုး (ရှင်းချောင်းခြံ)

မှန်း၊ သိရက်နဲ့။ အမေတို့ ဘွားလေးတို့က၊ ဘာဖြစ်လို့ တခြားသူကို၊ ခေါင်းစဉ်တပ်ချင်ကြတာလဲ''

''သိလ။ ငါ ...နင့်အမေနော်။ ဖါ့ကို တရားခံစစ်သလို လာမစစ်နဲ့။

နင် ...ဘာမှ နားမလည်ဘဲနဲ့၊ ဝင်မပါနဲ့ နော်။

အဲဒီ ဦးရှမ်းက၊ အရွှေရဲ့ကျေးဇူးရှင်။ အလုပ်ရှင်။ ပြဿနာတက်လို့ ဘယ်ဖြစ်မလဲဟဲ့။ ပြီးတော့ ...လူလွတ်မှမဟုတ်တာ''

ကျွန်တော်က, စာခေါက်ကို၊ ဂျင်းဘောင်းဘီ၊ အနောက် အိတ်အတွင်းသို့၊ ထိုးထည့်ပြီး ....,

''အခြေအနေမှန်ကို၊ ဦးဦးခင်က မသိဘူး ပေါ့''

ဦးဦးခင် ...ဆိုသည်မှာ၊ ဒေါ်ဒေါ်ရွှေ၏အစ်ကို၊ ကျွန်တော့်ဦးလေး ဦးခင်ရွှေကို၊ ကျွန်တော် ခေါ်ဝေါ်သော အမည် ဖြစ်၏။



ဖွင်း
ကျွဲဆော်စေညီး
ဆောင်း မ မညီ

အမေက ...,

''ညာဏ်ထွန်းနဲ့ မပတ်သက်စေချင်လို့ ဒီမှာ လာပို့ထားတယ်ပဲ၊ သူ ...ထင်ထားတာပေါ့။ ရိုပ်မိချင်လည်း၊ ရိပ်မိမှာပေါ့။ မပြောတတ်ဘူး''

''ဦးဦးခင်ကို၊ ကျွန်တော် အမှန်အတိုင်း ပြောလိုက်မယ်''

''ပြဿနာတွေ တသီကြီးတက်မှာပေါ့''

''ပြဿနာက, တစ်ခုတည်းပါ။ အမေတို့၊ ဖုံးထားဖိထားတာတွေက၊ ပိုများနေတာ''

''သိလ။ နင် ...အိမ်မှာမနေချင်ရင်၊ ဆင်းသွား။ အိမ်တွင်းရေး ပြဿနာဖြစ်အောင် တော့၊ မလုပ်နဲ့''

ကျွန်တော့် အမေ့မျက်နှာကို၊ အံ့ဩစွာ ကြည့်မိသည်။ သူတို့ ...သူတို့ တစ်တွေ၊ ဘယ်လိုခံစားနေကြရသည် မသိ။

ကျွန်တော်က,တော့ ....,

ဆံချည်ထွေးကြီး တစ်ထွေးကို၊ မျိုချထားရသကဲ့သို့၊



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

ရင်ထဲတွင်၊ တစ်ဆို့ ရှိုရှာရချေ၏။

* * *

၅။

ကိုညာဏ်ထွန်းထံသို့၊ ကျွန်တော် တစ်ယောက်တည်း သွားသည်။ ဦးရှမ်းရေးထားသော စာကိုပါ၊ ပေးဖတ်လိုက်၏။

ပြီးနောက်၊ ကျွန်တော်က ...,

"အဲဒီ ဦးရှမ်းကို၊ ခင်ဗျား သတ်မလား။

ကျွန်တော် သတ်ရမလား"

ကိုညာဏ်ထွန်းက ...,

"မင်းက၊ ဘာဖြစ်လို့ သတ်ချင်တာလဲ"

"သူများသားသမီးကို၊ ဖျက်ဆီးလို့ပေါ့ဗျ"

"မင်း အဒေါ်ကို ဖျက်ဆီးလို့၊ သတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူးလား"

"ဒေါ်ဒေါ်ဌွေးက၊ ကျွန်တော့်အဒေါ် ဆိုပေမယ့်၊ နှစ်ဝမ်းလောက် ကွဲပါတယ်ဗျ၊

ဒေါ်ဒေါ်ဌွေးနေရာမှာ၊ တခြား ဘယ်မိန်းမ သားပဲဖြစ်ဖြစ်၊ ကျွန်တော် အတူတူ ခံစားရမှာပဲ ဗျ။

ဆွေမျိုးတော်တော်၊ မတော်တော်များ။ ပန်းကောင်း အညွှန့်ချိုးတဲ့လူ၊ ဘယ်သူ့ကိုမဆို၊ ကျွန်တော် သတ်ချင်တယ်၊ ခင်ဗျားကိုတောင် ကျွန်တော် သတ်ဖို့ လုပ်သေးတာပဲ"

ကျွန်တော် ဒေါသ,တကြီး ပြောမိသည်။

ကိုညာဏ်ထွန်းက ကျွန်တော့်ပခုံးကို ပုတ်ပြီး ...

"မင်းက၊ အဒေါ်ကို၊ အစော်ကား ခံရတာ။ ငါက ... ငါ့ချစ်သူကို၊ အစော်ကားခံရတာ၊ ဘယ်သူ ပိုပြီး၊ ဒေါသ, ဖြစ်သင့်သလဲ"

"ခင်ဗျား၊ ပိုဖြစ်သင့်တာပေါ့။ အဲ့ဒါကြောင့်၊ အဲဒီ ဦးရှမ်းဆိုတဲ့လူကို၊ ခင်ဗျား သတ်





မလားလို့၊ ကျွန်တော် မေးတာပေါ့။ ခင်ဗျား မသတ်ရင်၊ ကျွန်တော် သတ်မယ်"

"မင်း ..., တော်တော် ဦးနှောက်မရှိတဲ့ကောင်ပဲ" ...ဟု၊ ကျွန်တော့်ကို၊ ကိုညာဏ်ထွန်း ပြောဏ်။ ပြီးမှ ...

"မင်း ... ဘယ်နှစ်တန်းလဲ"

"ဆယ်တန်း"

"ဆယ်တန်း ဦးနှောက်က၊ ဒီလောက် ညံ့ရသလားကွ"

"ကျွန်တော်က၊ စာမတော်ဘူးဗျ"

"စာတော့်တော် မတော်တော်ပါကွာ။ မစင်နဲ့ ထမင်းနဲ့တော့၊ မင်း ... ကွဲကွဲပြားပြား သိနိုင်ပါတယ်"

"အဲဒါတော့၊ သိပါတယ်"

ကျွန်တော် ပြောပြီးနောက်၊ ကိုညာဏ်ထွန်းက ...,

"အေး။ မစင်နဲ့ ထမင်းနဲ့၊ ခွဲခြားတတ်တဲ့သူဟာ။ လူနဲ့တိရစ္ဆာန်ကိုလည်း။ ခွဲခြားတတ်ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကြီးမြိုး (ချွင်းချောင်းခြံ)

ကျွန်တော် နားမရှင်း၊

ကိုညာဏ်ထွန်း စကားဆက်၏။

"ငါက . . . , ချစ်သူလည်း ဆုံးရှုံးရသေး တယ်။ လူ့တိရစ္ဆာန်တစ်ယောက်ကိုလည်း၊ သတ်ပြီး၊ ထောင်ထဲဝင်ရဦးမယ်ဆိုရင်၊ ငါ့လောက် ဦးနှောက်မဲ့တဲ့သူ၊ ဒီကမ္ဘာမှ ရှိမှာမဟုတ်ဘူး။

မင်းလည်း ဒီအတိုင်းပဲ။ အခေါ်လည်း အနိုင်ကျင့်ခံရသေးတယ်။ အဲဒီ ခွေးတိရစ္ဆာန်ကြီး ကို သတ်ပြီးလည်း၊ ထောင်ထဲဝင်ရဦးမယ်ဆိုရင်၊ မင်းလောက် ညံ့ဖျင်းတဲ့သူ၊ ဒီကမ္ဘာမှာ မရှိတော့ ဘူး"

"ဒါဆို၊ အဲဒီ လူယုတ်ကြီးကို ခင်ဗျားရော . . . ၊ ကျွန်တော်ရော . . . လက်ပိုက်ကြည့်နေကြ မှာလား"

ကိုညာဏ်ထွန်း ရယ်လေ၏၊

ကျွန်တော် မရယ်မောနိုင်။

"မင်း အခေါ်က၊ အဲဒီ ကောင်ကြီးကို၊

နှမီး
ကျူးကျော်စည်း
ဆောင်း မ မညီ

သတ်ချင်တယ် ပြောလို့လား"

ကျွန်တော် မဖြေနိုင်။

"မင်းအမေက,ရော . . . အဲဒီ ဦးရှမ်းဆိုတဲ့ လူကို၊ ငါ့သား၊ သွားသတ်ပေးစမ်းပါ . . . လို့ ပြောသလား"

ကျွန်တော် ခေါင်းခါရ၏။

"မင်းဦးလေး၊ အင်ဂျင်နီယာကြီး။ ကိုခင် မြေ့က,ရော . . . ။ သူ့ဆရာကြီးကို၊ သတ်ချင်ပါ့ မလား"

"သူမသိဘူး"

"သိရင်ရော"

"သိလည်း၊ သတ်တဲ့အထိတော့၊ လုပ်ရဲမှာ မဟုတ်ဘူး"

"အေး။ အဲဒါ အဖြေပဲ ငါ့ညီ။ တိုက်ရိုက် ပတ်သက်, ဆက်နွယ်, ခံစား ရတဲ့ အဝန်းအဝိုင်း ထဲက လူတွေတောင်၊ သတ်ဖို့ မပြောနဲ့။

နည်းလမ်းကျကျ၊ ဥပဒေအရ အရေးယူဖို့





www.burmeseclassic.com

တောင်၊ သူတို့ တွေးလို့လား"

ကျွန်တော် ခေါင်းခါပြန်သည်။

"သူတို့တောင်၊ ထောက်ထားစရာတွေ ...,တွေးပြီး၊ မတုံ့ပြန်ရဲကြတာ။

မင်းနဲ့ငါ၊ လူမိုက်ဝင်လုပ်လိုက်ရင်။ ကျေးဇူးမတင်တဲ့အပြင်၊ သူတို့အရှက်ကို ဖြန့်ဖြန်းကြွဲအောင် လုပ်ပါတယ် ... လို့ပြောပြီး၊ ကျိန်ဆဲမှာ သေချာတယ် ဟေ့ကောင်"

ခါးကြားထဲ၊ ထိုးထားသည့် အချွန်အတက်ကို၊ အနီးရှိ ရေမြောင်းထဲသို့၊ ကျွန်တော် လွှင့်ပစ်လိုက်၏။

"အေး။ အဲဒါ အမှန်ဆုံး လုပ်ရပ်ပဲ"

ကျွန်တော်၊ ကိုဉာဏ်ထွန်းဘက်သို့၊ နားမလည်စွာလှည့်ရင်း ...

"ကျွန်တော့် လုပ်ရပ် မှန်တယ် ... ဟုတ်လား။ ကျွန်တော့်လက်နက်ကို၊ ကျွန်တော်၊ စိတ်ညစ်ပြီး လွှင့်ပစ်လိုက်တာ။ အဲဒါမှန်တယ် ... ဟုတ်လား"





"ဟုတ်တယ်။ အဲဒါ အမှန်ပဲ"

"မမှန်ဘူး ကိုဉာဏ်ထွန်း။ ဦးရှမ်းဆိုတဲ့ လူယုတ်ကြီးအကြောင်း ...၊ ဘယ်သူမှ မသိသေးသမျှ အဲဒါ ... မမှန်ဘူး"

"မောင်သိလ"

ကိုဉာဏ်ထွန်းက၊ သူ့နံဘေးတွင် ကျွန်တော့်ကို ထိုင်စေပြီး ....,

"မင်း အမှန်တရားကို သိပ်မြတ်နိုးနေတာလား"

"ဟုတ်တယ်"

"ဒါဆို၊ ငါ မေးတာ ... ဖြေ"

"ဖြေမယ်"

"အမှန်တရားဆိုတာ ... ဘာလဲ"

"အဲဒါကို၊ ကျွန်တော် မသိလို့။ မတရားတဲ့ ကိစ္စ ကြုံရင်၊ ဝါးစားချင်စိတ် ပေါက်ပေါက်သွားတာ"

"အေး။ မင်း ... အသက်အရွယ်နဲ့ ညီမျှ



www.burmeseclassic.com

မောင်ကျမျိုး (ချင်းချောင်းမြို့)

တဲ့ အမှန်တရားတစ်ခုကို၊ ဒါ . . . လက်ဆောင်ပေးလိုက်မယ်။ မင်း . . . ယူမလား"

"ကောင်းရင်၊ ယူမှာပေါ့"

ကိုညာဏ်ထွန်းက၊ ကောင်းကင်ယံသို့ ငေးမော်ကြည့်ပြီး

"မင်း . . . မြဲမြဲမှတ်ထား။ လောက. ကြီးမှာ၊ ကြာကြာနေချင်ရင်၊ အန္တရာယ်ကင်းကင်းနေချင်ရင်၊ ကိုယ့်အလုပ် ကိုယ်လုပ်။ ဒါပဲ"

ကျွန်တော် ဘဝင်မကျသေးသဖြင့်၊ မေးခွန်းထုတ်လိုက်မိသေး၏။

"ကိုယ့်အလုပ် ကိုယ်လုပ်တာတော့၊ ဟုတ်ပါပြီ။ မတရားမှုတွေ့ရင်၊ ဘာလုပ်ရမလဲ"

"မတရားမှုဆိုတာ၊ ဘာကို ပြောတာလဲ။ မင်း သိလို့လား"

ကျွန်တော် သေသေချာချာ မပြောတတ်။

"ခွေးက၊ လူကို ကိုက်တာ မတရားမှုလား။ လူက၊ ခွေးကို ရိုက်တာ မတရားမှုလား။ လူတစ်ယောက်ကို လူအများက၊ ဝိုင်းရိုက်



နှင်း
ကျွဲဆော်ဆည်း
ဆောင်း မ မည်

တာ၊ မတရားမှုလား။ လူအများကို လူတစ်ယောက်က၊ ဒုက္ခပေးတာ၊ မတရားမှုလား။

မေးခွန်းတွေက၊ ဆုံးမှာမဟုတ်ဘူး . . . သိလ။ အမှန်တရား . . . ဆိုတာကို၊ မင်း တကယ်သိချင်ရင်၊ ကိုယ့်ကိုယ်ကိုယ်ပဲ သိအောင်လုပ်ပါ။

ကိုယ့်ကိုယ်ကိုယ် သိအောင်မလုပ်ရသေးဘဲ၊ သူတစ်ပါးကိစ္စတွေပဲ၊ လိုက်သိနေရင်၊ မင်း . . . တကယ့်အမှန်တရားကို သိမှာမဟုတ်တော့ဘူး။

အဲဒါကြောင့် . . ၊ ဘယ်ဟာ . . . မတရားမှု၊ ဘယ်ဟာ . . . တရားမှု ဆိုတာကို၊ ခွဲခြားသိတတ်ဖို့ အတွက်။ မင်း . . . ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါ။

ကိုယ့်အလုပ် . . . ကိုယ်လုပ်ဆိုတာ၊ အဓိပ္ပာယ် အများကြီးပဲ . . . ညီလေး။

မင်းကိုယ်တိုင် တရားရဲ့လား။ မင်းကိုယ်တိုင်၊ မှုတ,ရဲ့လားဆိုတာ အသိ။ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကြည့်နေဖို့၊ ကြည့်တတ်ဖို့၊ ငါ ... သင်ပေးလိုက်တာ။ မင်း ... ကြိုက်ရဲ့လား''

''ကြိုက်တော့ ကြိုက်ပါတယ်။ သိပ်တော့ နားမလည်သေးဘူး''

''နားလည်အောင် ကြိုးစားပေါ့ကွာ။ သူ တစ်ပါးဆိုတာ၊ မင်း ခေါင်းထဲမှာ ရှိနေသမျှ မင်း ... ကိုယ့်အလုပ်ကိုယ် လုပ်ဖြစ်မှာမဟုတ်ဘူး။ ကိုယ့်အလုပ်ကိုယ် မလုပ်ဖြစ်ရင်။ အဲဒီလူဟာ၊ ကိုယ့်ကိုယ်ကိုယ် မသိတော့ဘူး၊

မင်းကိုယ်မင်း။ သိတဲ့အချိန်ကျရင်၊ မင်းနဲ့ ... ငါ၊ ပြန်တွေ့ကြတာပေါ့ကွာ။ အဲဒီအခါကျရင်၊ မင်းကို ငါက၊ ...

ကိုယ့်ကိုယ်ကိုယ် သိပြီလား ... လို့ မေးမယ်။ အဲဒါ ... ကိုယ့်အလုပ် ကိုယ်လုပ်ရဲ့လား ... လို့၊ မေးတာနဲ့ အတူတူပဲနော်။

ကိုယ့်အလုပ် ကိုယ်လုပ်တဲ့လူဟာ၊ ကိုယ့်ကိုယ်ကိုယ် သိမယ်။ ကိုယ့်ကိုယ်ကိုယ် သိတဲ့လူ





ဟာ၊ လောက,ကြီးကို၊ သိလိမ့်မယ်။

လောက,ကြီးကို၊ သိပြီဆိုတာနဲ့၊ မင်း ပြောတဲ့ အမှန်တရားဆိုတာကို သိပါလေရော ... ကွာ''

ကောင်းကင်မှ အကြည့်ခွာပြီး၊ ကိုညာဏ်ထွန်း ကျွန်တော့်ကို ပြုံးလျက်ကြည့်၏။ ကျွန်တော်က ...

''ပြန်တွေ့ကြတာပေါ့ ဆိုတော့။ ကိုညာဏ်ထွန်းက၊ ဘယ်သွားမလို့လဲ။ ခရီးသွားမလို့လား''

''အေး။ ခရီး ရက်ရှည်ဆိုပါတော့ကွာ။ နှစ်ပေါင်းများစွာ ကြာချင်လည်း၊ ကြာမှာပေါ့''

''ဘယ်ကို ... သွားမှာလဲ။ ဘာဖြစ်လို့ သွားမှာလဲ ကိုညာဏ်ထွန်း''

''မင်း နားလည်အောင် ပြောရရင်၊ ကိုယ့်ကိုယ်ကိုယ် သိလို့သွားတာပေါ့ကွာ''

''ကိုယ့်ကိုယ်ကိုယ်၊ ဘာသိတာလဲ''

''ငါ ... ရန်ကုန်မှာ ရှိနေရင်၊ ငါ့ရင်ထဲမှာ၊ မင်းထက်မက,တဲ့၊ ဒေါသ,တွေ၊ ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး၊ လူ့သတ်မိမှာစိုးလို့။

ထောင်စာရှိတဲ့ နေရာနဲ့ ဝေးဝေးကို သွားမှာပေါ့ကွာ။ သူတစ်ပါးဆိုတာ၊ ငါ့ ခေါင်းထဲမှာ မရှိရအောင်၊ ငါ . . . ကိုယ့်အလုပ်ကိုယ် သွားလုပ်မယ်ပဲ . . . ဆိုပါတော့။

ငါလည်း . . . ကိုယ့်အလုပ်ကိုယ်လုပ်မယ်။ မင်းလည်း . . . ကိုယ့်အလုပ် ကိုယ်လုပ်။ ဟုတ်ပြီလား''

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ညီရင်းအစ်ကိုတစ်ယောက်နှင့်၊ ခွဲခွာခါနီး၊ နှုတ်ဆက်စကား ပြောဆိုမှာကြားနေသကဲ့သို့၊ ခံစားရ၏။

နှလုံးသား . . . ဟူသည်ကား၊ ခံစားမှုများလွန်း၏။

* * *

# ၆။

အိမ်သို့ မည်သည့်ဆွေမျိုးလာလာ၊ အိမ်မှာ ကျွန်တော် မနေတတ်တော့။ လူလိမ်တွေ . . . , လူကြောက်တွေ . . . ဟု၊ တွေးမြင်နေမိသည်။ အမေက, ဆွေမျိုးရင်းချာတွေ မရှိတော့သဖြင့်၊ ဝမ်းကွဲမောင်နှမတွေ . . . အဒေါ်တွေ . . . ဦးလေး . . . ဦးကြီးတွေကိုသာ၊ ဆွေမျိုးလုပ်နေရရှာသည်။

အဖေက,တော့၊ ဆိပ်ကမ်း ကုန်တင်ကုန်ချဌာနတွင်၊ ယခင်က, ပခုံးထမ်းအလုပ်သမား။ ထို့နောက်, တစ်စတစ်စဖြင့်၊ အလုပ်သမားမှူး . . . ဟုခေါ်သော၊ ရာထူးငယ်ကို၊ ပိုင်ဆိုင်ခွင့်ရသည်။ သို့သော် ထိုရာထူးငယ်သည်၊ ကျွန်တော်တို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်ကို၊ ထည့်ဝါအောင်၊ ပြည့်စုံကုံလုံအောင် မဖွမ်းဆောင်နိုင်။ ထို့ကြောင့် အမေက၊ ဈေးထဲတွင်၊ ကုန်စုံဆိုင် တစ်ဆိုင်ဖွင့်၍ ထောက်ကူခဲ့ရသည်။

လုပ်ငန်းဌာနတွင်၊ အဖေ ရိုးသားသမျှ၊ ကျွန်တော်တို့ မိသားစုတွင် တော်တော်ရုန်းကန်ရချေသည်။ ဒါ ... ဝမ်းနည်းစရာတော့ မဟုတ်ပါ။ ဂုဏ်ယူတတ်မည်ဆိုလျှင်၊ ဂုဏ်ယူစရာ ဖြစ်၏။

ကျွန်တော်တို့မိသားစုအားလုံး၊ စားသောထမင်း၊ ဝတ်သော အဝတ်အစားများအားလုံးသည်၊ မည်သည့် အလုပ်ဌာန၏ အောက်ဆိုဒ်ဝင်ငွေမှ ရခြင်းမဟုတ်သကဲ့သို့၊ မည်သည့်ရာထူး ဌာနရွှေရ၏အရှိန်အဝါကြောင့်၊ လက်သိပ်ထိုး ခိုးယူ ပေးကမ်းခြင်း မှရသော အာဟာရများ မဟုတ်ချေ။

အမေ့၏ရိုးသားမှု ထမင်းနှင့် အမေ့၏ပင်ပန်းမှုဟင်း တို့ကို မျိုမကျ့စွာ ကျွန်တော်တို့ စားသောက်နေရလေသည်။ ဒါပေမဲ့ ... ထိုထမင်းလုပ်များကိုတော့၊ အလွန်တန်ဖိုးထားပါသည်။

ရိုးအေးသောအဖေသည်၊ အိမ်မှာ မည်သည့်ညည့်သည်





လာလာ မေးထူးခေါ်ပြောရုံမှအပ၊ စကားညှိထောက်မခံ။ မည်သည့်ခွေမျိုး၊ မည်သည့်ညည့်သည်၊ မည်သည့်အကြောင်း ကြောင့် အိမ်တွင် ရောက်နေသည်ကို၊ သူ ... မသိ။

အမေက,တော့ နည်းနာနိသျှည်းပေါင်းစုံဖြင့်၊ အဖေ့ကို တစ်ခွန်းစ နှစ်ခွန်းစ, အဆင်သင့်သလို ပြောပြအသိပေးချင် ပေးပေမည်၊ သို့သော် ... အလုံးစုံတော့ အဖေ မသိနိုင်။ မသိ သည့်အပြင်၊ အဖေက, ကျွန်တော်ကဲ့သို့၊ နေရာတကာ ဝင်ပါ တတ်သူ မဟုတ်။

※

''မင်း အဖေသိတော့ရော၊ ဘာထူးမှာလဲ။ မင်းအဒေါ်၊ ဒေါ်ဒေါ်ချွေးကို၊ အိမ်မှာ လာမနေစေနဲ့။ ပြဿနာရှုပ်တယ်။ ဘာဘာ ... ညာညာပြောဆို၊ မင်းအမေနဲ့ အချေအတင် စကား များ။ ဒါပဲ ရှိတယ်။ ဘာ ပိုကောင်းလာမှာမို့လဲ'' ... ဟု၊ ဘသော်ခိုးက၊ တွက်ဆ, ပြသည်။

''အိမ်တစ်အိမ်မှာ၊ ဘယ်သူက, ဘာကြောင့်ပဲ ဖုံးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်။ အိမ်ထောင်ဦးစီးအနေနဲ့ အိမ်ရဲ့ ပူဆွေး အားမှုကို သိသင့်တယ် ထင်လို့၊ အဖေ့ကို ငါက ... အသိပေးချင်တာပါ" ... ဟု ဘသော်စိုးကို၊ ကျွန်တော် ရင်မောစွာ ပြောလိုက်သည်။

"မင်းအဖေ မသိဘဲ ရှိပါ့မလားကွာ၊ မိန်းကလေးကိစ္စမို့ ဝင်မပါတာ၊ ဝင်မပြောတာနေမှာပေါ့။ လူကြီးသူမ, ဆိုတာ၊ နေရာတကာ ဝင်မပါဘူး။ သိပေမယ့် ... မသိချင်ယောင်ဆောင်ပေးရတာမျိုးတွေ ရှိတယ်။ ခုနက ..., ငါပြောသလို သိတော့ရော ... ဘာမှ ပိုကောင်းလာမှာမှ မဟုတ်ဘဲ၊ အမေဖြေရှင်းနေတဲ့ကိစ္စ၊ အဖေ သိစရာမလိုဘူး ... လို့ပဲ၊ မင်းသဘောထားလိုက်စမ်းပါ" ... ဟု ဘသော်စိုးက၊ ဟန့်တားသောလေဟန်ဖြင့်၊ ကျွန်တော့်ကို ပြော၏။

ကျွန်တော် စကားမတုံ့ပြန်ဖြစ်တော့ပေ။

ရပ်ကွက်ထဲက၊ အချို့သော မိသားစုများကဲ့သို့၊ အမေ ...., ပြုမူလေသည် ... ဟု စိတ်ထဲမှသာ ထင်မြင်မိလေ၏။ ရပ်ကွက်ထဲရှိ အချို့သော မိသားစုတို့တွင်၊ လင်ယောကျ်ားဖြစ်သူက, အပြင်အပ, တွင်၊ အစီးအပွားရှာ။ အိမ်တွင်ကျန်ရစ်ခဲ့သော ဇနီးမယားက၊ ကိစ္စတစ်ခုခုဖြင့်၊ ငွေကြေးပြဿနာဖြစ်သောအခါ၊





ဖုံးဖိထားတတ်သည်။ ကြွေးမြီကိစ္စ လည်ခိုက်လာတော့မှ၊ အသိပေးတတ်ကြသည်။ အမှတ်တမဲ့ကြည့်လျှင်၊ လင်ယောကျ်ား သိကြားလျှင် စိတ်,အနှောင့်အယှက် ဖြစ်မည်စိုးသောကြောင့်၊ အသိမပေးသလိုလို ဘာလိုလို။ အမှန်က, တော့၊ လင်ယောကျ်ား မသိအောင်၊ ဆောင်ရွက်နေကြခြင်းသာ ဖြစ်၏။ ဖုံးကွယ်ခြင်း သက်သက်သာ ဖြစ်၏။ လိမ်ညာခြင်း သက်သက်သာ ဖြစ်၏။ ဘာကြောင့် ဖုံးဖုံး, ဘာကြောင့် ကွယ်ကွယ်, ဘာကြောင့် လိမ်လိမ်။ လိမ်တာက, လိမ်တာပဲ ဖြစ်သည်။

တချို့ ပြောတတ်ဆိုတတ်ကြသေး၏။ လင်ယောကျ်ားကို၊ အကုန်မပြောရဘူး၊ လိမ်ရရှိတာ လိမ်ထားရတာပဲ ... ဟု၊ လူ မိန်းမကြီးများက၊ လူ မိန်းမငယ်များကို၊ သင်ပေးတတ်ကြပြန်သည်။ ထိုအစဉ်အလာ၊ ထိုအယူအဆ,များသည်၊ အခြားသော လူမှုရေး ... နိုင်ငံရေး ... ရပ်ရေးရွာရေးများထဲသို့၊ ရောက်ရှိစိမ့်ဝင်သွားလျှင်၊ အထက်အောက် မနွေးထွေးမှုတွေ ... ကင်းကွာမှုတွေ ... ကွာဟ,မှုတွေ ... ဖြစ်ပေါ်သွားပေမည် ... ဟု၊ ကျွန်တော် ကြီးကြီးကျယ်ကျယ် တွေးမောမိလေ၏။

ကျွန်တော်သာ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ပါက၊



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလှမျိုး (ချင်းရှောင်း(၃))

အိမ်တွင်း၌၊ အပ်ကျသံက, အစ, ကြားတတ်အောင်၊ မြင်တတ်အောင်၊ ပြင်ဆင်လေ့ကျက်ထားချင်၏။

※

"သားလသာ်။ ဒွေးဒွေး ကိစ္စ၊ နင့်အဖေကို
မပြောနဲ့နော်။ ကြားလား ... သား။
သူတို့ရပ်ကွက်ထဲ၊ လူသိသူသိဖြစ်မှာမို့၊
ဒီမှာ လာအကူအညီတောင်းတာ။
နေထိုင်မကောင်းလို့၊ တည်းခိုပြီး ...
ဆေးလာကုတယ် ... ပဲ၊ အမေ, ပြောထားတာ
နင့် အဖေကို။ နင် ... ဖအေကို၊ စိတ်ညစ်
အောင်၊ ကျန်တာတွေ၊ သွားမပြောနဲ့နော်"

မအော်မငေါက်၊ မဆူမဆဲဘဲ၊ အမေ ကျွန်တော့်ကို နှုတ်ပိတ်ခဲ့သေး၏။ ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။

ကျွန်တော့်အစ်မ, ယည်သုဇာနှင့် ကျွန်တော့်နမ အေးသူဇာတို့လည်း၊ အိမ်တွင်းအရေးကိစ္စကို၊ သိကြမြင်ကြပေလိမ့်မည်။ အဲမေ ... သူ့နည်းသူ့ဟန်ဖြင့်၊ နှုတ်ပိတ်ပေလိမ့်မည်။



နှမ်း ကျွဲတော်စေည်း ဆောင်း မ မည်

ကျွန်တော့်မှာ နှုတ်ဆိတ်နေရသော်လည်း၊ စိတ်ထဲတွင်၊ ကြိတ်မနိုင်ခဲမရ။ "လောက,ကြီးက၊ ဘာကြီးလဲ" ... ဟု၊ မျက်မှောင်ကြုတ်၊ မျက်ခုံးတွန့်လျက်၊ တွေးတော မေးမြန်းမိချေသည်။ နုလုံးသား ဒိုင်ယာရီထဲ၌၊ အမေးစာကြောင်းတွေ စိတန်းဖြစ်လေ၏။

※



www.burmeseclassic.com

www.burmeseclassic.com

မောင်ဂျူမျိုး (ချမ်းချောင်း(၆))

## လောက, ဖတ်စာ

ဘာမှန်းတောင်မသိသေးဘူး
လောကကြီးက
မျက်စိတစ်ဖက် မှိတ်ပြနေပြီ။

အသားထဲမှာ လောက်တက်နေသလို
လောက်ကောင်ရဲ့ အသားထဲမှာလည်း
နောက်ထပ်...
လောက်တက်နေပြန်ရင်...ဒုက္ခ။



နှင်း
ကျွဲကော်ဆည်း
ဆောင်း မ မည်

ကကြီး...လို့
အော်ဖတ်ဖို့ ပြင်ရုံရှိသေး။
က, ကြီးက၊ ပက်လက်လှန်ပြ
ငါ...ဘယ်လိုဖတ်ရမှာတဲ့လဲ။

ဝ,လုံးကို ကြည့်ရင်း...
သုညက အယောင်ဆောင်ထားသလား...လို့
သံသယ ဝင်တတ်ပြီ။
သုညက, ဝ,လုံးယောင်ဆောင်တာ
ကိစ္စမရှိ၊
မသိတသိ လူတွေက...
ဝ,လုံးရဲ့ ဝိုင်းဝိုင်းစက်စက် တန်ဖိုးကို
သုည...လို့ သတ်မှတ်လိုက်မှ
...ဒုက္ခ။

ဘယ်မှတောင် မသွားရသေးဘူး



www.burmeseclassic.com

www.burmeseclassic.com

မောင်ဂျမ်းမျိုး (ချင်းချောင်းမြဲ)

လောက,ကို ပြတင်းပေါက်ဖွင့်သိုက်တာ
နကွဲကို
ခလုတ်တိုက်မိပြီ . . .။

* * *

## ၇။

အမေ့မှာ ဆွေရင်းမျိုးရင်း မရှိ။ ဝမ်းကွဲတွေကိုသာ၊ ဆွေမျိုးလုပ်နေရသည်။ ကျွန်တော်က,တော့ မည်သူ့ကိုမျှ၊ ဆွေမျိုးတွေ . . . ဟု၊ မသတ်မှတ်ချင်တော့။ ဒေါ်ဒေါ်ငွေးကိုတော့ ငယ်စဉ်ကတည်းက, ခင်မင်ရင်းစွဲရှိဖူးသဖြင့်၊ ခပ်စိမ်းစိမ်း မနေဖြစ်။ ကျန်သူများကိုမူ၊ ကျွန်တော် ခပ်တန်းတန်းနေဖြစ်တော့သည်။

ထို့အပြင် အခြားခင်ရာမင်ကြောင်း ဆွေမျိုးနီးစပ်များ လာလျှင်လည်း။ ကျွန်တော် အကျွမ်းဝင်လိုစိတ် မဖြစ်တော့ချေ။ တွေ့သမျှ ဆွေမျိုးသားချင်းတိုင်းကို၊ လူလိမ်တွေ . . . ဟု၊ ရော


www.burmeseclassic.com

### အောင်ကြီးလှမျိုး (ချင်းချောင်းခြံ)

နော့ထင်မြင်ပစ်လိုက်၏၊ အိမ်မှာ ညည့်သည်လာပြီဆိုသည်နှင့်၊ ကျွန်တော် အပြင်ထွက်ဖို့ ခြေလှမ်းပြင်မိသည်။

အမေက ... ဆွေမျိုးများနှင့် မိတ်ဆက်ပေးလျှင်၊ ကျွန်တော် ဖက်လှဲတကင်းမပြု၊ အထူးသဖြင့်၊ ဒေါ်ဒေါ်ဌေး၏အစ်ကို၊ ကိုခင်ရွှေနှင့် အမေဖြစ်သူ ဘွားလေး ဒေါ်အေးဘုံတို့ လာလျှင်၊ ကျွန်တော် ... အိမ်မှာမကပ်တော့။ ဒေါ်ဒေါ်ဌေးကို အိမ်မှာ လာထားတာကိုက၊ ကျွန်တော့်အမေနှင့်၊ ကျွန်တော့်ကို၊ လာ လိမ်နေသည့်ပမာ၊ ခံစားရသည်။ ဤခံစားချက်ကို၊ ကျွန်တော် သေသေချာချာတော့ ဖွင့်မပြောတတ်။

အကျဉ်းချုံးပြောရမည်ဆိုလျှင်တော့၊ မကျေနပ်ဘူးပေါ့။

အမှန်ကို ပုံးကွယ်ပြီး၊ ရှုံရှာရေရာကို ရှုံရှာဖို့ မပြင်ဆင်ကြသော၊ အခြေအနေကို၊ မကျေနပ်ဘူး ... ဟူသော စကား တစ်လုံးတည်းဖြင့်သာ၊ ဖေဖန်ပိုင်းခြားနိုင်ပေမည်၊ အဘယ် ကြောင့်ဆိုသော် ဤအိမ်တွင်၊ ကျွန်တော်က ... လူကြီး မဟုတ်သေး။

※



### နှင်း ကျလေလေစည်း ဆောင်း မှ မည်

"လ,ပတ် စာမေးပွဲတောင် မအောင်ဘူး ဆိုတော့၊ စာမေးပွဲကြီးမှာအောင်ဖို့ မစဉ်းစားနဲ့ တော့။

အသုံးမကျတဲ့ ... ကောင်။ အေး ... ဒီနှစ် မအောင်ဘူးဆိုရင်တော့၊ ငါ့ အလုပ်ထဲ လိုက်ပြီး၊ ကုန်ထမ်းဖို့ စဉ်းစားထား"

ကျွန်တော့် ပညာရည်တိုးတက်မှု မှတ်တမ်းကို၊ သိရှိ ကြောင်း လက်မှတ်ထိုးပြီး၊ ပြောဆို ကြိမ်းမောင်းသည့်၊ အဖေ့ ဒုံးမ,စကားများ ဖြစ်ပေသည်။ ကျွန်တော် ဘာမှ ပြန်မပြောရဲပါ။

"သူများသားသမီးတွေများ၊ အောင်လိုက် ရင် ဂုဏ်တူးတွေနဲ့၊ ဒီအိမ်မှာတော့ ..., လူဖြစ် မယ့် ကောင်၊ တစ်ကောင်မှ မမြင်ဘူး"

ကျွန်တော်တို့အနီးတွင်၊ စာကျက်နေသော၊ နှမဖြစ်သူ အေးသူဇာအား၊ အမေက ....

"နင်လည်း၊ မအောင်လို့က, တော့၊ ဈေး ဗန်း ခေါင်းပေါ်ရွက်ဖို့ပြင်ထား။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး(ချင်းချောင်းခြံ)

ငါတို့ငယ်ငယ်တုန်းက၊ နင်တို့အရွယ်ဆို
ရင်။ မိဘထမင်းကို၊ အလကား မစားတော့ဘူး။
ယောက်ျားလေးဆို နွားကျောင်း။ မိန်း
ကလေးဆို။ ပဲကောက်, နှမ်းကောက်, ကောက်
ထတ်နေပြီ''

''ဒါဆို၊ သားတို့က၊ အခု ...နွား
ကျောင်း ပေးရမှာလား''

''ဟော့ကောင်။ မင်းက၊ မိဘကို ခွေးလိုပြန်မကိုက်နဲ့။ အိမ်မှာ မင်း ...ဘာအားကိုးရလဲ။ အိမ်မှာလည်း အားမကိုးရ၊ စာမေးပွဲက,လည်း ...ကျ။ မင်း ...ဘာအသုံးကျလဲ။ အလကား ...နွား'' ...ဟု၊ အဖေ ကျွန်တော့်ကို၊ ပက်ပက်စက်စက် ပြောလေသည်။

''သားသမီးမွေးထားတာ၊ အားကိုးချင်လို့ မွေးထားတာပါလား'' ...ဟု၊ ကျွန်တော် တွေးမိသည်။ ''ဒါဆို၊ ခက်မွေးထားကြပါလား'' ...ဟု၊ ပြန်ပြောမိချင်သည်။ သို့သော် ...,
ကျွန်တော် မပြောခဲ့။ မပြောရက်။

''ကျွန်မ, တူလေးက၊ တော်ပါတယ်။



မှန်း
ကျွဲထော်ထည်း
ဆေးခါး မ မည်

အပေါင်းအသင်းများလို့၊ ဂျစ်ကန်ကန် ဖြစ်နေ
တာပါ။ အတန်းတင်စာမေးပွဲရောက်တော့၊
အောင်မှာပေါ့''

ဒေါ်ဒေါ်ငွေး၏ ဝင်ရောက်ဖေးမ, စကား။

''တကျက်တာတောင် မိဘနိုင်းမှ ကျက်ရ
မှန်း သိတဲ့ကောင်တွေ။ ဘာအသုံးကျမှာလဲ။
ကြိုပ်တို့မှ ရှန်းတဲ့။ နွားတွေ ...နွားမ,တွေ''

မောင်နှမအားလုံးကို၊ ရည်ညွှန်းသည့်၊ အဖေ့၏ ဆိုဆုံးမ
...စကား။

ဘသော်စိုး၏အမေ၊ ဒေါ်တင်တင်နု၏ စကားတစ်ခွန်းကို၊ ကျွန်တော်, သတိရဖြစ်သည်။

''ဘသော်စိုးက၊ ဆယ်တန်းအောင်ရင်၊
မိုလ်သင်တန်းတက်ရမှာလေ။ သူ့ဘကြီးတစ်
ယောက်၊ တပ်ထဲမှာရှိတယ်။ အဲဒါကြောင့် မြန်
မြန်အောင် အောင် လုပ်နိုင်းနေရတယ်။

မောင်သိလား။ မင်းက,ရော ...ဘာလုပ်
ရမယ် ...လို့၊ မင်း မိဘတွေ၊ စီစဉ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သလဲ''

ကျွန်တော် ခေါင်းခါပြခဲ့ရလေသည်။

အတွေးလွင့်သွားစဉ်၊ အမေ့စကားသံကြောင့်၊ အတွေးစ, ရပ်သွားရလေ၏။

''အကြီးမ, ယဉ်သူဇာကိုကြည့်၊ ဆယ်တန်း သုံးခါကျတော့၊ အိမ်က, ကုန်စုံဆိုင်မှာ ထိုင်နေရပြီ။

နင်တို့နှစ်ယောက်လည်း၊ ရွေးမရောင်းချင်ရင်၊ စာမေးပွဲမကျစေနဲ့''

''ကျွန်တော် အောင်ရင်၊ ဘာလုပ်ရမလဲ ... အမေ''

ဒါကတော့၊ ကျွန်တော် ရဲရဲဝံ့ဝံ့မေးမြန်းလိုက်ခြင်း ဖြစ်သည်။

''ဟဲ့။ ကိုယ့်လမ်းကိုယ်လျှောက်ပေါ့။ အောင်ရင် နင်တို့ဖို့ပဲ''

''မဟုတ်ဘူး။ သား မေးတာက၊ အောင်ရင်၊ ဘာလုပ်ရမလဲ ... လို့ မေးတာ။ စစ်ဗိုလ်





လုပ်ရမလား။ အင်ဂျင်နီယာ လုပ်ရမလား။ ဆရာဝန်လုပ်ရမလား ... လို့ မေးတာ''

''ဟဲ့။ ငါတို့က၊ ကျောင်းနေခဲ့ရတာ မဟုတ်ဘူး။ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ပေါ့။

ပညာမတတ်ရင်၊ ငါတို့လို ထမ်းရမယ်။ ရွက်ရမယ်။ ဒါပဲ''

အဖေက ...,

''မင်းလား ... အင်ဂျင်နီယာဖြစ်မှာ။ မင်းလား ... စစ်ဗိုလ်ဖြစ်မှာ။ မင်းလား ... ဆရာဝန်ဖြစ်မှာ။

သောက်ပြောမကြီးနဲ့။

ဆယ်တန်းအောင်ရင်လည်း၊ ကိုယ့်အားကိုယ်ကိုးဖို့ စဉ်းစားထား။ မအောင်ရင်လည်း၊ ကိုယ့်လမ်းကိုယ်လျှောက်ဖို့ တွေးထား။ ငါတို့ ငယ်ငယ်တုန်းက, ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ကြရတာ။

မင်းအရွယ်ကတည်းက၊ မိဘ ထမင်း မစားတော့ဘူးကွ''



www.burmeseclassic.com

## မောင်ကျမျိုး (ချင်းချောင်းခြံ)

ဘဝတစ်သက်ပန် စားခဲ့ရသော ထမင်းလုပ်များ အားလုံး၊ ကျွန်တော့် လည်ချောင်းအထက်သို့ ပြန်လည် ဆန်တက်လာကြသည် ... ဟု၊ ထင်မြင် တစ်ဆို့စွာ ခံစားရလေသည်။

"ကဲပါ ... မမတို့၊ ကိုကျော်ရှိန်းတို့ရယ်။ ကျွန်မ့ တူတွေ တူမ တွေကား တော်ကြပါတယ်။ နည်းနည်းပါးပါးလည်း၊ အားပေးစကားလေး၊ ဘာလေး ပြောကြပါဦး"

"ဘာအားပေးစရာလိုလဲ။ လူတွေပဲ။ လူလို သိအောင် နေကြပေါ့။ ဘုရင်ဖြစ်မယ့်သူက ချောင်းထုံးလေးနဲ့ ... တဲ့၊ ငါက တော့ ချောင်းထုံး၊ တစ်ထုံးမျှ မမြင်ဘူး"

ပြောပြီး အဖေ အိမ်ခန်းထဲသို့ ဝင်သွားတော့၏။

"ဘုရင်ဖြစ်မယ့်သူက၊ ချောင်းထုံးလေးနဲ့ ... ဆိုတာ၊ ဘာကို ပြောတာလဲ ... ဒေါ်ဒေါ်ဌွေး" ... ဟု၊ ဒေါ်ဌွေးဌွေးထွေးကို ကျွန်တော် တီးတိုးမေးလိုက်သည်။

"ဪ ... ကြီးပွားတိုးတက်မယ့် သူက၊ ကြီးပွားတိုးတက်မယ့် ရုပ်လက္ခဏာ ပါပြီးသား ... လို့ ပြောတာ"



## နှင်း ကျွဲထောင်ဆည်း ဆောင်း မ မည်

... ဟု၊ ဒေါ်ဌွေးဌွေးထွေး ရှင်းပြသည်။

"ကျွန်တော့်မှာ၊ အဲဒီလက္ခဏာ ပါရဲ့လား"

"ပါပါတယ်၊ ငါ့တူရယ်။ မိဘကို စိတ်မဆိုးနဲ့။ မိဘက ... အောင်ခံချင်လို့ ပြောတာနေမှာပါ"

"ကောင်းတဲ့လက္ခဏာပါရင်တောင်၊ အဖေနဲ့အမေတို့ စကားလုံးဘွေကြောင့်၊ အဲဒီ အရိပ်လက္ခဏာတွေ၊ ပျောက်သွားနိုင်တယ်" ... ဟု၊ ကျွန်တော် မကြားတကြား ပြောဖြစ်သည်။

"ဟဲ့ အကောင်၊ နင် .... မိဘကို ဘာ ... ခွေးလိုကိုက်တာလဲ"

"သား ... ဘာပြောလို့လဲ"

"ဌွေးဌွေး၊ သူ ... ဘာပြောတာလဲ"

"ဘာမှ မဟုတ်ပါဘူး မမရဲ့။ သူ့အဖေ စကားကို၊ နားမလည်လို့၊ မေးတာပါ"

ကျွန်တော့်အစ်မ၊ ယဉ်သူဇာက ...၊ နှခွင်းမှုန့်ထုပ် ပေး၍ ထုပ်နေရာမှ ....၊

www.burmeseclassic.com

**မောင်လှမျိုး** (ချင်းချောင်းခြံ)

"အမေတို့ စကားပြောမတတ်ဘူး ... လို့
သူ ... ပြောတာ အမေ၊ ဘုရား ကြားတယ်"

"ဟုတ်ပါ့ ... ဟုတ်ပါ့၊ ကျုပ်တို့က
စကား မပြောတတ်ဘူး။ တော်တို့ပဲ ... လူ
ယဉ်ကျေးဖြစ်အောင် ကြိုးစားကြပါတော်"

အမေ့စကားကြောင့်၊ အားလုံး ရယ်မောကြသည်။ ဘုရားစူးရစေရဲ့၊ ကျွန်တော် မရယ်မမောဖြစ်ခဲ့။ မရယ်မောနိုင်ခဲ့။

* * *

၈။

ဒါ ...., မဖြစ်နိုင်ဘူး ... ဟု၊ ကျွန်တော် ယူဆ,ချင်ပါသည်။ ဒါပေမဲ့ ...., ကျွန်တော့် မြင်ကွင်းထဲတွင် သေသေချာချာ ဖြစ်နေပါသည်။ ဒါ ...., မဟုတ်ပါစေနဲ့ ... ဟု၊ ကျွန်တော် ဆုတောင်းချင်ပါသည်။ ဒါပေမဲ့ ...., ရှေ့တည့်တည့်တွင်၊ သေသေချာချာဖြစ်ပျက်နေပြီဖြစ်သော မြင်ကွင်းဆိုးကို၊ ပျက်ပြယ်သွားစေရန်၊ မည်သို့မျှ ဆုတောင်း၍ မရနိုင်တော့ပါ။

မည်သည့်တန်ခိုးရှင်ကမျှ ဤမြင်ကွင်းယုတ်ကို၊ ပျောက်စေ ... ဟု၊ လာရောက် ဖယ်ဖျောက်ပေးနိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်တော် က တော်တော်ဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာလုပ်လုပ် ခိုးဆိုးရှားရှား မြင်တွေ့ကြုံဆုံရမည့် အခြေအနေကိုသာ ရင်ဆိုင်ရတတ်သည် . . . ဟု၊ ကိုယ့်ကိုယ်ကိုယ် ထင်မြင်ယူဆမိလေ၏။

မနက်လင်းလျှင်၊ အမေနှင့်အစ်မ ယဉ်သူဇာတို့က၊ ကုန်စုံဆိုင်သို့ သွားကြရသည်။ ကျွန်တော်က, ဆိုင်အဖွင့်ကို၊ ကူညီသယ်ပိုးပေးရသည်၊ ပြီးသည်နှင့် အိမ်ပြန်ရေမိုးချိုး။ ထို့နောက် . . ., နေထိုင်ရာလမ်းထဲ၌ပင် ကျူရှင်တက်ရသည်။ အငယ်ဆုံးမ, အေးသူဇာက,လည်း၊ သူ့ကျူရှင်နှင့်သူ။ ကျူရှင်ပြီးသည်နှင့်၊ အိမ်မှာ ကျောင်းဝတ်စုံ ဝင်လဲပြီး၊ ကျောင်းသွားကြရသည်။ အိမ်တွင်၊ ဒေါ်ဒေါ်မြေးတစ်ယောက်သာ၊ အချက်အပြုတ်၊ အလျှော်အဖွပ်တွေ၊ တာဝန်ပိပြီး၊ ကျန်ရစ်နေကျ။ အဖေက, တော့၊ ကျွန်တော်တို့ ကျူရှင်ချိန်ဆိုလျှင်, အလုပ် . . . သို့၊ တန်းသွားနေကျ။ တစ်ခါတစ်ရံ အမေ့ကုန်စုံဆိုင်သို့ ခေတ္တ ဝင်တတ်သည်။

သည်နေ့ကျတော့၊ လ,ကုန်ပြီး (၅) ရက်သို့ ရောက်နေသည့်တိုင်၊ ကျွန်တော့်မှာ၊ ကျူရှင်လခ, မပေးနိုင်သေး၊ တစ်ရက်နှစ်ရက် နေမှ ပေးမည် . . . ဟု၊ အမေပြောသဖြင့်၊ ကျွန်တော်





စိတ်နည်းနည်း ငယ်သွားရသည်။ (ကျူရှင်ဆရာက (၁၀) ရက်လောက်ကျော်မှ အမည်နာမ, ပြောပြီး၊ လ,ခပေးရန်၊ သတိပေးလေ့ရှိသော်လည်း၊ ကျွန်တော့်မှာ၊ ထိုသို့အမည်ခေါ်ပြီး၊ သတိအပေးခံရမှာ၊ တော်တော်ကြောက်ပါသည်။ လ,ကုန် ကုန်ချင်း လ,ခ မပေးနိုင်သည်ကိုက၊ အားငယ်စရာ . . . ဟု၊ ခံစားရပါသည်။ ထို့ကြောင့် . . ., ထိုအားငယ်စိတ်ဖြင့်၊ ဒီမနက်တော့၊ ကျူရှင်မတက်တော့ဘူး . . . ဟု၊ ဆုံးဖြတ်ပြီး၊ အိပ် အပေါ်ထပ်သို့တက်ကာ အိပ်နေလိုက်မိသည်။)

"အရမ်း မနမ်းနဲ့လေ"

"အရမ်းချစ်လို့ အရမ်းနမ်းတာပေါ့"

ထို စကားသံနှစ်သံစလုံးကို၊ ကျွန်တော် ရင်းနှီးပါသည်။ ပထမတစ်သံက၊ ကျွန်တော့်အဒေါ်, အမေ့ညီမ နှစ်ဝမ်းကွဲ၊ ဒေါ်ဒေါ်မြေး၏ အသံဖြစ်ပြီး၊ ဒုတိယ စကားသံမှာ၊ ကျွန်တော့်အဖေ၊ အမေ့ ယောကျ်ား၏အသံဖြစ်ပါသည်။

လောကကြီး ခင်ဗျာ။

ဤနေ့ ဤရက် ဤမနက်သည်၊ ကျွန်တော့်အတွက် ကမ္ဘာပျက်သောနေ့၊ ကမ္ဘာပျက်သောရက်၊ ကမ္ဘာပျက်သော



www.burmeseclassic.com

www.burmeseclassic.com



မနက် ... ဟု၊ ပြောဆို သတိမှတ်မိခြင်းကို၊ လွန်လွန်းတယ် ... ဟု၊ မည်သူမျှ ကဲ့ရဲ့ရှုတ်ချကြလိမ့်မည် မဟုတ်ပါကြောင်း ကျွန်တော် မျှော်လင့်လိုပါသည်။

❊

"မင်းက ... ကျုံရှင်မတောက်ဘူးလား"

ကျွန်တော် အဖေ့ကို၊ ခေါင်းခါပြလိုက်ပါသည်။ ခေါင်းမော့၍လည်း မကြည့်ဖြစ်ပါ။ ကြောက်စိတ်ကြောင့် ခေါင်းငုံ့ထားခြင်း မဟုတ်သည်ကို၊ အဖေ သိနိုင်ပါလိမ့်မည်။

"အဖေက,ရော၊ အိမ်ကို ဘာပြန်လုပ်တာလဲ" ... ဟု၊ ကျွန်တော် မေးရဲသော်လည်း၊ မမေးဖြစ်တော့ပါ။ လှေကားအောက်တွင်၊ ညပ်နေသော ကျွန်တော့်ဖိနပ်ကို၊ လက်ဖြင့် ကောက်ယူပြီး၊ မြေတွင် ကျွန်တော် စီးလိုက်သည်။ တံမြက်စည်းလှည်းမလိုလို အမှိုက် ကောက်မလိုလို ဖြစ်နေသော၊ ဒေါ်ဒွေးဒွေးကို၊ ကျွန်တော် စိတ်မကောင်းစွာ ငေးကြည့်မိသည်။ သူ့မျက်လုံးတွေ ဝိုင်းစက်နေလေ၏။ ကျွန်တော် အိမ်အပေါ်ထပ်သို့ တက်





သွားခဲ့ဥက, သူ အိပ်ပျော်နေရှာသည်။

အိမ်အပြင်သို့၊ ကျွန်တော် ထွက်ခဲ့သည်။

မင်းက ... ဘာဖြစ်လို့ ကျုံရှင်မတောက်ရတာလဲ။ မင်း ...,က ဘယ်ကို ခြေရှည်ဦးမလို့လဲ၊ ... စသော အဟန့်အတားစကားများ၊ ဤမနက်တွင်၊ ကျွန်တော့် ဖခင်၏နှုတ်ဖျားမှ မကြားရတော့ပါ။

လောက,ကြီး ခင်ဗျာ။

တချို့က ကမ္ဘာကြီး ဖောက်ပြန်နေပြီ ... ဟု လည်းကောင်း၊ ကမ္ဘာကြီး ပျက်စီးနေပြီ, ယိုယွင်းနေပြီ ... ဟု လည်းကောင်း၊ အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေတတ်ကြသည်။ အကယ်၍ ထိုဖောက်ပြန်, ပျက်စီး, ယိုယွင်းမှုများ ကြီးမားစွာဖြစ်နေပြီဆိုလျှင်၊ ယင်းသို့ ဖောက်ပြန်ပျက်စီးယိုယွင်းခြင်းများအားလုံးသည်၊ ကမ္ဘာ့အလယ်ဗဟိုမှ၊ စ,တင်ဖောက်ပြန် ပျက်စီးယိုယွင်းခြင်း ဖြစ်လိမ့်မည် ... ဟု၊ ကျွန်တော် ကြေညာချင်ပါသည်။

ယင်းကမ္ဘာ့အလယ် ... ဗဟိုဆိုသည်မှာ ... ကျွန်တော့်ကို မွေးဖွား သန့်စင် ကြီးပြင်းစေရာဖြစ်သော၊ ကျွန်တော့်၏



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရာပင် ဖြစ်ပါသည်။ ကမ္ဘာလောက,၏ ဖောက်ပြန်မှုအားလုံး ...ပျက်စီးယိုယွင်းမှုအားလုံးကို၊ ကျွန်တော် ရှင်သန်ရပ်တည်ရာ ...အိမ်နေရာမှ စ,တင် ပြန့်ပွားသွားလေသည် ...ဟု၊ ရှုံးသွင်စွာ ယိုးစွပ်လိုက်ခြင်းကို၊ မည်သူ တန်ပြန်ကွက်လေမည်နည်း။

※

"ဟဲ့။ နင်က ဘာဖြစ်လို့ ကျူရှင်မတက်တာလဲ"

ခြေဦးတည့်ရာ လျှောက်သွားချင်သော်လည်း၊ ဉာဏ်အားနည်းသော၊ ကံအားမွဲသည့် ခံစားချက်ခြေလှမ်းများက၊ အမေ့ကုန်စုံဆိုင်သို့၊ ရောက်ရှိသွားရလေသည်။

"လခ,လေး လေးငါးခြောက်ရက် ဆိုင်းနိုင်းလိုက်တာနဲ့၊ နင်တို့က, ကျူရှင်မတက်ချင်တော့ဘူး။ တော်တော်ရှက်တတ်ကြတယ် ...နော်"



နှင်း
ကျွဲဆော်စည်း
ဆောင်း မ မညို

ဈေးထဲ, ဆိုင်ထဲတွင် အမေက, သူထင်ရာသူပြောရင်း၊ ချိန်လိုက်, တွယ်လိုက် ရောင်းချလိုက် လုပ်နေသည်။ ကျွန်တော် ...ဘာမျှမပြောဖြစ်တော့ချေ။

အဖေ ဆိုင်သို့ လိုက်လာသည်။ အဖေ့ကို မြင်သည်နှင့် ကျွန်တော် ထိုင်ရာမှ ထ,သည်။ "နင့်သားက၊ ဘာဖြစ်လို့ ကျူရှင် မတက်တာလဲ" ...ဟု၊ အမေ့ကို မေးသည်။ "ကျူရှင်လခ, မပေးနိုင်သေးလို့ မတက်တာနေမှာပေါ့" ...ဟု၊ အမေ ဖြေ၏။ "ငါ ...အလုပ်သမားကဒ် ကျန်ခဲ့လို့ အိမ်ပြန်ယူတာ" ...ဟု အဖေ စကားအဆက်အစပ်မဲ့စွာ ပြော၏။ "အိမ်ဝင်ခဲ့သေးလား။ ဒွေးဒွေး ဘာလုပ်နေလဲ" ...ဟု၊ အမေ မေးသည်။ "ချက်ပြုတ်နေမှာပေါ့" ...ဟု၊ အဖေ ဖြေ၏။ ကျွန်တော် အဖေ့ကို ကြည့်နေသည်ကို၊ အဖေ သိပါလျက်၊ အဖေ ...ကျွန်တော့်ကို မကြည့်။

* ※ *

www.burmeseclassic.com

www.burmeseclassic.com

# ၉။

''ငါ ... အိမ်မှာ မနေချင်တော့ဘူးကွာ''

''အိမ်မှာမနေချင်လို့၊ ဘယ်ဖြစ်မလဲကွ။ ဘာလဲ ...၊ မင်း ..., အိမ်ပြေးလုပ်မလို့လား''

ဘသော်စိုး၏အမေးကို၊ ကျွန်တော် မဖြေဘဲနေသည်။

''ငါတို့အိမ်မှာ လာနေမလား။ ငါ့အမေကို ငါ ပြောပေးမယ်လေ''

''မနေပါဘူးကွာ။ ငါ့ဘာသာ ညည်းညူမိတာပါ။ မင်းက, ပြောပေးလို့၊ မင်း အမေက, နေခိုင်းတယ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



နှင့်အိမ်နဲ့ ဘာဖြစ်လာလို့လဲ . . . လို့ မေးတယ် ဆိုပါတော့။ ငါ . . . ဘယ်လိုဖြေရမလဲ သူငယ်ချင်း။

အဖေက, ရိုက်လို့ အမေက, ဆူလို့ . . . ဆိုတဲ့၊ ပြီးစလွယ် လိမ်ပြောပြီး နေရမှာလား။ ဒါမှမဟုတ်, ငါ့အိမ်က မဟာအရှုပ်တော်ပုံကြီးကို အထုပ်ဖြည်သလို ဖြည်ပြ,ပြောပြပြီး နေရမှာလား"

"တခြားအကြောင်းပြမှာပေါ့ကွာ။ ဥပမာ . . . မင်းအိမ်မှာ၊ ဆွေမျိုးနီးစပ်တွေ အဝင်အထွက်များလို့ပါ . . . လို့ ပြောမှာပေါ့"

ကျွန်တော် ခေါင်းခါလိုက်ပြီး . . . ,

"ငါ့ကြောင့်၊ မင်း . . . ,မိဘကို လိမ်ပြောတဲ့ သားချိုး မဖြစ်စေချင်ဘူး ဘသော်စိုး"

"မလိမ်လို့မှ မဖြစ်ဘဲကွာ။ ဘယ်သူ့ကိုမှ မထိခိုက်ရင်၊ လိမ်လို့ရပါတယ်။

မင်း မိသားစုအကြောင်းကို၊ သူငယ်ချင်း





အချင်းချင်းမို့၊ မင်းက, ငါ့ကို၊ ရင်ဖွင့် ပြောပြတာပဲ။

ငါ့ပါးစပ် စည်းကမ်းရှိရမှာပေါ့။ ငါ့မိဘ, အပါအဝင်၊ ငါ . . . ဘယ်သူ့ကိုမှ မပြောဘူး သူငယ်ချင်း။ မိဘကို၊ မလိမ်သင့်ပေမယ့်၊ လိုအပ်ရင်၊ ငါ . . . လိမ်ရဲပါတယ်"

"မလိမ်ပါနဲ့ကွာ။ ဘယ်တော့မှ မလိမ်ပါနဲ့။ လိမ်တယ် . . . ဆိုတာ၊ ဘယ်မှာမှ, ဘယ်တော့မှ, မကောင်းဘူးကွ။

ငါ့ အဖေကို၊ ငါ့အမေ လိမ်ထားလို့၊ အခု . . . ငါ့အဖေက၊ ငါ့အမေကို . . . လိမ်စရာတစ်ခု, ညာစရာတစ်ခု . . . ဖုံးကွယ်စရာတစ်ခု။ ဖောက်ပြန်မှု တစ်ခုကို၊ ပြုမူနေပြီလေ။

အမေက, သာ၊ သူ့ညီမ ဒွေးဒွေးထွေး။ ဦးရှမ်းနဲ့ အနေအထိုင်အရှုပ်အထွေးဖြစ်ခဲ့တာပါ . . . လို့ အဖေ့ကို အသိပေးထားရင်၊ အဖေ . . . ဒေါ်ဒေါ်ဒွေးနဲ့၊ ရှုပ်ထွေးချင်စိတ် ဖြစ်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။

ငါ့အမေ လိမ်ထားလို့ အခု ..., ငါ့အဖေ ရဲ့ အလိမ်ကို ခံနေရပြီလေ။

အဖေ ... ဆိုရင်၊ တုန်နေအောင် ကြောက်ချင်တဲ့ ... ငါ။ အခု ... ရှုံ့နေအောင် ကြောက်တတ်သွားပြီ သူငယ်ချင်း။

အဲဒါ ..., အမေ လိမ်ထားလို့ပဲ ... လို့ အမေ့ကို အပြစ်တင်ပြီး ပြောပြ၊ အသိပေးချင်ပေမယ့်၊ အခုမ လိမ်လိမ် မလိမ်လိမ်, အဖေ ... ဘယ်လိုမိန်းမသားအပေါ် ဖြစ်ဖြစ်၊ စည်းကမ်း ရှိသင့်တာပေါ့ ..., လို့ တွေးမိပြီး အမေ့ကိုလည်း အပြစ်မပြောချင်တော့ဘူး။

ငါ့အဖေါ် ဒေါ်ဒေါ်ငွေးမျက်နှာကိုလည်း ငါ ... မကြည့်ချင်တော့ဘူး၊ လုပ်ရက်ကြတယ်၊ လုပ်ခဲ့ကြတယ် ... လို့၊ ငါ ... ဘယ်မှာ ဘယ် လိုပြောရမှန်း မသိလို့ ငါ ... အိမ်မှာ မနေချင် တော့တာပါ။





ရှိးသားပါတယ် ... ဆိုတဲ့ ... အဖေ။ ဘာဖြစ်သွားတာလဲဗျာ ... လို့ ငါ ... မေးချင် လိုက်တာ"

"မျိုသိပ်ထားလိုက်ပါတော့ သီလရယ်။ မင်း ... တစ်ခုခု ပြောလိုက်ဆိုလိုက်၊ လုပ်လိုက် ရင်၊ လက်ပစ်ဗုံးတစ်လုံးကို စနက်တံ ဆွဲဖြုတ် ပစ်လိုက်သလို ဖြစ်လိမ့်မယ်။ စနက်တံ ဆွဲဖြုတ် လိုက်တာနဲ့၊ တစ်စ,စီ ပေါက်ကွဲသွားမှာကွ"

"ဟုတ်တယ် ဘသော်စိုး။ မင်း ..., ပြောတာ အဲဒီလိုမျိုးပဲ။ ဒါပေမဲ့ ... ငါ ... ခံစားရတာက၊ အဲဒါထက် ဆိုးတယ်။

လက်ပစ်ဗုံး စနက်တံကို ဆွဲဖြုတ်ပြီး၊ လက်မ,နဲ့ ဖိထားရသလို၊ ငါ ... ခံစားရတာကွ။

အဲဒီ လက်မ,ကို လွှတ်လိုက်တာနဲ့ တစ် နေရာရာကို ပစ်ပေါက်ရတော့မယ်။ ပစ်ပေါက် ပြီးတာနဲ့ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားကြ ရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

မြင်သာအောင် ပြောရရင်၊ ကိုင်း့မိသားစု အရှက်ကို၊ ကိုယ်က, စ,ခွဲလိုက်သလို၊ ဖြစ်တော့ မယ်လေ။ ယိုသူမရှက် မြင်သူရှက်။

အခု ... မြင်သူ ဒုက္ခရောက်နေတာ သူ ငယ်ချင်း။ စနက်တံ ဖြုတ်ထားတဲ့ လက်ပစ်ဗုံး ကြီးကိုကိုင်ပြီး ငါ ... ဒုက္ခရောက်နေတာ''

''စနက်တံကို၊ ပြန်တပ်လိုက်ပေါ့ကွာ၊ ဒုက္ခတွေကို မျိုချလိုက်ပါ''

''အပြင်ဘက်မှာ ပေါက်ခွဲရမယ့် ဗုံးကို၊ ငါ့ရင်ထဲ ထည့်ပစ်လိုက်ရတာ၊ ငါ့ ကလီစာတွေ၊ မွမွကြေသွားပြီကွ ဘသော်စိုးရဲ့''

''ငါ ... စိတ်မကောင်းဘူး သိလား ငါ ...၊ မင်း ခံစားသလို ခံစားရတယ်။

ဒါပေမဲ့ ...၊ ငါ ပြောတတ်သလို ပြော ချင်တယ်ကွာ။ မင်းကို ... ဟိုတစ်လောက ကိုညာဏ်ထွန်းဆိုကဲ ... လူ၊ ပြောသွားသလိုမျိုး။ ကိုယ့်အလုပ် ကိုယ်လုပ်ပါလားကွာ။



နှင်း ကျွဲဆော်စည်း ဆောင်း မ မည်

စိတ်အနှောင့်အယှက်တွေကို၊ ထုတ်ပစ်ပြီး ...''

ဘသော်စိုးကို၊ ကျွန်တော် လက်ကာပြလိုက်ရင်း ...

''စာတစ်ပုဒ်ရဖို့တောင် မလွယ်ဘူးကွ။ နဂိုက၊ စာညံ့ရတဲ့အထဲ။ စိတ်က,ပါ ဖွက်ပေါက် နေပြီ။

ပြီးတော့ ...

ဆယ်တန်းအောင်ပြီးရင်၊ ဘာလုပ်ရမယ် ... ဆိုတဲ့၊ နီးစပ်တဲ့၊ အားကျစရာ။ ငါ့မှာ ဘာမှ မရှိဘူး။

ဒေါ်ဒေါ်ဖြွေးရဲ့ အစ်ကို ငါ့ဦးလေး ဦးဦးခင်၊ အင်ဂျင်နီယာဆိုလို့၊ သူ့ကို အားကျမလား တွေး မိတယ်။

ကိုယ့်နှမ,ကို၊ ကိုယ့်အလုပ်ရှင်ရဲ့ ခြေရာ တင်တာတောင်၊ မသိချင်ယောင်ဆောင်ထားရ တဲ့။ တော်တော်ညံ့တဲ့ အင်ဂျင်နီယာပဲ ... လို့၊ သတ်မှတ်ပစ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျမျိုး(ချင်းရှောင်း(၆))

လောက,ကြီးမှာ၊ ငါ ... အတုယူစရာ ဘာမှ မရှိတော့ဘူး။ ဘယ်သူ့ကိုကြည့်ကြည့်၊ ကြည့်မိတဲ့ အရာအားလုံးက ညစ်ပတ်တယ်''

''အဲဒီ ... အစွဲအလမ်းကြီးက၊ မကောင်း ဘူး သူငယ်ချင်း''

မကောင်းမြစ်ဘာ၊ ကောင်းရာညွှန်လတ်၊ အတာတ်သင် စေ၊ ပေးဝေနိုးရင်။ ထိပ်းပြောင်းခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ ...တဲ့။ ငါ့ မကောင်းတဲ့ အစွဲအလမ်းကြီးကို၊ ဘယ်သူတားမြစ်နိုင်မှာတဲ့လဲကွာ'' ...ဟု၊ အမြင့်ဆုံး ကောင်း ကင်သို့၊ မော့ကြည့်ပြီး၊ အဘိုးဆုံး ညည်းတွားလိုက်မိသည်။

* * *

၁၀။

''မင်း ..., ဘာကြည့်တာလဲ။ မင်းက ..., မိုက်လို့ လား။ မိုက်ရင်ထွက်ခဲ့ ... စသည်ဖြင့်သော အမေးစကားများစွာ တို့ဖြင့်၊ အကြောင်းမဲ့သော ရန်ပွဲများစွာကို၊ လမ်းမ,ပေါ်တွင်၊ ကျွန်တော် ဖန်တီးဖြစ်သည်။

ရပ်ကွက်လူခြေတိတ်, တစ်အိမ်လုံး မီးမှိတ်ချိန်ရောက်မှ၊ မလွယ်ပေါက် တစ်ပေါက်မှတစ်ဆင့်၊ ကျွန်တော့်အိမ်သို့ ဝင်ဖြစ် သည်။ ''မင်းက ...လူအိပ်ချိန် မပြန်ဘူးလား'' ...ဟု၊ အဖေနှင့် မျက်နှာချင်းဆိုင်ကြုံသော မနက်ခင်းများတွင် ကျွန် တော် အမေးခံရသည်။ ယခင်က, ထိုသို့အမေးခံလိုက်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ကိုယ်လုံး တုန်နေလောက်ပေပြီ။ ယခုမူ . . .,ဘာစကားမျှ မတုံ့ပြန် မပြေရှင်းဘဲ၊ ကြောသလိုသာ နေပစ်လိုက်၏။ ခန္ဓာကိုယ်၏ မည်သည့်နေရာမျှ မတုန်,မလှုပ်, မကြောက်,မရွံ့။

"နှင် . . .,အိမ်လေး ဘာလေးသည်း ကပ်ဦးနော် . . . သိလ။ နှင့်ကို အိမ်စောင့်နတ်က လက်မခံဘူးလား။ အားတိုင်း ယားတိုင်း လမ်းပေါ်မှာ အလေလိုက်မနေနဲ့" . . . ဟု၊ အမေက တစ်ပတ်ကို ခုနစ်ခါလောက် ပြောဆိုကြိမ်းမောင်းသည်။ ကျွန်တော် ဘာမျှ ပြန်မပြောဖြစ်။

※

"ဝို့တူ။ ဒေါ်ဒေါ်မြွေးကို ခွင့်လွှတ်ပါ"

အသံကြားသဖြင့် လှည့်အကြည့်တွင်၊ ဒေါ်မြွေးမြွေးထွေး (ခေါ်) ဒေါ်ဒေါ်မြွေးကို မျက်ရည်ဝဲလျက် တွေ့ရသည်။ ဒေါ်ဒေါ်မြွေးက, ကျွန်တော့်အနားတွင်၊ လာထိုင်သည်၊ ကျွန်တော် လှည့်မကြည့်ဖြစ်။

"ဒေါ်ဒေါ်မြွေး မှားပါတယ်။ ဒေါ်ဒေါ်မြွေးကို





ခွင့်လွှတ်ပါ။ စကားမပြောဘဲလည်း၊ မနေပါနဲ့။ ဒေါ်ဒေါ်မြွေး အနေအထိုင် ဆင်ခြင်ပါ့မယ်။ ဒေါ်ဒေါ်မြွေးကြောင့်၊ ဝို့တူ . . . ငရဲမယူပါနဲ့။ လိုအပ်ရင်၊ ဒေါ်ဒေါ်မြွေး . . .,ဒီအိမ်က ထွက်သွားပေးပါ့မယ်"

ပြောလျက် ငိုသည်။

အဒေါ် . . ဟုပင် သဘောမထား။ အစ်မအရင်းတစ်ယောက်ကဲ့သို့၊ ချစ်ခင်ရသူ . . . ဟု၊ ငိုနေသူကိုကြည့်ပြီး၊ ကျွန်တော် . . ., ဖြေမဆည်နိုင် ဖြစ်ရ၏။ ယောကျ်ားတစ်ယောက် . . . ဟု၊ ကိုယ့်ကိုယ်ကိုယ် သိပါလျက်၊ မျက်ရည်ကျမှာစိုးသဖြင့် ပုတ်ခတ်နေရသော မျက်လုံးများကို၊ ထိုးပေါက်ပစ်လိုက်ချင်ပေသည်။

တစ်ဆို့ . . . ဟူသော ဝေါဟာရ။ ဆို့နင့် . . . ဟူသော စကားအမျိုးအစားတွေက၊ "တုံးတိုက်တိုက် ကျားကိုက်ကိုက်" . . . ပြုမူကြမ်းတမ်းချင်သော၊ ကျွန်တော့်လို ကောင်မျိုး၏ ရင်ထဲသို့၊ ဘာကြောင့် ဝင်ရောက်လာရသလဲ။ မသဲကွဲသဖြင့် လက်မခံချင်။ လက်မခံချင်သဖြင့်၊ ဆို့နေ နင့်နေသော ရင်ခွင်တစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



လုံးကို၊ သံချွန် တစ်ခုခုဖြင့် ထိုးခွ ဖျက်ဆီးလိုက်ချင်၏။

''ဒေါ်ဒေါ်ငွေ။ မငိုပါနဲ့။ တောင်းလည်း မတောင်းပန်ပါနဲ့။ ပြီးတော့ ... စကားတီးတိုး ပြောပါ။ အောက်ထပ်မှာ အမေ အိပ်နေတယ်။ ကြားသွားရင် ဒေါ်ဒေါ်ငွေတို့ ပြဿနာတက်လိမ့်မယ်''

မျက်ရည်ဖယ်သုတ်သံက,ပင် ကျယ်လောင်လှသည် ... ဟု၊ ကျွန်တော် ထင်၏။ ထိုစဉ် ... အပေါ်ထပ်သို့ ဒုန်းပြေး တက်လာသော ခြေသံကို ကြားလိုက်ရသည်။

မျက်ရည်အပြည့်၊ ဝေဒနာတစ်မျှော့တစ်ပိုက်ဖြင့်၊ ခါး ထောက် လာရပ်သော၊ အမေ့၏ဟန်၊ အမေ့၏မာန်ကို၊ ကျွန် တော့်တစ်သက်တွင်၊ ဘယ်တော့မှ မေ့ပျောက်၍ရမည် မဟုတ် တော့။

''သီလ ... လို၊ ကောင်လေးတစ် ယောက်ကိုတောင်။ ငိုယိုပြီး ... နင်. တောင်းပန် နေရတယ် ဆိုတော့။ နင့်အပြစ် တော်တော်ကြီးမှ ရတယ်။ ဟုတ်လား ... ငွေငွေ''





''မမ''

အံပြစ်ကျူးလွန်သူသည်၊ အော်ဟစ်မြည်တမ်း၊ ရှုံမှုအပ၊ ဘာစကားမျှ ပြောခွင့်မရ။

''သားကိုတောင်၊ ဒီလောက် တောင်းပန် နေရတယ်ဆိုရင်၊ အမေဖြစ်တဲ့ ... ငါ့ကိုလည်း တော်တော် တောင်းပန်ရမယ် ထင်တယ်''

ဒေါ်ဒေါ်ငွေ။ ကျွန်တော့်ကို ဖက်လျက် ငိုလေသည်။

''ခွင့်လွှတ်ကြပါ။ ခွင့်လွှတ်ကြပါ''

မျက်နှာမဖော်ရဲစွာဖြင့်၊ ဒေါ်ဒေါ်ငွေ တောင်းပန်နေလေ ပြီ။

အမေက ...

''နင် ... ဆေးရုံတက်ရတဲ့ ကိစ္စကို။ ကလေးတွေ၊ အမှန်အတိုင်း မသိဘူး ... ငွေငွေ။

လူတွေ ... အမှန်အတိုင်း သိသွားမှာစိုးလို့၊ ဉာဏ်ထွန်းလိုလို၊ ဦးရှမ်းလိုလိုနဲ့၊ ငါ ... ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ... အဲဒီလို လုပ်ပေးခဲ့ပါလျက်နဲ့၊ နင်တို့က၊ ကလေးတွေ ရှေ့မှာပါ၊ မထိန်းသိမ်းကြတော့ဘူးလား ... ဒွေးဒွေး"

"အမေ့၊ ဟိုတစ်လောက ဆေးရုံတက်တဲ့ ကိစ္စ၊ အဲဒါ ... အမေ့ကိစ္စလား ... အမေ။ ဟင် ... အမေ"

"သိလ ...။ နင် ... ဝင်မပါနဲ့။ ဝင်မမေးနဲ့။ ငါ မေးတာပဲ နင်ဖြေ၊ နင် ... ဘာတွေ့သလဲ"

ကျွန်တော် မည်သူ့မျက်နှာကိုမှ မကြည့်ဘဲ ...

"ကျွန်တော် မပြောချင်ဘူး ... အမေ"

"အေး၊ အဲဒါကိုက ... အဖြေတစ်ခုပဲ ဆိုတာ ငါ ... သိတယ်"

ပြောပြီး၊ ဒေါ်ဒေါ်ဒွေး နံဘေးတွင်၊ အမေ ငင်ထိုင်လိုက်ရင်း ...

"ဒီမယ် ဒွေးဒွေး၊ ဦးရှုမ်း စော်ကားလိုက်တာကို၊ အရှေ့ မရိပ်မိအောင်၊ ငါ ... ကူညီခဲ့





တယ်။

ဆေးရုံမှာ အဖေနာမည် ... ဦးကျော်ရှိန်း ... လို့၊ ငါ့ယောက်ျားကိုယ်တိုင်က၊ ကူညီတာလိုလို ... ကာကွယ်တာလိုလို ဝင်ပြောခဲ့ကတည်းက၊ ငါ့ မိသားစုကို၊ ငါ ..., ထိန်းသိမ်းဖို့ ခက်တော့မယ်ဆိုတာ၊ ငါ သိတယ်။

ငါ့သားကိုတောင် ... ငါ။ သူ့အဖေ ဘာမှ မသိဘူး ဆိုတာမျိုး။ ငါ ... ဖုံးဖိထားခဲ့ရတယ် ... ဒွေးဒွေး။

တချို့ကိစ္စတွေမှာ၊ မိသားစုအတွင်းရေးတွေကို ဖုံးဖိထားရတာဟာ။ ခံစားရခက်ပေမယ့် ...,မိသားစု မပြိုကွဲအောင်၊ ထိန်းသိမ်းတဲ့, အကောင်းဆုံးနည်းပဲ ... လို့၊ ငါ ... ယူဆခဲ့တယ်။

ဒါပေမဲ့ ... နင်တို့၊ ငါ ထိန်းသိမ်းသလို မထိန်းသိမ်းကြဘူးပဲ။

အဲဒီတော့ ... ကလေးရှေ့မှာပဲ၊ ငါ ...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းကျမျိုး(ချင်းတောင်းခံ)

ပြောမယ်။ နင် ... လိုချင်ရင် ယူသွားပါ။ ဒါမှ မဟုတ်၊ နင် .. ကူညီချင်ရင် ...၊ တစ်ပတ် အတွင်း အကြောင်းတစ်ခုခုပြပြီး နင့်အိမ် နင် ... ပြန်ပါ၊ အမွှေတို့ ... ခေါ်လေးတို့ကိုတော့ ငါ ... မသိစေချင်ဘူး''

ကျွန်တော့်ဦးလေး ဦးခင်မွှေကို၊ ''အမွှေ'' ... ဟု အမေ ခေါ်ဝေါ်သည်။

ကျွန်တော် ထိုင်ရာမှ ထ,လိုက်သည်။

''သီလ''

လှေကားရင်းသို့ အရောက်တွင်၊ အမေ လှမ်းခေါ်၏။ ကျွန်တော် လှည့်မကြည့်ဘဲ၊ ခြေစုံရပ်လိုက်သည်။ အမေက ...

''အမေ့ကို၊ ဘယ်လိုစိတ်နဲ့မှ မငြိုငြင်ပါနဲ့၊ သူတစ်ပါးရဲ့ အမှားကြောင့်၊ ကိုယ် ... အ,ကုသိုလ် မဖြစ်စေနဲ့၊ ကြားလား''

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

အမှန်တကယ်က ...,

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားရခြင်းဖြစ်၏။



နှင်း
ကျဲတော်ဆည်း
ဆောင်း မ မည်

''နင် ... ကြားခဲ့၊ မြင်ခဲ့၊ သိခဲ့တာတွေ အကုန်လုံး။ နင်က၊ လွဲပြီး ... ဘယ်သူမှ မသိပါစေနဲ့။

မိသားစု မပြိုကွဲချင်ဘူးဆိုရင်၊ အမေ့ စကားကို နားထောင်''

''ဟုတ်.ကဲ့'' ... ဟု၊ ပြောပြီး ကျွန်တော် အောက်ထပ်သို့၊ ဆင်းခဲ့၏။ မျက်ရည်များစွာ စီးကျလာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၁။

ဒေါ်ငွေးငွေးထွေး (ခေါ်) ဒေါ်ဒေါ်ငွေး အိမ်ပြန်သွားသည်။ အဖေနှင့်အမေ တီးတိုးသဲ့သဲ့ ပြဿနာဖြစ်သည်။ သို့သော် ... လူသိထင်ရှား မပေါက်ကွဲကြ။ ဘယ်သူက, ဘယ်သူ့ကို အလျှော့ပေး ညှိနှိုင်းလိုက်သလဲ မသိ။ ကျွန်တော် ရင်တမမ။ မိဘနှစ်ပါး ပဋိပက္ခ မကြီးမားသဖြင့်၊ စိတ်ပြေရ၏။ သို့သော် ... ဘဝင်မကျ။

"အမေ။ မကြီးနဲ့ အငယ်မ,ရော ..."

"ညောင်ပင်လေးဈေး သွားကြတယ်။ ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို သား, မေးစရာရှိလို့"

"နင် ...၊ မဆိုင်တာတွေ မေးဦးမှာ မဟုတ်လား"

"ဒီမိသားစုကိစ္စက၊ သားနဲ့မဆိုင်ဘူး လား"

အမေ မဖြေ။

"သား၊ နားရှုပ်နေတာလေးကို၊ ရှင်းပြပေး ရင်၊ နောက်ထပ် ဘာမှမမေးတော့ဘူး ... အမေ"

"နင်က ... အရှုပ်တွေ နားစွင့်နေမှ တော့၊ နင့်နား ရှုပ်တော့မှာပေါ့ဟဲ့"

ကျွန်တော် လိုရင်းကိုသာ၊ တည့်တည့်မေးနိုင်အောင်၊ မနည်း ကြိုးပမ်းရ၏။

"ဖေါ်ဖေါ်မြေ့းက၊ ဦးရှမ်းနဲ့ဖြစ်တာလား၊ အဖေနဲ့ ဖြစ်တာလား။ အဲ ... ဆေးရုံတက်ရတဲ့ ကိစ္စက။ အဲဒါ ... ဘယ်သူ့ကိစ္စလဲ အမေ"

အမေက ... ကြော်လှော်နေရာ ဒယ်အိုး ရှုတ်ခမ်းကို၊





သံယောက်မ,ဖြင့် ခပ်ဆတ်ဆတ်ခေါက်ရင်း၊ ကျွန်တော့်ကို ကြည့် ၏။

"အမေ ... မပြောလို့ မဖြစ်ဘူး အမေ။ အမေ မပြောရင်၊ သား ... အဖေ့ကို မေးရ လိမ့်မယ်"

"နင့် ... မေးရဲရင် မေးကြည့်ပါလား။ နင့်ကို၊ ဟိုက ... သတ်မှာပေါ့"

"မီဘ သတ်ရင် သေရဲပါတယ် အမေ ရယ်။ အမေလည်း သားကို သတ်ချင်သတ်လိုက်။ သေတာကမှ ကောင်းသေးတယ်"

အမေက ... ကြော်နေသော ငါးများကို၊ ဟိုဘက်၊ ဒီဘက် လှည့်လိုက်၏။

"ဦးရှမ်း၊ ခြေတော်တင်လို့၊ ရှောင်တဲ့ အနေနဲ့ မြေ့းမြေ့း ဒီကိုရောက်လာတာ။ အဲဒါကို မသိဘဲ၊ နင့်အဖေက, ခြေဆေးလိုက်တာ။

ဘယ်သူ ဘယ်ဝါ့ကိစ္စဆိုတာတော့ ကာယ ကံရှင်တွေပဲ သိလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကျမျိုး
(ချင်းချောင်း၌)

ပတ်သက်မိပါတယ် ... ဆိုတာတော့၊
နင့်အဖေ၊ တစ်နေ့က,မှ ဝန်ခံတယ်။ ငါ့ကလည်း
... ဦးရှုမ်းနဲ့ပါ ပတ်သက်ဖူးတဲ့အကြောင်း,၊
တစ်နေ့က,မှ ပြောပြလိုက်တယ်။

ငွေးငွေးကိုတော့၊ အားနာတာပေါ့။ ဒါပေမဲ့
..., အားနာစရာ မကောင်းတဲ့ အခြေအနေမို့၊
ငါ ... ပြောပြလိုက်တာ''

''အဖေက ... လူရိုးဆို၊ အမေရဲ့''

''ဟဲ့။ လူရိုး မပြောနဲ့။ လူ့အရိုးတောင်
သိပ်မရှိတော့ဘူး။ သင်္ချိုင်းတွေမှာ၊ မီးသင်္ဂြိုဟ်
ပစ်ကြလို့။ ကုန်ပြီ''

ကျွန်တော် သက်ပြင်း မချတတ်,ချတတ်ဖြင့်၊ ပင့်ရှိုက်
လိုက်မိသည်၊ ပြီးမှ ...,

''သားက။ အခု ... လူ့လောကကြီးကို
စ,ပြီး စိတ်ဝင်တစား လေ့လာမလို့ပဲ ရှိသေး
တယ်။ ရှုံ့ဝရာတွေကို စ,တွေ့တယ် အမေရယ်။
နောက်တစ်ခု သား မေးချင်တယ်။ ဒီကိစ္စ



နှင်း
ကျွဲဆော်စေညီး
ဆောင်း မ မညီ

တွေ အားလုံးအတွက်၊ အမေ့ဖြေရှင်းမှု၊ အရေး
ယူမှုက၊ ဒေါ်ဒေါ်ငွေးကို အိမ်ပြန်နိုင်းလိုက်ရုံတစ်ခု
တည်းပဲလား။

အဖေ့ကို ... အမေ ဘာမှ အရေးမယူဘူး
လား''

အမေက, ပွက်ပွက်ဆူနေသော ဆီဒယ်အိုးထဲသို့၊
နောက်ထပ် ဆီတွေ ထပ်ထည့်လိုက်သည်။ ပွက်ပွက်ဆူသံ လျော့
ပါးသွား၏။

''ငါ ... ဟိုနေ့က, ပြောတာ၊ နင် မကြား
ဘူးလား။ မှတ်မထားဘူးလား။

မိသားစု အတွင်းရေးတွေကို၊ ဖုံးဖိထားရ
တာဟာ။ ခံစားရခက်ပေမယ့်၊ မိသားစု မပြိုကွဲ
အောင် ထိန်းသိမ်းတဲ့၊ အကောင်းဆုံးနည်းပဲ ...
ဆိုတာလေ။

ငါ ... နင်တို့လို ကျောင်းစာတော့ သိပ်
မတတ်ဘူး။ ဒါပေမဲ့ ... မိတကွဲ, ဖတကွဲဖြစ်ရင်၊
သားသမီးတွေ မျက်နှာငယ်တတ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

တော့၊ သိတယ်။

မျက်စိဒေါက်ထောက် ကြည့်နေတဲ့ ပတ်ဝန်းကျင်၊ ကဲ့ရဲ့မယ်။ အတင်းပြောမယ်ဆိုတာ သိတယ်။

အခုဆိုရင် ပတ်ဝန်းကျင်၊ ဘယ်လိုပဲ ထင်ထင်၊ ငါတို့မိသားစု မပြိုကွဲဘူး။ အဲဒါ . . . ငါ့အတွက် အရေးကြီးဆုံးပဲ"

"အမေက၊ ခွင့်လွှတ်လိုက်တယ်ပေါ့"

"သတ်တောင်ပစ်ချင်သေးတယ်။ နင်တို့မျက်နှာငယ်ကြမှာစိုးလို့၊ ငါ . . . စိတ်လျှော့ပေးလိုက်ရတာ။

သူ . . . နောက်မမှားတော့ပါဘူး . . . တဲ့။ နင့်ကိုပါ ပြောခိုင်းတယ်။ နင်လည်း . . . ဖအေကို ရှောင်ဖယ်ရှောင်ဖယ် လုပ်မနေနဲ့"

ကျွန်တော် စကားမတုံ့ပြန်။

"အခုကတည်းက၊ မှာထားမယ်။ လောက၊ ကြီးမှာ အကောင်းဆုံးက၊ တစ်သင်



နှမ်း
ကျွဲသော်စည်း
ဆောင်း မ မညို

တစ်မယား စနစ်ပဲ။

နောင်တစ်ချိန်၊ အိမ်ထောင်ရက်သားများ ကျခဲ့ရင်၊ ဘာကြောင့်မှ၊ အိမ်ထောင်မပျက်စေနဲ့။ တစ်ခါတည်း မှတ်ထား"

"တစ်ဖက်သားက၊ မကောင်းရင်ကော။ အဖေ့လို ဖောက်ပြန်ရင်ကော။ အမေ့လို ခွင့်လွှတ်ရမှာပေါ့။ ဟုတ်လား"

"ဟဲ့။ ခွင့်လွှတ်တာ မလွှတ်တာကို ပြောနေတာ မဟုတ်ဘူး။

ထိန်းသိမ်းမှုကို ပြောနေတာ။ မပြိုကွဲအောင် ထိန်းသိမ်းဖို့ပြောတာ"

"အမေ့ စိတ်ထားမျိုးကို၊ ဖောက်ပြန်ရေးသမားတွေ သိပ်ကြိုက်မှာပဲ" . . . ဟု၊ သောက်ရေအိုးမှ၊ ရေတစ်ခွက်ခပ်ရင်း ကျွန်တော် ပြောလိုက်သည်။ အမေက . . . ,

"နင့် အစ်မနဲ့၊ နင့် နှမ၊ ဘာမှမသိဘူး နော်။ နင့် ပါးစပ်ကို သေသေချာချာ ပိတ်ထား"

ရေသောက်ရင်း ခေါင်းညိတ်လိုက်ရသဖြင့်၊ ရေနှင့်သူ




www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

ရ၏။ ပြီးမှ . . . "အမေ့ဘဝကလည်း ဖုံးရ ဖိရတာ၊ တော်တော်များတာပဲ" . . . ဟု၊ ပြောပစ်လိုက်သည်။ "ဟဲ့ . . . အရှက်မကွဲချင်ရင်၊ ဖုံးရဖိရတာပဲ" . . . ဟု၊ ငါးကြော်တစ်ကောင်ကို ခဝယ်ယူရင်း၊ အမေ ပြော၏။ ဆီပုတချို့၊ အမေ့ကို စင်သွားသည်။

* * *



ဧ______________။

လူတစ်ယောက်ရဲ့ ချမ်းသာမှုဆိုတာ။
မြေကြီးပေါ်မှာ ရှိတာမဟုတ်ဘူး။
သူ့ ခန္ဓာကိုယ်ထဲမှာ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။

ဒသသမတန်းကို၊ နှစ်နှစ်ဆက်တိုက်ကျရှုံးပြီးသည့်နောက်တွင်၊ ကျွန်တော့်ဘဝ အနာဂတ်ပျောက်သွားသကဲ့သို့ ဖြစ်သွားရချေသည်။ ဘသော်စိုးက,တော့၊ သူ့မိဘတွေ စီစဉ်ပေးသည့်အတိုင်း၊ မလိုက်နာဖြစ်။ ဆယ်တန်းအောင်ပြီးပြီးချင်း။ တက္ကသိုလ်တက်သည်။ တက္ကသိုလ်ဒုတိယနှစ် တက်နေဆဲမှ၊ ပြည်ပ,နိုင်ငံတစ်ခုသို့ သွားရောက်ပြီး။ ဟိုမှာ ... ကျောင်းဆက်တက်သည် ... ဟု၊ ကျွန်တော် သတင်းကြား၏။ ဘာကျောင်းတက်တာလဲတော့၊ ကျွန်တော် မသိ။

တခြားသူငယ်ချင်းများ ဖြစ်ကြသော၊ တိုးဝင်း, ခိုင်ခန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဝမ်းတို့က,တော့၊ ကျွန်တော့်ကဲ့သို့ နှစ်နှစ်ဆက်တိုက်၊ ချန်ပီယံဘွဲ့ကို၊ ကိုင်ဆောင်ထားခဲ့ဖြစ်၏။ သူတို့ကိုကျတော့ ကျွန်တော် ... ဘသော်စိုးကဲ့သို့ ပြောဆိုရင်ဖွင့်လေ့ မရှိ။ ခင်မင်မှုတော့ အတူတူပင် ဖြစ်သည်။ သို့သော် ... ဘသော်စိုးကို ရင်ဖွင့်သလိုမျိုးတော့၊ မကျွမ်းဝင်, မရင်းနှီး၊

※

"နင်, ထပ်ဖြေဦးမှာလား" ... ဟု အမေ မေးသည်။ "မသိဘူး" ... ဟုသာ၊ ကျွန်တော် ပြောဖြစ်၏၊ "အသက် နှစ်ဆယ် ပြည့်ပြီနော်။ ကိုယ့်ထမင်း ကိုယ်ရှာစားတတ်အောင်၊ လုပ်တော့" ... ဟု၊ အမေပြော၏။ "အမေတို့ မကျွေးနိုင်တော့လို့လား" ... ဟု၊ ကျွန်တော် ပြန်မေးဖြစ်သည်။

အမေက ...,

"ဟဲ့။ စာလည်း ဟုတ်တိပတ်တိ မလိုက်နိုင်ဘဲနဲ့၊ အလုပ်လုပ်ရတော့မှာပေါ့"

"ဘာအလုပ်,လုပ်ရမှာလဲ။ အဖေ့အလုပ် ထဲမှာ ဝင်ထမ်းရမှာလား"





"ပညာမတတ်ရင်တော့ ထမ်းရမှာပေါ့။ ပညာမတတ်၊ သူ၏ ... ဝန်ထမ်း ... တဲ့"

"နောက်တစ်နှစ်ထပ်ဖြေဦးမယ်" ... ဟု၊ ကျွန်တော် ငြီးငွေ့စွာ ပြောလိုက်သည်။

"အလုပ်မလုပ်ချင်လို့ ပြန်ဖြေမယ် ပြောတာ၊ မဟုတ်လား"

ကျွန်တော် စကားမပြန်။

"ဖအေကို စကားမပြောတာ။ နင် ... နှစ်, နှစ်လောက် ရှိနေပြီနော်။ နင် ... ကံကြီးထိုက်မယ်"

"အမေတို့ လင်မယား အဆင်ပြေတယ် မဟုတ်လား" ... ဟု၊ ကျွန်တော် စကားနာထိုး၏။ ကျွန်တော့်ခေါင်းကို လှမ်းခေါက်သည်။ ကျွန်တော် ခေါင်းကို ပွတ်နေစဉ်၊ အမေက ...,

"နင့် သူငယ်ချင်း ဘသော်စိုးဆိုတဲ့ ကောင်လေး။ နိုင်ငံခြားမှာဆို"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

"အင်း …။ ဟုတ်တယ်"

"ဘယ်နိုင်ငံမှာလဲ"

"မသိဘူး။ လေယာဉ်ကွင်း၊ လိုက်ပို့တုန်း က,တောင် သားတို့ သူငယ်ချင်းတွေ၊ မလိုက် ဖြစ်ကြဘူး။ သူ့အိမ်က, လူတွေနဲ့ အတူတူ မလိုက်ချင်လို့ နေခဲ့ကြတာ"

"နင်တို့ အဆက်အသွယ် မရှိဘူးလား"

"အိမ်သွားမေးရင်တော့ ဆက်သွယ်လို့ ရမှာပေါ့။ ဒါပေမဲ့ … မသွားဖြစ်တော့တာ"

"ဘာဖြစ်လို့ … မသွားတော့တာလဲ။ ကိုယ့် သူငယ်ချင်းတစ်ယောက် နိုင်ငံခြားမှာ ရှိတယ်ဆိုတော့ …၊ အလုပ်အကိုင်လေး ဘာ လေး အခွင့်ပြေရင်၊ အကူအညီတောင်းလို့ ရ တာပေါ့ဟဲ့"

အမေနားလည်အောင်၊ ကျွန်တော် ရှင်းမပြတတ်။

ထို့ကြောင့် …,မြင်သာနားလည်မည်ထင်သည့် ကိစ္စ လေး တစ်ခုကို ကျွန်တော် ပြောပြဖြစ်သည်။



နှင်း
ကျွဲဆော်စည်း
ဆောင်း မ မည်

"ဆယ်တန်းတွေ ဖြေပြီးကြတုန်းက၊ ဘ သော်စိုးအိမ်ကို၊ သားတို့တစ်အုပ်စုလုံး သွား တယ်။

ဘသော်စိုး အိပ်ရာမနိုးသေးလို့ ထိုင်စောင့် နေကြတုန်း၊ တိုးဝင်းက, အဲဒီအိမ်မှာ အပေါ့သွား တယ်။

တစ်အောင့်ကြာတော့၊ ဘသော်စိုး အမေ က အိမ်သာဝင်မယ်လုပ်ရင်းနဲ့၊ ဟယ် … နံစော် နေတာပဲ … တဲ့။ အဆင့်အတန်းမရှိလိုက်ကြ တာ … တဲ့။

အဲဒီစကားကြားကြားချင်း၊ သား, ထ,ပြန် လာခဲ့တာ။ တိုးဝင်းကိုလည်း၊ အော်ပြောပစ်ခဲ့ တယ်။ နောက်ကို အပေါ့အပါးသွားရင်၊ မွှေးကြိုင် နေအောင် သွား … လို့။ အားလုံးကြားအောင် ပြောလိုက်တယ်။

သား, ထ,ပြန်လာတော့။ ကျန်တဲ့ကောင် တွေလည်း ပြန်လာကြရတာပေါ့။ သားတို့လည်း



www.burmeseclassic.com

www.burmeseclassic.com

## မောင်ဂျမ်းမျိုး (ချင်းချောင်း(၆))

သွားတယ် ဆိုတာ၊ ဘယ်သော်မှိုး မသိဘူး။ အခု အချိန်အထိကို မသိတာ။

တိုးဝင်း စည်းကမ်းမဲ့တာ အပြစ်ပဲ။ ဒါပေမဲ့ ....ပြောရက်, ပြောထွက်ကြတဲ့၊ ပါးစပ်တွေကို၊ သား ...မုန်းတယ်"

"ဟဲ့။ သူများအိမ်မှာ၊ စည်းကမ်းမသိဘဲ၊ သွားတာကိုး"

အမေက, သူ နားလည်သလို၊ ဝေဖန်ပြော၏။

ကျွန်တော် က,

"စည်းကမ်းသရှိရင်၊ စည်းကမ်းမရှိဘူး ဆိုပြီး၊ ဆူဆဲရိုက်နှက်ဆုံးမ,ရင်။ ငြင်းစရာ မရှိဘူး အမေ။

အဆင့်အတန်းမရှိဘူး ... ဆိုတဲ့ စကားကို၊ သား ...မကြိုက်တာ။ တစ်ဖက်သားကို နှိမ်တဲ့ စကားလုံး"

"ဆင်းရဲရင် နှိမ်မှာပဲ"

"ဆင်းရဲတာနဲ့ အဆင့်အတန်းမရှိတာနဲ့



## မှုန်း ကျွဲခေါင်ဆည်း

ဆောင်း မ မည်

တူမှ မတူတာ။ အဲဒါကြောင့်, ဘယ်သော်မှိုးအိမ်ကို ရော။ တခြားသူငယ်ချင်းတွေအိမ်ကိုရော။ သား မသွားတော့ဘူး။

တစ်ယောက်နဲ့တစ်ယောက် တွေ့ချင်ရင်၊ လမ်းမ,ပေါ်က,ပဲ လက်ဖျောက်တီးလိုက်တယ်"

"အဲဒါနဲ့ပဲ၊ အားလုံး လမ်းသရဲတွေ ဖြစ်ကုန်ကြတယ်ပေါ့" ...ဟု အမေ စကားခနဲ့၏။ ပြီးမှ ...

"နင် ..ပြန်ဖြေရင်။ အငယ်မ,နဲ့ ကျူရှင် အတူတက်ရမှာ"

"မတက်နိုင်ဘူး အမေ။ သား ..., လူငယ်ရေးရာ ညကျောင်းတက်မယ်"

"ဟဲ့။ မောင်နှမနှစ်ယောက် အတူတူ ကျူရှင်တက်တော့၊ နင့်နှမ အဖော်ရတာပေါ့"

"မတက်ချင်ပါဘူး အမေရယ်"

"နှမနဲ့ အတန်းတူတာတော့၊ ရှက်တက်သားပဲ"

အမေ ပြောမှ၊ ကျွန်တော် ရှက်ရကောင်းမှန်း သိရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မအောင်ရင်၊ နင် ... ဘာလုပ်မလဲ"

"မသိဘူး အမေရယ်။ အောင်အောင်တော့ ဖြေမှာပေါ့။ ဘယ်ကျောင်းသားမှ ... ဒါ ... ကျအောင် ဖြေဦးမယ်ဆိုတာ မရှိပါဘူး။

စိတ်ရှင်း ... ခေါင်းရှင်းလေး ဖြေခွင့်ရရင် အောင်ကြတာပါပဲ"

"အလိုတော် ...။ ကျုပ်တို့က၊ တော့်ကို စိတ်ချုပ်ခေါင်းရှုပ်အောင်၊ ဘာများလုပ်ထားမိလို့လဲ" ... ဟု၊ အမေမျက်လုံးပြူးသွာ မေး၏။ ကျွန်တော် အမေ့ကို ရယ်ပြနေရသည်။ တကယ်ရယ်ဝငယ် ... လို့ မထင်ပါနှင့်။

* * *

၁၃။

အမေနှင့်စကားပြောရတော့မည့် အခြေအနေကို ရင်ဆိုင်ရပေပြီ။ တိုးဝင်း၊ ခိုင်ခန့်၊ ဇော်ဝမ်းနှင့်ကျွန်တော်တို့၊ ရပ်ကွက်ရုံးသို့ နေ့ခင်း ကြောင်တောင်ကြီး ရောက်ရှိနေရသည်။ တိုင်တန်းသူက, ဟိုဘက်ရပ်ကွက်၊ သံတိုသံစ, ဝယ်သည့် ဆိုင်ပိုင်ရှင်၊ နာယနားဆိုသည့် ဘာဘူကုလားကြီး။ ရပ်ကွက်လူကြီးနှင့် သူက သိကျွမ်းပုံရသည်။

ထို့ကြောင့်၊ ရုံးဖွင့်ချိန်ကိုပင် မစောင့်ဘဲ၊ အိမ်တိုင်ရာရောက် သွားတိုင်လိုက်သည်ထင်၏။ ကျွန်တော်တို့ လေးယောက်စလုံးနှင့် မိဘများ၊ ရုံးခန်းအတွင်းသို့ ရောက်ရှိနေလေပြီ။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရက်ဖြစ်သဖြင့်၊ ကျွန်တော် အဖေနှင့် တည့်တည့်တိုး၏။

"ဘယ်လိုဖြစ်တာလဲ"

အဖေက၊ ကျွန်တော့်ကို တိုက်ရိုက်မမေး။ ထိုစဉ်းကို မေးသလိုလိုနှင့် မေးရင်း။ စားပွဲခုံ၏နေရာလွတ်တွင် ဝင်ထိုင်သည်။ အမေက အဖေ့နံဘေးတွင် ထိုင်၏။

ရပ်ကွက်လူကြီးက ...,

"ဒါ ... ကျွန်တော့်မိတ်ဆွေ ဦးနာယ နား"

"ဟုတ်ကဲ့" ...ဟု။ မိဘတွေ အားလုံး။ ပြိုင်တူပြော ကြ၏။

"နာမည်က,လည်း၊ နာ,ရေ ...မှ...
တဲ့။ နာ,လို့ပဲ။ မနာ,ရင်၊ ငါတို့၊ ရဲစခန်းရောက်ပြီ"

ဖော်ဝမ်းက တီးတိုးစကားဖြင့် နောက်ပြောင်နေသေးသည်။

ကျွန်တော်က ...,

"ဖော်ဝမ်း၊ နောက်မနေနဲ့။ အမှုက, သူ ...ချဲ့ရင် ချဲ့သလောက်၊ ကြီးသွားမှာနော်။





ငြိမ်ငြိမ်နေ"

ရပ်ကွက်လူကြီးက စကားဆက်သည်။

"ခင်ဗျားတို့ သားတွေကို၊ သူက ... ပြည်သူ့ပိုင်ပစ္စည်း လက်ညှိုးထိုးရောင်းချမှုနဲ့၊ တရားစွဲမလို့ ...တဲ့။ ကျွန်တော့်ကို တိုင်တယ်။

အဲဒါ ...။ ကျွန်တော်က, ကြီးတဲ့အမှု ငယ်စေ။ ငယ်တဲ့အမှု ပ,ပျောက်စေ ...ဆိုတဲ့ ရည်ရွယ်ချက်နဲ့။ ဟိုဟို ...ဒီဒီ၊ မရောက်ခင်။ ရပ်ကွက်ရုံးမှာပဲ ရှင်းပေးပါ့မယ် ...လို့ ပြောပြီး။ ခင်ဗျားတို့ကို၊ အကြောင်းကြားရတာပဲ။

ဦးနာယနားက၊ ချက်ချင်း အရေးမယူရင်။ ရဲစခန်းမှာ သွားတိုင်မယ် ...ဆိုလို့၊ ကျွန်တော် ချက်ချင်း ခေါ်ရတာပါ"

"လူကြီးဖြစ်ပြီး သဘောထားမကြီးဘူး" ...ဟု၊ နိုင်ခန့်က၊ ဦးနာယနားကိုကြည့်ပြီး။ လေသံသဲ့သဲ့ဖြင့် ပြော၏။

အဖေက ...

"ကျွန်တော့်သားရော။ သူ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျမျိုး (ချင်းချောင်းစု)

တွေရော . . . လှုငယ်သဘာဝ ဆိုးကြပါတယ်၊ ဒါပေမဲ့ . . . ပြည်သူပိုင်ပစ္စည်းကို၊ အလွဲသုံးစားလုပ်ရလောက်တဲ့အထိတော့ သူတို့ မဆိုးကြပါဘူး။ အဲဒါကိုတော့ . . . ကျွန်တော် အားလုံးရဲ့ကိုယ်စား အာမခံပါတယ်''

''သိလ'' . . . ဟု၊ ခိုင်ခန့် မေး၏။ တီးတိုးသံ။

''ဘာလဲ''

''မင်း, ပါပါကာ၊ စွပ်ပြီး အာမခံနေတယ်၊ တကယ်လက်ညှိုးထိုးခဲ့တာ၊ သူ့သား . . . ဆိုတာ၊ သိရင်။ သူ . . . ဒီလို အာမခံရဲမှာ မဟုတ်ဘူး''

ခိုင်ခန့်ကို၊ ကျွန်တော် တံတောင်နဲ့ တွက်လိုက်၏၊ ရပ်ကွက်လူကြီးက . . . အဖေ့ကို လက်ကာပြပြီး . . .

''ကဲ . . . ။ ဦးနာယနား၊ မိဘတွေကို၊ ခင်ဗျား ပြောချင်တာ ပြောပြလိုက်ပါဦး''

ဦးနာယနားက၊ ခေါင်းညိတ်သည်။ ပြီးနောက် . . . ကျွန်တော်တို့ဘက်သို့၊ ကြည့်ရင်း . . .

''ကျွန်တော်၊ ဒီရပ်ကွက်ကို၊ အမြဲလာနေ



နှင်း ကျဆေလ်စေည်း ဆောင်း မ မညို

ကျပါ။ ဒီက . . . ဥက္ကဋ္ဌနဲ့လည်း ကျွန်တော် . . . သူငယ်ချင်းပါ။

နေ့လယ်က . . . အလုပ်ကိစ္စတစ်ခုနဲ့၊ ဥက္ကဋ္ဌဆီအလာမှာ . . . ဒီကောင်လေးတွေ၊ ကျွန်တော့်ကို လှမ်းခေါ်ကြတယ်''

ကျွန်တော့်ရယ်ချင်စိတ်ကို၊ ကျွန်တော် ထိန်းထားနိုင်သော်လည်း၊ ဇော်ဝမ်းက မျက်နှာကို စားပွဲတွင်အပ်ပြီး၊ သူ့လက်မောင်းကို၊ သူ့သွားဖြင့်ကိုက်ရင်း၊ ရယ်နေလေ၏။ ရယ်ချင်စိတ် ထိန်းထားကြရခြင်း ဖြစ်သည်။

※

''အဲ့ဒါ . . . ၊ ဟိုဘက်ရပ်ကွက်က ဦးနာယနားမို့လား'' . . . ဟု၊ တိုးဝင်း မေးပြော ပြော၏။ ကျွန်တော် ခေါင်းညိတ်သည်။

''သံတို သံစ,တွေဝယ်တယ်။ သံကျွတ်တွေ ဝယ်တယ် . . . ဆိုတဲ့ ကုလားတွေက၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ သွင်းကြရတာ''

နိုင်ခန့်က, သူ့ သီသမျှ ပြောဆဲ။ ပြီးနောက် ဇော်ဝမ်းက …,

''ငါတို့ အစီအစဉ် အဲဒီဘာဘူကြီးနဲ့ပဲ လုပ်လိုက်ရင် မကောင်းဘူးလား''

''မကောင်းဘူး''

ကျွန်တော် ချက်ချင်းကန့်ကွက်ပြီး ချက်ချင်း ရှင်းပြသည်။

''တွန်းလှည်းလေးတွေနဲ့ ဝယ်တဲ့သူကို ခေါ်တာ ပိုကောင်းတယ်။ ပြဿနာဖြစ်ရင်တောင် ထွက်ပြေးရင် မမှတ်မိတော့ဘူး။

ဒီ ….နာယနာကြီးက၊ ဉက္ကဋ္ဌနဲ့ သိတယ်။ ရပ်ကွက်ထဲ လာနေကျ။ ငါတို့ကို မျက်မှန်းတန်းမိနေရင်၊ ဘယ်လိုမှ မလွတ်နိုင်ဘူး''

''မမှတ်မိနိုင်ပါဘူးကွာ''

''ဒါဆို မင်း ဦးဆောင်။ ငါတို့ နောက်လိုက်လုပ်မယ်။ ပြဿနာဖြစ်ရင်၊ မင်းဦးဆောင်ပြီး ရှင်း'' …ဟု၊ ကျွန်တော်





ပြောလိုက်၏။ ဇော်ဝမ်း ခေါင်းညိတ်သည်။

''မာမူကြီး''

ဇော်ဝမ်း စ,တင် ဆောင်ရွက်ပေပြီ။

''ဟေး …ဘာလဲ''

''အလုပ်ကိစ္စလေး ပြောချင်လို့''

''အေး …ပြော''

''မာမူ့ဆိုင်က. ရထားသံလမ်းအဟောင်း ဝယ်လား''

''အေး …။ ဝယ်ဒယ်''

''ကျွန်တော်တို့ ရောင်းချင်လို့''

ဦးနာယနာက၊ ဇော်ဝမ်းကိုရော၊ ကျွန်တော်တို့အားလုံးကိုပါ ဝေ့ခနဲ ကြည့်သည်။

''ရောင်းချင်ရင်၊ ဆိုင်းကို လာရောင်းလေ''

''ဆိုင်းကို လာမရောင်းဘူး မာမူကြီး။ ကျွန်တော်တို့က၊ ရထားသံလမ်း အဟောင်း ရောင်းမှာ''



www.burmeseclassic.com

www.burmeseclassic.com

## မောင်ကျယ်မျိုး (ချင်းရှောင်ခြ)

နိုင်ခန့်က ဝင်နောက်၏။ ဦးနောယနားက ...

"ကန်းကလေး။ မင်း ... နောက်တလား"

"မနောက်ပါဘူး။ ဆိုင်ကို ကျွန်တော်တို့ မသယ်နိုင်ဘူး ... လို့ပြောတာ။ မာရှူကြီးဘာသာ အလုပ်သမား ငှားပြီး လာသယ်စေချင်တယ် ... လို့ ပြောတာ"

"တံလမ်းက များအယ်လား"

"အား ... များတာပေ့ါ။ ကျွန်တော်တို့ မသယ်နိုင်လို့။ ပြီးတော့ ... သူစိမ်းကိုလည်း မရောင်းရဲဘူးလေ"

"ဘဲမှာလဲ။ နား ... လိုက်ကြည့်မယ်"

ကျွန်တော်၊ ဖော်ဝမ်းကို လှည့်ကြည့်စဉ်၊ ဖော်ဝမ်းက၊ ကျွန်တော့်ကို မေးငေါ့ပြပြီး ...

"အဲဒီကောင် လိုက်ပြလိမ့်မယ်။ သီလ။ မင်း, မင်း, လိုက်ပြလိုက်"

"မင်းတို့လည်း၊ လိုက်ခဲ့လေ"



ဒုမ်း
ကျွဆော်စည်း
ဆော်ဒီး မ မည်

"လူများရင်၊ မကောင်းဘူးလေကွာ"

နိုင်ခန့်နှင့် တိုးဝင်းတို့၏ သံပြိုင်စကား။

ကျွန်တော့်ကို ဝိုင်းပို့ကြပေပြီ။ "ဒါဆိုလည်း ပြီးရော ..." ဟု၊ ပြောပြီး၊ ဦးနာယနားကို၊ ကျွန်တော့် ရပ်ကွက်၏ အောက်ဘက်၊ ကမ်းနားလမ်းရှိရာသို့ ခေါ်ခဲ့၏။

※

"ကန်းကလေး။ ဘဲ နားမှာလဲ"

ကားလမ်းကူးနေစဉ်၊ ဦးနာယနားက မေး၏။

ကျွန်တော်က ...

"ကားလမ်းကူးပြီးရင်၊ ရောက်ပြီ"

ပြောပြီး။ ကျွန်တော့် ပြေးလမ်းကို ကျွန်တော် ရှာနေရသေး၏။ ကားလမ်းကူးပြီးသောအခါ၊ ကမ်းနားလမ်း၏နံဘေးတွင်၊ ကားလမ်းနှင့် အပြိုင် ဖောက်လုပ်ထားသော၊ ရထားလမ်းပေါ်သို့ရောက်၏။ ဟိုးယခင်က ... ရထားကုန်တွဲများ ရုံဖန်ရံခါ သွားလာလေ့ရှိသော ရထားလမ်း။



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်း၆)

"ကန်းကလေး။ ဘဲမှာလဲ"

ကျွန်တော် ရယ်ချင်စိတ်ကို ထိန်းသည်။ ပြီးနောက် ဘေးဘီကို ကြည့်သည်။ မြေသမ်းကို ရှာသည်။ ထို့နောက်၊ မျက်နှာကို၊ ကြိုးစားတည်လျက်၊

"ဒီ ... သံလမ်းတွေပဲ၊ မာ့မူကြီး။ ကျွန်တော်တို့ သူငယ်ချင်းတွေ၊ ပြိုင်တူမ,တာ မ,လို့မရဘူး။

မာမူကြီးဘာသာ၊ အလုပ်သမားငှားပြီး မ,သွားတော့။ ဆိုင်မှာ ... ညကျမှ ပိုက်ဆံ လာယူမယ်"

ဦးနာယနားက၊ ကျွန်တော့်ကို မျက်လုံးပြူး၍ကြည့်ရင်း ...

"မင်း ... တို့။ လူးကျီးကို၊ မရှိမသေ နောက်တယ်"

သူ့စကားမဆုံးခင်၊ ကျွန်တော် ကားလမ်းကို အပြေးကူးပြီး၊ ဇော်ဝမ်းတို့ စောင့်နေရာသို့၊ သွားဇာ်။ ရောက်လျှင်ရောက်ချင်း။ ထိုနေရာမှ၊ အားလုံး ခြေရာဖျောက်လိုက်ကြ၏။



## နှင်း
## ကျဲဆော်စည်း
## ဆောင်း မ မည်

ဦးနာယနား လိုက်မမီလောက်တော့သည့်နေရာရောက်မှ၊ သူငယ်ချင်းအားလုံး၊ တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောဖြစ်ကြသည်။

"မင်း ... မရယ်ချင်ဘူးလား ... သီလ"

ဇော်ဝမ်း မေး၏။

"မရယ်ချင်ဘဲနေမလားကွ။ ကားလမ်းကူးနေတုန်း ရှိသေးတယ်။ ရထားလမ်းကြီးကို မြင်နေကတည်းက၊ ငါ့မှာ ... ရယ်ချင်လွန်းလို့ အူလိတ်နေပြီ။ မနည်းအောင့်ထားရတာ"

ပြော၍မဆုံးမီ၊ ကျွန်တော် ရယ်မိပြန်၏။ အားလုံး ရယ်မောကြပြန်သည်။ ယင်းသို့ ရယ်မောနေစဉ်က၊ ကျွန်တော်တို့အားလုံးကို၊ ဦးနာယနား မှတ်မိလိမ့်မည် ... ဟု၊ လုံးဝ ... မတွေးမိခဲ့ချေ။

❋



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ခွင်းချောင်းခြံ)

"ဒါ ... နောက်တာ, ပြောင်တာ ဆိုပေမယ့်၊ တကယ် ပြဿနာကို၊ ကြီးစေချင်တဲ့သူ ဆိုရင်၊ ရထားလမ်း အရောင်းအဝယ်လုပ်ဖို့၊ ဆက်သွယ်ပါတယ်ဆိုတာနဲ့၊ ပြဿနာကို ရှင်းရေ တော့ဘူးနော်"

ဉက္ကဋ္ဌက၊ ဩဝါဒ ခြွေနေခြင်း ဖြစ်သည်။

"ဦးနာယနားက,လည်း။ သူ့ကို နောက် မှန်းသိတယ်။ လူကြီးကို မလေးမစား နောက်တော မျိုး မဖြစ်စေချင်လို့ သူ ... ချက်ချင်း အရေးယူ ပေးဖို့၊ ကျွန်တော့်ကို တောင်းဆိုတာ"

မိဘများအားလုံး၊ ခေါင်းညိတ်နားထောင်နေကြရသည်။

"အဲဒီတော့၊ လူငယ်တွေက၊ လူကြီးကို သေသေချာချာတောင်းပန်လိုက်။ ဦးနာယနားက, လည်း၊ လူကြီးတစ်ယောက်အနေနဲ့၊ လူငယ်တွေ ကို ခွင့်လွှတ်လိုက်ပေါ့"

ကျွန်တော် တစ်ယောက်စီ မတ်တတ်ရပ်၍၊ တောင်းပန် စကားဆိုကြသည်။ ဦးနာယနားက ခေါင်းတညိတ်ညိတ်ဖြင့်၊ ခွင့်လွှတ်ရှာ၏။

နှင်း
ကျဲသော်စည်း
ဆောင်း မ မည်

"သူလည်း။ ဝယ်မယ် ... ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မင်း နောက်ကို လိုက်လာတာ။ အဲဒါ ... ကြံရာပါပဲ။ သူကျတော့ ..., ဘယ်သူ့ကို တောင်းပန်မှာလဲ"

ခိုင်ခန့်က တီးတိုးမေးပြန်သည်။ ကျွန်တော်က, ခိုင်ခန့်ကို တံတောင်နှင့် တွက်လိုက်ပြီး ...

"သူက ဉက္ကဋ္ဌနဲ့သိတယ်ကွ။ ငါတို့က သူ့ကိုပြန်ပြီး၊ အပြစ်ထောက်နေရင်း ဇာတ်လမ်းက ကြာနေဦးမယ်။ တော်ကော့ မပြောနဲ့တော့။ ပြောလည်း ... ဉက္ကဋ္ဌက၊ အရေးယူမှာ မဟုတ်ဘူး။ ဒါ ... နောက်တဲ့ပြောင်တဲ့ကိစ္စပဲဟာ"

အဖေ့ကို၊ ကျွန်တော် လှည့်ကြည့်မိသည်။ အဖေက ... မိဘအားလုံးနှင့် စကားပြောနေ၏။ အမေ ကျွန်တော့်ကို လက်ညှိုးထောင်ပြသည်။ ကျွန်တော် ရယ်နေမိ၏။

❋





www.burmeseclassic.com

www.burmeseclassic.com



"မင်း ... အိပ်စောစောပြန်" ... ဟု၊ အဖေပြောသည်။ ကျွန်တော် ခေါင်းညိတ်လိုက်သည်။ နှစ်နှစ်ကျော်မျှ ကာလ,အတွင်း။ အဖေ့စကားကို ယခုမှ၊ ကျွန်တော် အနီးကပ်ကြားရခြင်းဖြစ်၏၊ ယခုမှ မျက်နှာချင်းဆိုင်ဖြစ်ခြင်း ဖြစ်၏၊ နင့်ခနဲ ဖြစ်သွားသည့်၊ ရင်တွင်းကို၊ မည်သူမျှ မရိပ်မိအောင်၊ နေရသည်။

* * *

၁၄။

S.E ကားတစ်စီး ထိုးစိုက်သည်။

ခြေထောက်ကြော့ကြော့လေးတစ်စုံကို၊ ကျွန်တော်တို့ အားလုံး မြင်တွေ့ကြရ၏။

"အဲဒါ ...၊ မသဉ္ဇာညွန့် မဟုတ်လား"

နိုင်ခန့်က၊ ကျွန်တော့်ကို တံတောင်ဖြင့် တို့လျက် မေး၏။ ခြေလှမ်းကြော့တို့၏ ပိုင်ရှင်ထံမှ အကြည့်မလွှဲဘဲ၊ ကျွန်တော် ... ခေါင်းညိတ်လိုက်သည်။ "ပိန်သွားတယ်နော်" ... ဟု၊ ဇော်ဝမ်း ပြော၏။

နိုင်ခန့်က ...,



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း၊ ဆယ်တန်းမအောင်သေး

ဘူး"

"အင်း ...။ ငါ သိတယ်" ...ဟု၊ ကျွန်တော် အပြောတွင်၊ တိုးဝင်းက ...,

"ဘယ်လိုလုပ် အောင်မှာလဲ။ ဒီလောက် ရည်းစားများနေတာ"

"ရည်းစားများတာ မဟုတ်ပါဘူးကွာ။ လူကြိုက်များ တာပါ" ...ဟု၊ ကျွန်တော်၊ ဝင်ရောက် ကာကွယ်မိလေသည်။

"မင်းနဲ့ ဘာဆိုင်လို့ ဝင်ကာတာလဲ"

"ဆိုင်ဆိုင်, မဆိုင်ဆိုင်။ သူတစ်ပါး မကောင်းသတင်းကို ယောကျ်ားတစ်ယောက်က၊ မပြောသင့်ဘူး"

တိုးဝင်းက, "ဟုတ်လို့ပြောတာပဲ" ...ဟု၊ စကား ထောက်၏။

ကျွန်တော်က ...,

"ဟုတ်ဟုတ်, မဟုတ်ဟုတ်။ အတင်း ပြောတယ်ဆိုတာ၊ မိန်းမကောင်း, ယောကျ်ား





ကောင်းတွေရဲ့ စရိုက်မဟုတ်ဘူး။

ပြောဖြစ်ရင်တောင်၊ တစ်ဖက်သားရဲ့ ကောင်းတဲ့ လက္ခဏာလေးတွေပဲ ပြောသင့်တယ်။ မင်း ...ယောကျ်ားပဲ။

မိန်းမ,တစ်ယောက်ရဲ့၊ နောက်ကျောကို ကြည့်ပြီး၊ အဲဒီ့ မိန်းမ, မကောင်းကြောင်း ပြော တာ၊ ယောကျ်ားကောင်းစရိုက် မဟုတ်ဘူး"

တိုးဝင်းရော၊ ခိုင်ခန့်နှင့်ဇော်ဝမ်းရော၊ အားလုံး ကျွန် တော့်ကို ပြုံးစိစိဖြင့် ကြည့်ကြ၏။ သတိထားမိသော်လည်း၊ ကျွန်တော် စကားဆက်ပြောနေမိသည်။

"အဲဒီ ...မသဉ္ဇာညွှန်းက၊ ရည်းစားများ လို့ စာမေးပွဲကျတယ်ပဲထားပါ။ မင်းတို့ ...,ငါတို့ ကျတာက,ရော ...။ ဘာကြောင့် ကျတာလဲ။

ကျတဲ့ လူအချင်းချင်းတောင်၊ ငါကျတာ နှစ်,နှစ်တည်း။ သူ ...ကျတာ လေးနှစ်တောင် ...လို့ပြောပြီး၊ မင်း ...ဂုဏ်ယူချင်လို့လား"

တိုးဝင်းက ...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရှမျိုး (ချင်းချောင်းခြံ)

"တော်ပါတော့ ကိုသီလ,ရယ်။ ကျွန်တော် နောက်မပြောတော့ပါဘူး၊

နောက် တစ်ခါများ၊ မသဓ္ဓာညွန့်အကြောင်း ငါ ... ပြောမိရင်၊ မင်း ... ငါ့ကို ဓားနဲ့များ ထိုးဦးမလား မသိဘူး"

"မပြောတော့ရင်၊ ပြီးရော"

မသဓ္ဓာညွန့် ဝင်ရောက်သွားရာ၊ ကျောင်းဆောင်ဘက်သို့၊ ကျွန်တော် လှမ်းကြည့်ရင်း၊ ပြောလိုက်သည်။ ခိုင်ခန့်က ... ကျွန်တော် လှမ်းကြည့်ရာဘက်သို့၊ တမင်, ငေးကြည့်ပြီး ...

"မင်း ... မသဓ္ဓာကြီးကို၊ ကြိုက်နေတာ မဟုတ်လား"

"ကြိုက်တယ်လည်း မဟုတ်ပါဘူးကွာ။ ချောလို့ လှလို့ သတိထားမိတာပါ။

ငါ ... ရှုပ်တန်းတုန်းက၊ သူ ... ဆယ်တန်း။ ငါတို့ ... ဆယ်တန်းရောက်တော့၊ သူ ... ကျောင်းမှာ မရှိတော့ဘူး။ သွားရင်း,လာရင်း တော့၊ တွေ့တာပေါ့။



BURMESE CLASSIC .com

၂၅၆း ကျဲဆောင်စေညီး ဆောဇီး မ မညီ

ဆယ်တန်းမအောင်သေးဘူးဆိုတာ၊ အခု မှ ... သိတာ"

"မင်းကို၊ သူ ... သိလား"

"မျက်မှန်းတန်းမိရုံပဲ သိလိမ့်မယ်။ ငါတို့က ... သူ့ထက် နှစ်နှစ်လောက်ငယ်တာကိုး။ ငွယ်တူတွေကို သိသလိုတော့၊ သူ ... သိမှာ မဟုတ်ဘူး။

ငါ ... ရှစ်တန်းမှာတွင်၊ သူက ... ရည်းစားနှစ်ယောက်လောက် ရှိနေပြီ။ အခု ... ဆို ပိုရှိချင်ရှိနေမလားပဲ။

ရယ်တာ ပြုံးတာ ဣန္ဒြေရှိပါတယ်။ ရုပ်ချောတော့၊ ကြိုက်တဲ့သူတွေ အုံနေတာပေါ့။ ငါ့လို အဆင့်အတန်းနဲ့၊ သူ့ဘေးနားကို အစ်မ ... ဘာညိုင်းဦးမလဲပဲ သွားမေးလို့ရမှာပါ။ ကျန်တာတော့ မဖြစ်နိုင်ဘူး"

"မင်း စကားက,လည်း၊ ယောက်ျားသီကွာ ကျလိုက်တာ။ ဆင်းရဲရင်ပဲ၊ ဘယ်မိန်းမ,



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

မှ မရတော့မယ့်အဝိုင်း။ မင်း ... စကားက, ဆင်းရဲသားတွေကို၊ စော်ကားတဲ့စကားပျိုး''

''မစော်ကားပါဘူးကွာ။ ကိုယ့်ကိုယ်ကိုယ်း သုံးသပ်တာပါ။

ဆင်းရဲရင်၊ စိတ်က,ပါ၊ အားငယ်တယ် ကွ။ အဲဒါကို ... မင်းကို့ သိမှာမဟုတ်ဘူး''

''ယောက်ျားဆိုတာ၊ အားမငယ်ရဘူးကွ'' ... ဟု၊ ပြောပြီး၊ နိုင်ခန့်က, ကျွန်တော့်ပခုံးကို ပုတ်လေ၏၊ ပြီးမှ ...

''အခုလောလောဆယ်၊ ဘူ့မှာ ရည်းစားရှိ ပုံ မရဘူး။ အိမ်က, ကားနဲ့လိုက်ပို့ လိုက်ကြို ပုံမှန်ပြန်တာ၊ ငါ သတိထားမိတယ်။

ရည်းစားရှိရင်၊ နည်းနည်းပါးပါး စောလာ တာတို့၊ ကိုယ့်အစီအစဉ်နဲ့ကိုယ့်ဘာသာ အိမ်ပြန် တာတို့၊ လုပ်ရမှာလေ။ အဲဒီလိုမျိုး မရှိဘူး။

အနားမှာ ... သွားပြီး၊ အိနေတဲ့ကောင် တွေတော့၊ ရှိတာပေါ့။ ဂုဏ်ခံတွေ ပကာသနတွေ တိုက်တွေ,ကားတွေ ကြားမှာ ...၊ မင်းက,



နှင်း ကျွဲဆော်သည်း ဆောင်း မ မည်

ဘာမှမရှိဘဲနဲ့၊ မသဥ္စာညွန်းအနားကို သွားနိုင် တယ်ဆိုရင်။ အဲဒါ ... မင်းရဲ့အရည်အချင်းပဲ။

ဘာလက်နက်မှ မပါဘဲ၊ နိုင်အောင် တိုက် နိုင်မှ၊ တကယ့်သူရဲကောင်းကွ''

''မင်း ... ငါ့ကို မြှောက်ပေးနေတာလား နိုင်ခန့်''

''ဟုတ်တယ်'' ... ဟု၊ နိုင်ခန့် ပြော၏။ ''မသဥ္စာညွန်း က၊ ဘာဘူကြီး ... ဦးနာယနားတို့ရပ်ကွက်က,နော်'' ... ဟု၊ ကျွန်တော် နိုင်ခန့်ကို ပြော၏။ နိုင်ခန့်က ...., ''အေးလေ။ အဲဒါ ... ဘာဖြစ်လဲ'' ... ဟု၊ ပြန်မေးသည်။ ကျွန်တော်က ....,

''ရထားသံလမ်းအမှုက၊ ရပ်ကွက် ရုံးမှာ တွင် ပြီးသွားတာ။

ဒီ ... အမှုက၊ ရပ်ကွက်အဆင့်နဲ့ မပြီး လောက်ဘူးနော်။ ညကျောင်းလည်း အထုတ်ခံရ မယ်။ သိပ်,အပြေအနေ မဟုတ်ရင်။ ရဲစခန်းလည်း ရောက်နိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖော်ဝမ်းက ...

"အဲဒီလို အန္တရာယ်တွေကြားမှာ၊ ဘာ
ပြဿနာမှ မတက်အောင်၊ မင်း ... ဆောင်ရွက်
နိုင်ပြီဆိုရင်။

မင်း ... ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေး
မှူးတောင် ဖြစ်သွားနိုင်တယ်နော်"

တိုးဝင်းက ...,

"ပါးလည်း အရိုက်မခံရဘူး၊ ကျောင်း
လည်း အထုတ်မခံရဘူး။ ရဲစခန်းလည်း မရောက်
ဘူး။ မသဍ္ဍာညွှန်းက, စကားလည်း လက်ခံပြော
တယ်ဆိုရင်၊ သီလ ...,

မင်း ... ဆိုဗီယက်နဲ့ အမေရိကန် ကြား
ထဲကို၊ ယပ်တောင်လေးခတ်ပြီး ဝင်သွားလို့ ရပြီ။
ထိပ်သီး ညီလာခံမှာ၊ မင်း ... အေးအေး
ဆေးဆေး ရေခဲချောင်းသွားရောင်းလို့ ရပြီ"

"ပြဿနာ တက်ရင်ကော" ... ဟု၊ ကျွန်တော်
လေသံမာဖြင့် ပြန်မေးလိုက်၏။ "သုံးခါပြောက် စာမေးပွဲကို



မဖြေကြတော့ဘူးပေါ့ကွာ" ... ဟု၊ ဖော်ဝမ်း ပြော၏။ "ဘာ
ပြဿနာမှ မတက်နိုင်ပါဘူး" ... ဟု၊ ခိုင်ခန့် ပြောသည်။

"ငါက ... ညစ်နေတာ။ ဘာမဆို လုပ်ရဲတယ်" ...
ဟု၊ ကျွန်တော် ကြွားဝါသံဖြင့် ပြောလိုက်သည်။ "မင်းက
... ဘာညစ်တာလဲ" ... ဟု၊ တိုးဝင်းမေးသည်။ မလေးနက်
ဟန်ဖြင့်၊ ကျွန်တော်က ...,

"ဩော် ... ဆင်းရဲသား တစ်ယောက်ကို၊ ဘာညစ်တာ
လဲ ... လို့ မင်းမို့ မေးရက်တယ်" ... ဟု၊ ကျွန်တော် ဝေ့လည်
ကြောင်ပတ် ပြန်ပြောလိုက်၏။

ထိုစဉ် ... အချစ်လိုလို ဘာလိုလို တစ်ခု၊ ကျွန်တော့်
ရင်ထဲသို့ ဝင်ရောက်လာသည်။ ဥယျာဉ်မမည်သော မြေညံ့မျိုး၌
လည်း၊ ပန်းရိုင်းတချို့ ပွင့်တတ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။

"မသဉ္ဇာ"

မျက်ခုံးလေးပင့်ကာ၊ ကျွန်တော့်ကို၊ အသိအမှတ်ပြုဟန်။

"ကျွန်တော့်ကိုသိလား"

"သိတယ်။ နာမည်တော့ မသိဘူး"

"သီလ။ ကျွန်တော့်နာမည် သီလ"

"နာမည်က,သာ သီလ။ တွေ့လိုက်ရင်း လမ်းမ,မှာ ရန်ဖြစ်နေတာပဲ။ နာမည်နဲ့လူနဲ့ မလိုက်ဘူး"

"နာမည်နဲ့ လူ။ လိုက်ဖက်အောင်၊ ဥပုသ်



www.burmeseclassic.com

စောင့်ရမလို ဖြစ်နေပြီ''

သူ ... ရယ်၏။ ရယ်နေသည်ကို၊ တစ်ချက်မျှ ခိုးကြည့်ပြီး ...

''နည်းနည်း ပိန်သွားတယ်နော်''

''ဟုတ်တယ်။ ကျန်းမာရေး မကောင်းတာ၊ သုံးနှစ်လောက် ရှိပြီ။ အစာအိမ်ရောဂါ ဖြစ်နေတာ။

နှစ်,နှစ်လုံး စာမေးပွဲ မဖြေဖြစ်ဘူး။ မနှစ်က,လည်း မဖြေနိုင်ဘူး။ တစ်နှစ်က,လည်း ဆေးရုံမှာ အချိန်ပြည့်နီးပါးပဲ။ ဒီနှစ်မှ၊ ည, ကျောင်း လာတက်တာ''

''ကျူရှင်ရော၊ မတက်ဘူးလား'' ... ဟု၊ ကျွန်တော် မေးသည်။

''နှစ်ဘာသာလောက်တော့၊ ယူမယ်။ ကျန်တာကတော့ ကိုယ့်ဘာသာပဲ ကျက်တော့မယ်''

''မသိပါဘူး၊ ကျွန်တော်က ... မသဉ္ဇာ





ရည်းစားတွေ အများကြီးနဲ့၊ အသည်းနှလုံးတွေ အလုပ်ရှုပ်ပြီး၊ စာမေးပွဲကျတယ် ထင်လို့။ စိတ် မကောင်း ဖြစ်နေတာ''

မသဉ္ဇာညွန့်က၊ မျက်စုံးလေး တွန့်ကာ,

''ပေါက်ပေါက်ရှာရှာ။ ရည်းစား မများပါဘူး။ ကျောင်းက, လက်ရွေးစင်ဘောလုံးသမားသိန်းထွန်းနဲ့ ခဏကြိုက်လိုက်သေးတယ်။

အခု ... ပြတ်သွားပြီ။ ဘယ်ရည်းစားမှ မရှိတော့ဘူး။ ထားလည်း မထားဘူး''

''ဪ ...။ မင်းပေါင်းတစ်ရာ ... မသဉ္ဇာညွန့်ဆိုတဲ့ မင်းသမီးလေးဘေးမှာ ခ,စားနေကြတယ် ... လို့၊ ကျွန်တော် ထင်တာ''

''မဟုတ်ပါဘူး။ ခင်ခင်မင်မင်နေတာပါ။ ထိကပါးရိကပါးတွေတော့ ရှိတာပေါ့။

စာမေးပွဲ မအောင်လို့ စိတ်ညစ်[illegible]ဘာ။ ကျန်တာတွေ ... ဘာမှ စိတ်မဝင်စားချင်ဘူး''

''စာမေးပွဲအောင်ရင်။ ဘာလုပ်ဖို့ စိတ်ကူး

www.burmeseclassic.com



ထားလဲ''

''ဆေးတက္ကသိုလ် တက်ချင်တယ်။ ကိုယ်တိုင် ကျန်းမာရေး မကောင်းတော့မှ စိတ်ကူးမိတာပါ။

စာမေးပွဲ နီးတိုင်း ဆေးရုံကို ရောက်ရောက်နေတာ။ ဘာဖြစ်မှန်းလည်း မသိဘူး။ စာမေးပွဲနီးရင်၊ စိတ်က၊ ကြောက်လာရော။

စာမေးပွဲကို ကြောက်တာမဟုတ်ဘူး။ မဖြေရမှာကို ကြောက်တာ။ အိမ်က၊ ပြောတော့ သူများ ပြုစားတာ ... တဲ့''

''မဟုတ်နိုင်ပါဘူး။ တိုက်ဆိုင်တာ ဖြစ်မှာပါ''

''ခဏ ခဏ တိုက်ဆိုင်တာကျတော့၊ ထူးဆန်းလွန်းတယ်လေ'' ... ဟု၊ သူ ... တွေးတွေးဆဆ, ပြော၏။ ပြီးနောက် ...

''ယူက,ရော ... အောင်ရင် ဘာလုပ်မှာလဲ''





''ကျွန်တော်က၊ အစီအစဉ် မရှိဘူး။ အိမ်မှာ စိတ်ညစ်လို့၊ ကျောင်းကို ထွက်လာတာ။

အောင်ဖို့လည်း မလွယ်ဘူး။ အောင်ရင် ... ဘာလုပ်ရမယ်ဆိုတဲ့ စိမ်ချက်လည်း၊ မရှိဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင်၊ စိတ်လေနေတယ် ဆိုပါတော့''

''ဟင်။ အဲဒါ ... မဖြစ်သင့်ဘူးနော်။ ဒီ ... အသက်အရွယ်မှာ၊ စိတ်ညစ်တာတို့၊ စိတ်လေတာတို့ မဖြစ်သင့်ဘူး။

အိမ်မှာ ... ဘာစိတ်ညစ်စရာရှိလို့လဲ။ တို့ကို၊ ပြောပြပါလား''

''ဒီလိုပဲပေါ့။ ဆင်းရဲတဲ့ မိသားစုမှာ နောက်ထပ် ဆင်းရဲစရာတွေ အများကြီး ရှိတတ်တာပေါ့။

မသဇ္ဈာညွှန်းရဲ့ မိဘမျိုးသာ ကျွန်တော် ရရင်။ အခုလောက်ဆို၊ ဆေးတက္ကသိုလ် ရောက်နေလောက်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုမှားနေပြီ ထင်တယ်" ... ဟု၊ သူ ... ပြောသည်။ "ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ..., တစ်ခု မဟုတ်ဘူး" ... ဟု၊ ကျွန်တော် ပြောလိုက်၏။ ပြီးနောက် ...,"ကျူရှင် တက်သေးလား" ... ဟု၊ ကျွန်တော့်ကို မေးသည်။ "ရပ်ကွက်ထဲက၊ ကျူရှင်မှာတက်တယ်" ... ဟု၊ ကျွန်တော် ပြော၏၊

မြို့လယ်ခေါင်မှာရှိသော ကျူရှင်တစ်ခု၏အမည်ကို၊ သူ ... ပြောသည်။ ကျွန်တော် သိကြောင်း၊ သူ့ကို ပြော၏။

"မနက်ဖြန် မနက်ဆယ်နာရီ၊ အဲဒီ ရှေ့ကို လာခဲ့ပါလား"

"ဘာကိစ္စရှိလို့လဲ" ... ဟု၊ ကျွန်တော် မမေးမိတော့ဘဲ၊ ခေါင်းကိုသာ၊ လျင်စွာ ညိတ်လိုက်သည်။

❊

"သူက၊ မင်းကို ချိန်းတယ်ပေါ့၊ ဟုတ်လား" ... ဟု၊ တိုးဝင်းက, အံ့သြဟန် တမင်ပြု၍ မေးသည်။

"ချိန်းတယ်လို့၊ မဟုတ်ပါဘူးကွာ။ ကိစ္စ





ရှိလို့နေမှာပေါ့"

"အင်းပေါ့လေ။ မင်းလို အနုပ်စုတ်,ကုပ်စုတ်ကို မသဉ္ဇာညွန်းလို့၊ ရည်းစားများတဲ့ မိန်းကလေးတစ်ယောက်က၊ ချိန်းတယ် ... ဆိုတော့၊ မင်း ... ဂုဏ်တော့ ယူသင့်တယ်"

"ရည်းစားများတာ မဟုတ်ပါဘူးကွာ။ လူကြိုက်များတာပါ"

"ဟော ...၊ ချစ်သောသူကို ကာကွယ်တတ်နေပြီပဲ"

တိုးဝင်း၏ စကားကြောင့်၊ ခိုင်ခန့်နှင့်ဇော်ဝမ်းတို့၊ ရယ်မောသံပြု၍ လှောင်ပြောင်ကြ၏။

"ဘာပဲ ဖြစ်ဖြစ်။ မင်းလို ဂျစ်ကန်ကန်၊ မိုက်ကန်းကန်းကောင်မျိုးကို၊ အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး မသဉ္ဇာညွန်းက၊ အခွင့်အရေး တစ်ခုခုပေးတယ် ... ဆိုကတည်းက၊ မင်းကိုယ် ... မင်း ကံကောင်းတယ် ... လို့ မှတ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခန့်က၊ ရယ်မောလျက် ကျွန်တော့်ကို ပြောဏ်၊

"အခွင့်အရေးပေးတာမျိုး မဟုတ်ပါဘူး ကွာ၊ သူ . . . ကိစ္စရှိလို့နေမှာပါ"

"သူတို့အိမ်မှာ၊ မာလီ . . . တို့၊ ခြံစောင့်တို့၊ အရဝမ် . . . တို့၊ လိုနေပြီနဲ့တူတယ်" . . . ဟု၊ ဇော်ဝမ်း ပြောဏ်။ ကျွန်တော်က . . ., "ဟုတ်ရင် ဟုတ်မှာပေါ့၊ မနက်ဖြန် ငါ မေးခဲ့ပါ့မယ်။ မိလ္လာကျုံးဖို့ လူလိုတယ်ဆိုရင်တော့၊ မင်း . . . အိမ်လိပ်စာ ငါ ပြောလိုက်ပါ့မယ်၊ မင်းက . . . အဲဒီလုပ်ငန်းမှာ ကျွမ်းကျင်လွန်းတယ် . . . လို့ ငါ . . . ကြွားပေးထားပါ့မယ်" . . . ဟု၊ ပြန်လည်နောက်ပြောင်လိုက်ဏ်၊

အားလုံး နှာခေါင်းပိတ်ထားကြလေသည်။

* * *

-၁၆။

"ရော့ . . .။ အဲဒီကတ်ပြားကို ယူထား။ ဘာသာစုံ တက်လို့ ရတယ်။ ရပ်ကွက်ထဲက ကျူရှင်ကို မတက်နဲ့တော့။ ဒီမှာပဲ တက်တော့"

ကျူရှင်တစ်ခု၏ အမည်နာမ,ပါ ဝင်ခွင့်ကတ်ပြားတွင်၊ လ,စဉ် ငွေသွင်းဖယားလေးပါ, ပါသည်။ ထိုကတ်ပြားလေးကို၊ မသဉ္ဇာညွန့်က၊ ကျွန်တော့်ကို၊ ပေးဏ်။ နားလည်မှုတစ်ခုခုလွဲနေပြီ . . . ဟု၊ ကျွန်တော် သိလိုက်သည်။

"ကျွန်တော် . . .၊ ငွေကြေးအခက်အခဲကြောင့် စိတ်ညစ်နေတာမျိုး မဟုတ်ဘူး မသဉ္ဇာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ... ကျွန်တော့်ကို၊ ကျူရှင်လခ, ထောက်ပံ့တာပဲ။ ဒါ ... ကျွန်တော့်ကို။ ...။ ကျွန်တော့်ကို စော်ကားတာပဲ"

ပြောပြီး၊ ကတ်ပြားကို၊ သူ့ထံသို့ ကျွန်တော် ပြီးပေး၏။ သူ ... လက်မခံ။ လက်ကာဟန်သာပြုသည်။ ပြီးမှ ...

"ဘာကြောင့် စိတ်ညစ်,စိတ်ညစ်၊ စာမေးပွဲကို မထိခိုက်စေချင်ဘူး။ အဲဒီ့ စေတနာနဲ့ ဒါကို ... စီစဉ်လိုက်တာ။

ထောက်ပံ့တာ မဟုတ်ဘူး။ ပညာဒါန လုပ်တာ။ တို့က ... ကျန်းမာရေးမကောင်းလို့ အခက်အခဲဖြစ်တယ်။ အဲဒါကို ကိုယ်ချင်းစာတယ်။ အဲဒါကြောင့် ...,ယူ့အိမ်မှာ ... ရှိမယ် ထင်တဲ့ အခက်အခဲတစ်ခုကို၊ တို့ ဖြေရှင်းပေးတာ။ စိတ်လည်း မဆိုးနဲ့။ ငြင်းလည်း မငြင်းနဲ့"

"ကျွန်တော် ...။ စိတ်လေတယ်၊ စိတ်ညစ်တယ်ဆိုတာ။

မိသားစုရဲ့ တခြားကိစ္စပါ။ ငွေကြေး ကြောင့် မဟုတ်ပါဘူး။ ဆင်းရဲပေမယ့် ငတ်ပြတ် မနေပါဘူး။ ငွေကြေးဆင်းရဲတာကိုလည်း၊ ဒုက္ခလို့၊ ကျွန်တော် မထင်ပါဘူး။

စိတ် ...,

အဲဒီ့ စိတ်ဆင်းရဲတာကိုတော့၊ ဒုက္ခ ... လို့၊ ကျွန်တော် ယူဆ,ဖြစ်တယ်"

"တို့ကို အကျိုးအကြောင်း၊ ပြောပြပါလား"

ကျွန်တော် ခေါင်းခါလိုက်သည်။

သည် ... ဘဝ, သည် ... တစ်သက်, မိသားစု၏ အတွင်းကိစ္စကို၊ ကျွန်တော့်သူငယ်ချင်း ဘသော်စိုးမှလွဲ၍ မည်သူ့ကိုမျှ ပြောမပြတော့ဘူး ... ဟု၊ ကျွန်တော် ဆုံးဖြတ်ထားပြီးပြီ။

ဘသော်စိုးသာ မြန်မာပြည်မှာရှိပါက၊ မသဥ္ဇာညွန့်၏ အကြောင်းကိုလည်း၊ ကျွန်တော် ဘသော်စိုးကို၊ ပြောပြဖြစ်ပေဦးမည်။

"တို့ကို၊ သူစိမ်း ... လို့ သဘောထားရင်၊ မပြောပြနဲ့ပေါ့"







www.burmeseclassic.com

www.burmeseclassic.com

မောင်ဂျမျိုး (ရှင်းချောင်းခြံ)

"လူဆိုတာ ... ကိုယ်က,လွဲရင်၊ ကျန်တဲ့ သူ အားလုံးက၊ သူစိမ်းတွေပဲ။ မဟုတ်ဘူးလား"

စကားဆိမ်းကို ဆိုပြီးပါလျက်၊ အကြည့်တို့တွင် စိမ်းရိပ် မထင်။ စိမ်းရပ်သွင်ကို၊ ထမင်ပြုမိသော်လည်း၊ အပြုခံရသူ၏ မျက်ဝန်း၌ စိမ်းရိပ်မသန်း။

နီးကပ်စွာ၊ သေချာကြည့်သော်မှ၊ မြင်တတ်မှ မြင်နိုင် မည်ဖြစ်သော၊ နှလုံးသား၏ ပထမပုံရိပ်ကို၊ မျက်ဝန်း၏ မျက် ကြည်လွှာတွင်၊ သဲ့သဲ့သေးသေး ရွေးရွေးငယ်မျှ လဲ့လဲ့လေး ရေးရေးတွေ့မည်၊

"Sorry။ ကျွန်တော် စကားမှားသွား တယ်။ မသဥ္ဇာကို၊ ကျွန်တော် စိတ်မညစ်စေချင် ...လို့။ ကျွန်တော် ဘာကို စိတ်ညစ်တယ် ... ဆိုတာ ပြောမပြတာပါ။

နောက်ပြီး ...။

ကျွန်တော် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာ သည့် ဖြစ်စေ၊ ဘယ်သူ့ အကူအညီမှ၊ မယူချင် ပါဘူး။ အထူးသဖြင့်၊ မိန်းမသားတစ်ယောက်ရဲ့



နှင်း
ကျွဲဆော်စည်း
ဆောင်း မ မညိ

အပေးအကမ်းကို၊ ကျွန်တော် လုံးဝ ...၊ လက် မခံ ..."

လက်ထဲမှ ကတ်ပြားကို၊ မသဥ္ဇာညွန်း ဆွဲယူလိုက်သည်။ ပြီးနောက်၊ ထိုင်နေရာ စားပွဲမျက်နှာပြင်တွင် တင်လိုက်ပြီး ...

"တို့ကို၊ ယူ့ရဲ့ သူစိမ်း ...လို့ သတ်မှတ် ရင်၊ အဲဒီကတ်ပြားကို၊ တစ်ဝက်တိတိ ဖြဲပစ် လိုက်။

သူစိမ်း ...လို့၊ မသတ်မှတ်ဘူးဆိုရင်၊ ယူ့ရဲ့အင်္ကျီအိတ်ထဲကို၊ ညင်ညင်သာသာ ယူထည့် လိုက်။ ဒါပဲ"

ကဒ်ပြားကို၊ ကျွန်တော် ကောက်ကိုင်လိုက်သည်။ ဘာမျှမလုပ်ရသေး။ မသဥ္ဇာညွန်း၏မျက်နှာကို ရဲရဲဝံ့ဝံ့ကြည့် ကာ ...

"ကျွန်တော်က၊ မသဥ္ဇာကို၊ ရည်းစား စကား ပြောမလို့၊ ဒီကတ်ပြားကို ယူပြီးရင်၊ အား နာတာနဲ့၊ မပြောရဲမှာ စိုးတယ်။

အဲဒါကြောင့်၊ အိတ်ထဲမထည့်ခင်၊ ရည်း



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချွင်းချောင်း(ခွဲ)

တစ်စကား အရင်ပြောပါရစေ၊ ကျွန်တော် မသဉ္ဇာကို ချစ်တယ်။ အခု ...လောလောဆယ် ကျွန်တော့်ကို ပြန်ချစ်ဖို့ မလိုသေးဘူး။ နောက်မှ အေးအေးဆေးဆေးပြန်ချစ်ပါ''

သွက်လက်ချက်ချာခဲ့သူ၏ ကိုယ်ဟန်ပန်မျက်နှာထား အားလုံးတွင်၊ အရှက်ချိုပ်တို့ ခက်ဖြာနီရဲသွားလေ၏။ ချစ်သူကို ရှက်အောင် ကျွန်တော် လုပ်မိခဲ့သော်လည်း ရှက်သူကို ချစ်အောင်၊ ကျွန်တော် မတောင်းခံတတ်သေး။

ရင်ထဲမှာ ...

နွေးသွားသည် ...ဟုသာ၊ ကိုယ့်ကိုယ်ကိုယ်သိသည်။

※

''အစ်မ, လင်ယူတာ နှင်နဲ့ဘာဆိုင်လဲ..။ နှင်က ...ဘာဝင်ရှုပ်ချင်တာလဲ ... သိလ''

''အမေ။ တီးတိုးပြောစမ်းပါ။ သား ... ပြောနေတာက။ အဲဒီ မကြီး လိုက်ပြေးသွားတဲ့



၂၆။ ကျွဲဆောင်စည်း
ဆောင်း မ မည်

လူက၊ လူပျို့,လူလွတ်မဟုတ်ရင်၊ ဘယ်လိုလုပ်မလဲ။ တစ်နယ်တစ်ကျေးက,လေ။ အမေတို့ ဘာသိ ...လို့လဲ''

''ဟဲ့။ အိမ်ရှေ့တည့်တည့်က၊ မဂျမ်းစိန်တို့အိမ်မှာ၊ လာတည်းတဲ့ ...လူ။ သူတို့နဲ့ ဆွေနီးမျိုးစပ်။ မလွတ်မကင်းဆိုရင်၊ မဂျမ်းစိန်၊ ငါ့ကို ပြောမှာပေါ့ဟဲ့။ နှင်က ...ဘာကို စိတ်ပူနေရတာလဲ။

ယောက်ျားလေးဖြစ်ပြီး၊ ကိုယ့်နေရာကိုယ် မနေဘူး။ နှမ, လင်နေ ...မောင်ဖင်ကျိန်း ...တဲ့။ နှင့်ဘာသာ ကျိန်းရင်၊ အိမ်မှာမနေနဲ့။ တခြားမှာသွားနေ။ နေရာတကာပါတယ်''

''အမေ။ သားကို အိမ်မှာမနေနဲ့ဆိုတဲ့ စကား။ ခဏ,ခဏ ပြောတယ်နော်။

သားက,လည်း၊ နေစရာ ကိုယ်ပိုင်အိမ်ရှိရင်၊ အမေ့အိမ်မှာ မနေပါဘူး အမေရယ်''

ဒါ ...လွန်ခဲ့သော တစ်နှစ်နီးပါးခန့်က၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ရွှင်းရွှောင်းဖြစ်)

အိမ်မှာ ဖြစ်ပျက်ခဲ့သော ... ကိစ္စတစ်ခု။ ထိုအဖြစ်အပျက်အပြီး လ,အနည်းငယ် ကြာတော့၊ ကျွန်တော့် အစ်မ, မယဉ်သူဇာ၊ မင်္ဂလာဆောင်သည်။ ပြီးနောက်, လင်ယောကျ်ားရှိရာ၊ နယ်ဒေသ,သို့ လိုက်သွားသည်။ ပြီးနောက် ..., တစ်လ,ခန့်အကြာတွင်၊ မယဉ်သူဇာ အိမ်သို့ တစ်ယောက်တည်း ပြန်ရောက်သာ၏။

သူ့ ... အိမ်ထောင်ဘက်က၊ ဟိုမှာ ... သားကြီး မယားကြီးနဲ့ .. တဲ့။ ဒါကို .. ကျွန်တော်တို့ရဲ့ အိမ်ရှေ့တည့်တည့် (အိမ်နီးချင်း) ဒေါ်ဂျမ်းစိန်က ရှေ့ဆုံးနှုတ်ပိတ်နေနိုင်ရက်ခဲ့သည်။

ယင်းကိစ္စကို၊ အဖေ မည်သို့ အရေးယူမလဲ၊

အမေ မည်သို့ ဆောင်ရွက်မလဲ၊

ကျွန်တော် မည်သို့ ရင်ဆိုင်ရလေမလဲ။

မည်သူ့ကို အရေးယူမလဲ၊ မည်သူက အရေးယူမလဲ။ ကျွန်တော် ဦးနှောက်ခဲအောင် စဉ်းစားခဲ့ရသည်။ မကြီး မယဉ်သူဇာ၏ အိမ်ထောင်ဘက်၏ အရပ်ဒေသ,ကို၊ ကျွန်တော် တိတိကျကျသိသော်လည်း၊ ဘာမျှမတတ်နိုင်ခဲ့။ ဒေါ်ဂျမ်းစိန်ဆိုတဲ့ အိမ်ရှေ့တည့်တည့်က အဒေါ်ကြီးကိုလည်း၊ ကျွန်တော် ဘာမျှ မပြောဆိုနိုင်ခဲ့။



## နှမ်း ကျွဲဆော်စည်း

ဆောင်း မ မညို

ခြောက်ကပ်နေသော ဦးနှောက်ထဲတွင်၊ ထိုအမည်နာမ, တွေ ... ထိုကိစ္စတွေ ... ထိုအငြိုးအတေးတွေ၊ အေးခဲစွာဖြင့်၊ ကျွန်တော်က၊ ပြောပြရင်ဖွင့်လိုက်ရင်ကော၊ ဘာများထူးလာမှာမို့လို့လဲ၊ သူက,ရော ... ဘာများ ဆောင်ရွက်ပေးနိုင်မှာမို့လို့လဲ။

ထို့ကြောင့် ...,

ကိုယ့်ဓာတ်,ကိုယ်ခင်း။ ကိုယ့်အရှုပ်ကိုယ် ... ရှင်း။ ကိုယ့်အငြိုး ကိုယ်သိမ်းလျက်။ လောက,ကြီးတစ်ခုလုံးကို သူစိမ်းပြင်ပြင်၊ ကြည့်မြင်မုန်းယိုခဲ့ရသည်မှာ၊ တော်တော် ကြာခဲ့ပြီ။

※

အမေ, ဘယ်လောက်အထိ တော်သလဲဆိုလျှင်၊ ထိုကိစ္စကို၊ ပတ်ဝန်းကျင်ရော ... ဆွေမျိုးအသိုင်းအဝိုင်းအားလုံးပါ၊ ရေရေရာရာ မသိလိုက်ကြ။ သူ့ဘက်ကိုယ့်ဘက် နေထိုင်ဖို့ နယ်လုရှင်း၊ လမ်းခွဲခဲ့ကြသယောင် ပြောဆိုရှင်းပြသည်။

ထို့အပြင် ..., သူလျှို တားလံကဲ့သို့ ကြောက်စရာကောင်းလှသော၊ အိမ်နီးချင်း၊ ဒေါ်ဂျမ်းစိန်ကြီးကိုပါ၊ အစ်မဂျမ်း



www.burmeseclassic.com

www.burmeseclassic.com



. . . ဟု၊ ခေါ်ဝေါ်ခင်မင်နေလိုက်ပေသေးသည်။

အမေ့ကို၊ ကျွန်တော် အပြစ်မဖို့ချင်တော့ပါ။

"တချို့ကိစ္စတွေမှာ၊ မိသားစုအတွင်းရေးတွေကို၊ ဖုံးဖိထားရတာဟာ။ ခံစားရခက်ပေမယ့် . . . , မိသားစုမပြိုကွဲအောင်၊ ထိန်းသိမ်းတဲ့, အကောင်းဆုံးနည်းပဲ" . . . ဟူသည့်၊ အမေ့ဆိုရိုး စကားကို၊ ကျွန်တော် မကဲ့ရဲ့လိုတော့ပါ၊

ကျွန်တော့်အစ်မ မယဉ်သူဇာ တစ်ခုလပ်ဖြစ်သွားရသော်လည်း၊ အခြေမပျက် အနေမပျက်အောင်၊ အမေ နေထိုင်ပြောဆိုတတ်ပေပြီ။ အခြေပျက်,အနေပျက်၊ လောက,ကြီးကို အပျက်ကြီး . . . ဟုပင်၊ ထင်မြင် ဒုန်းစိုင်းလိုက်ချင်သူမှာ၊ ကျွန်တော် တစ်ယောက်တည်း ဖြစ်၏။

လူကောင်းဆိုတာ၊ ဘယ်လိုသတ္တဝါလဲ . . . ဟု၊ မည်သူ့ကို မေးမြန်းကြည့်ရမည် မသိ။ ညွှန်ပြမည့်သူကိုပင်လျှင်၊ ကျွန်တော် မယုံကြည်။

* * *

၁၇။

စာမေးပွဲ အောင်လျှင်၊ အဖြေပေးမည် . . . ဟု၊ မသဥ္ဇာ ညွန့်းက ကတိပြုသည်။ ကျွန်တော့်ဆန္ဒကို လိုက်၍ သူလည်း၊ ဘာသာစုံ ကျူရှင်ယူသည်။ ညကျောင်းတွင်, အတူ၊ ကျူရှင်တွင် အတူ၊ အသွားအပြန် မတူသော်လည်း၊ ကျန်အချိန်များတွင်၊ အတူရှိခွင့်ရလေသည်။

ချစ်အဖြေမရသေးသော်လည်း၊ ချစ်နေကြသူများကဲ့သို့ နေထိုင်ရင်းနှီးခွင့် ရလေ၏။ ချစ်သူ၏အနီးအပါးသည်၊ မီးများစွာ တို့မှ ကင်းဝေးလွတ်မြောက်ရာ၊ မဟာသုခ အဏ္ဏဝါ။

အိမ်သို့ ပြန်ရောက်သည့်အခါတွင်၊ အော်သံ, ဟစ်သံ၊



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

ဆိုကြိမ်းသံတို့နှင့်အတူ၊ ပုံးပုံးပိပိ၊ ပြုံးပြုံးစိစိတို့အကြား၊ မာယာပါးပါးနှင့် လိမ်းသုတ်ထားသော၊ အသူရာတွင်းနက်၏ အပေါ်ယံကမ်းပါးပေါ်သို့ ရောက်နေရသည်နှင့် တူလှ၏။

ကျွန်တော် မပျော်တတ်တော့ပါ။ ထို့အတူ၊ အသားနု အညှာအပါးကို၊ ထိုးဆွ ခံထားရသကဲ့သို့၊ ခံစားနေရပါသော်လည်း၊ လူသိ,ရှင်ကြား၊ ထင်ရှားစွာ၊ ကျွန်တော် မအော်တတ်တော့ပါ။

※

အိမ်သို့ အဘွားလေး ဒေါ်အေးဘုံ၊ ဦးလေး ဦးခင်ရွှေနှင့် ဒေါ်ဒေါ်ငွေး (ခေါ်) ဒေါ်ငွေးငွေးတွေးတို့၊ လာရောက်လည်ပတ်ကြသေးသည်။ အဖေ ဟာန်မပျက် ဧည့်ခံသည်။ အမေ ...၊ အပြုံးမပျက်၊ ခေါ်ပြောသည်။

ကျွန်တော် ထိုစကားဝိုင်းအတွင်း ...သို့၊ မည်သို့သော မျက်နှာနှင့်မျှ ဝင်ရောက်၍မရ။

''ဟော့ကောင်။ ဆယ်တန်းမအောင်သေး

နှင်း
ကျော်လေညင်း
ဆောင်း မ မည်

ဘူးဆို''

ဦးဦးရွှေက၊ လှမ်းမေးသည်။ ''မအောင်သေးတာ မဟုတ်ဘူး။ အင်ဂျင်နီယာဖြစ်ရင်၊ သူများနောက်လိုက် ဖြစ်မှာ ဆိုးလို့၊ အောင်အောင် မဖြေသေးတာ'' ...ဟု၊ ပြောပြီး၊ ဖိနပ်စီး၏။ အမေက ...''ဟဲ့'' ...ဟု၊ တစ်ခွန်းမျှ ဟန့်သည်။ ''ဒီကောင်ကျစ်ကန်ကန်နဲ့'' ...ဟု၊ ဦးဦးရွှေ ပြောသည်။ အဖေနှင့်ဒေါ်ဒေါ်ငွေးကို၊ မကြည့်ဖြစ်အောင်၊ ကျွန်တော် ထိန်းရ၏။ မနာတတ်လေသော အမေ့အသည်းကို၊ မနုဿဗေဒပြတိုက်တစ်ခုခုတွင်၊ ခွဲထုတ်ပြသ, ထားလိုက်ချင်လေသည်။

※

ကျွန်တော့် အိမ်သည်၊ နွားခြေရာခွက် (သို့မဟုတ်) ဂါးလုံးခေါင်းတစ်ခေါင်း ...ဟု၊ ဆိုပါစို့။ အချစ်သည် ကျွန်တော့်၏ ဟင်းလင်းပြင်။ ချစ်သူသည် ကျွန်တော့်၏ ပင်လယ်ပြာ။

※





www.burmeseclassic.com

www.burmeseclassic.com

## မောင်ကျော်မျိုး (ရှင်းရှောင်း၆)

ထူးထူးဆန်းဆန်း။

စာမေးပွဲဖြေဖို့ တစ်လ,အလိုတွင်၊ ကျွန်တော် ဆေးရုံ တက်ရသည်။ သေချာပါသည်။ ဖြေနိုင်မည် မထင်သော စာမေးပွဲကို၊ မဖြေနိုင်ဖို့ ပိုဍ်များသွားသကဲ့သို့၊ အကြောင်းပြစရာလည်း ကြီးမားစွာ ရှိသွားခဲ့လေပြီ။

အဖျားကြီးရင်း၊ အဖျားမကျဘဲ၊ အားနည်းမူးဝေလဲကျ ကာ၊ ဆေးရုံသို့ရောက်သွားရခြင်း ဖြစ်သည်။ မလေးရီးယား ... ဟု၊ ရောဂါအမည်တပ်ကြပါသည်။ ဆေးရုံတွင် တစ်လ, ကြာသည်အထိ၊ အဖျားတက်ခြင်း အမြစ်မပြတ်ပါ။

ဆေးရုံမှ ဆင်းပြီး၊ တိုင်းရင်းဆေးဆရာနှင့် ပြသပါသေး သည်။ ချမ်းတုန်ဖျား ... ဟု၊ အမည် တပ်ပါသည်။ ဆေးအမှုန့် တွေ သောက်ရပါသည်။ လုံးဝ မပျောက်ပါ။

နောက်ဆုံးတွင် ... ရပ်ကွက်ထဲက ဆေးမြီးတို တစ်ခု ဖြင့် အဖျားတက်ခြင်း အမြစ်ပြတ်သွားပါသည်။

နေမကောင်း, ဆေးရုံတက်, ကျူရှင်ပျက်, ကျောင်းပျက် သည်တို့ကို၊ အကြောင်းပြု၍ မသညာညွှန်းကို အဖေနှင့်အမေတို့



နှင်း ကျသော်လည်း ဆောင်း မ မည်

တွေ့ဖူး,မြင်ဖူးသွားကြသည်။

"နှင့် ... ရည်းစားလား" ... ဟု၊ အမေ မေးသည်။ "ဟုတ်တယ်" ... ဟုသာ၊ ကျွန်တော် ဖြေသည်။ "ကြွားပြောမိ ပြီ" ... ဟုလည်း၊ ကျွန်တော် မခံစား။ "လိမ်ပြောမိပြီ" ... ဟုလည်း၊ ကျွန်တော် တွေးမကြောက်။

မိသားစုအတွင်း၊ မည်သည့်စကားကိုမဆို၊ ပြီးစလွယ် မပြောဘဲ၊ လေးလေးနက် ရှင်းပြ, ပြောပြ, တင်ပြ,ရမည့်ကိုပင်၊ မလိုအပ်သော အလေ့အထ, ဟု၊ ကျွန်တော် စွဲမှတ်ထားမိသည်။

"ကိုယ်နဲ့ ဂုဏ်ရည်မတူရင်၊ စိတ်ဆင်းရဲ
ရမယ်နော်။
အလုပ်အကိုင်မရှိ၊ ဆယ်တန်းမအောင်။
ခွေးဖြစ်မယ်နော်"

ဒါ ..., အမေ ကျွန်တော့်ကို၊ စေတနာ, မေတ္တာ အပြည့်ဖြင့်၊ ဆိုဆုံးမ,ခြင်း ဖြစ်ပါသည်။

❊



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်း)

"ဟိုး . . . နှစ်တွေတုန်းကဆိုရင်၊ ဒီအချိန်တို့ . . . ဆေးရုံရောက်နေကျ။ ဒီနှစ်ကျမှ ပြောင်းပြန်ဖြစ်သွားတယ်"

"ကျွန်တော့်ကြောင့် မသဉ္ဇာ အလုပ်ပိုတွေ လုပ်နေရတာ။ အားနာတယ်။ ကျောင်းစာတွေလည်း ကူးပေးမနေပါနဲ့။ ကျွန်တော် အောင်မှာမဟုတ်ဘူး"

"အောင်လိုအောင်ငြား ဖြေကြည့်ပါ။ စာလည်း အတူတူလာကျက်ပေးမယ်။

ဒီအိမ်ကိုလာတာ အိမ်က နည်းနည်းသိနေပြီ။ ဘာမှန်းညာမှန်းတော့ မသိဘူး"

"ဘာမှန်းညာမှန်း မသိဘူးဆိုတာ . . .။ ဘာကို ပြောတာလဲ"

"ဪ . . .။ ဘယ်သူ ဘယ်ဝါ ဆီလာတယ် . . . လို့၊ မသိဘူး။ အဲဒါကို ပြောတာ"

"မသဉ္ဇာက၊ ကျွန်တော့် ရည်းစား . . . လို့ အမေ့ကို၊ ကျွန်တော် ပြောထားတယ်"



၄၁း
ကျွဲသော်ဆည်း
ဆောင်း မ မညီ

"ဒုက္ခပါပဲ"

"ဘာ ဒုက္ခတာလဲ"

"သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"သဘောမတူစရာ ဘာအကြောင်းရှိလို့လဲ။ ကျွန်တော်တို့က,တောင်၊ နိမ့်ပါးပါသေးတယ်။

သဘောမတူဘူးဆိုတာ၊ ချမ်းသာကြွယ်ဝ,တဲ့သူတွေ၊ ပြောတတ်ကြတဲ့၊ လက်သုံးစကား"

"ချမ်းသာတာ ဆင်းရဲတာနဲ့မဆိုင်ဘူး။ မိဘတိုင်းက၊ သားသမီးတိုင်းကို၊ ဘယ်သူနဲ့မှ၊ တူတယ်တန်တယ် မထင်ဘူး"

"ဟုတ်လို့လား။ မိဘတိုင်းမှာ အဲဒီစိတ်ရှိလို့လား"

"ရှိတာပေါ့။ အမေနာမည် . . . ဘယ်သူ"

"ဒေါ်မြမူ"

"အင်း။ ကုန်ခြောက်ရောင်းတဲ့၊ ဒေါ်မြမူရဲ့ သား။ မောင်သီလ,ကို၊ ကုန်သည်ကြီး ဦးသိန်းဖေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သမီး။ မသဉ္ဇာညွန့်နဲ့ ပေးစားချင်ရဲ့လား ...

လို့၊ မေးကြည့်။

ဘယ်အမေမှ ကိုယ့်သား, ကိုယ့်သမီးကို၊ သူများ ရင်ခွင်ထဲ၊ အပိုင်မပေးချင်ကြဘူး။ အမေတိုင်း နှမြောတယ်။ အဖေတိုင်း နှမြောတယ်''

''ဟုတ်ပါ့မလား။ ကျွန်တော့်,အမေက၊ ကျွန်တော့်ကို၊ အမြဲတမ်း နှင်ချနေတာ''

''အပြောမတတ်တာနေမှာပါ'' ...ဟု၊ မသဉ္ဇာညွန့်း ဖြေတွေးသတ်မှတ်သည်။

''ကျွန်တော့်ကို ချစ်တယ် ... လို့ မပြောသေးဘူးလား ...မသဉ္ဇာ''

''ဒီမှာ ...၊ စာလာကျက်တာလေး အာရုံမများနဲ့''

''အာရုံများတာ မဟုတ်ဘူး။ အာရုံကို တစ်နေရာတည်း စုချင်လို့ပါ။ ပြောပါ။ ချစ်တယ် ...လို့၊ တစ်ခွန်းတည်းပြော၊

နာလန်ထ, လူနာ။ တစ်ခါတည်း မှိုးပျံ





သွားစေရမယ်''

လက်ဖျားလေးကို မဝံ့မရဲကိုင်တွယ်၊ စကားပြောဖြစ်သည်။ အချစ်လား ဘာလား ကျွန်တော်မသိ။ ရင်တွေ တဒိန်းဒိန်းခုန်သည်၊ အချစ်သည် ... ခြေဖျား၊ လက်ဖျား၊ ဆံဖျားတို့မှ အစ,ပြု အခြေတည်ကာ၊ နှလုံးသားတွင် ဗဟိုစွဲလျက်၊ ကိုယ်ခန္ဓာ တစ်ပြင်လုံးသို့၊ အုပ်မိုးလွှမ်းခြုံနိုင်ပေသည်။ လက်ဖျားလေးကို ထိခါမျှဖြင့်၊ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်စေသည်။

မရုန်းမဖယ်သောအခါ၊ တွယ်သောလက်နှစ်ခုလုံးသည်၊ ပိုမိုဆုပ်ကိုင်မိကြ၏။

တောင်ထွဋ်တစ်ခု၏ အစွန်အဖျား ...ဟူသည်ကား၊ ချောက်ကမ်းပါးတစ်ခု၏ အဝင်တံခါး ...ဟု၊ အဆိုရှိ၏။ နှလုံးသားကို အဖျားခတ်သည့် အချစ်၏နှင်တံသည်၊ အိမ်ထောင်ရေး ချောက်ကမ်းပါးသို့၊ တစ်စတစ်စ တွန်းပို့နိုင်စွမ်းကြောင်း၊ စကားခွန်းမျှ ကြားဖူး, နာဖူးခဲ့ပေသည်။

တကယ်ကြုံရသည့်အခါ ....

ကြားနာဖူးသမျှ၊ ကိုယ့်ကိုမရည်ရွယ်။ ဖြစ်ပျက်ဖူးသမျှ၊ ကိုယ်နှင့်မဆိုင်။ ကိုယ်က ကိုယ့်ကိစ္စနှင့် ...ကိုယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

အကြောင်းနှင့် ... ကိုယ်၊ သီးသန့်၊ တစ်မျိုးတစ်ဘာသာ ... ဟု၊ တွေးမှတ် ပိုက်ထွေးမိလေသည်။

"ချစ်တယ် ... လို့ ပြောပါ"

ချစ်သူ၏ ခေါင်းတစ်ညိတ်သည်၊ ကမ္ဘာအသစ်တစ်ခုကို စ,တင်မည့်၊ ကမ္ဘာပြုမိုးသပွယ်၊ ခမ်းနားစင့်ထည်လွန်းလှ၏။ ရေစီးကြောင်းတစ်ခုမှ၊ စီးဝင်ခွဲထွက်သည့်၊ သီးသန့်မြစ်ကျိုးအင်းပမာ။ ကိုယ့်တစ်နေရာ ကိုယ့်မြေကမ္ဘာ၌ ကြွင်းရစ်နေကျန်စေခဲ့ပြီ၊

* ※ *

၁၈။

ကျွန်တော်ရော မသဥ္စာညွှန်းရော စာမေးပွဲကျပါသည်။ ကျွန်သူငယ်ချင်းများထဲတွင်၊ နိုင်ခန့် တစ်ဦးတည်း အောင်မြင်သည်။

ဆယ်တန်းစာမေးပွဲ မအောင်မြင်ခြင်းသည်၊ တခြားသူတွေ၊ မည်သို့ခံစားကြရသည်မသိ။ ကျွန်တော့်မှာတော့ ..., ကမ္ဘာမြေ၏ ကျွန်တော် ရပ်တည်ရန်ရှိသော မြေနေရာအစိတ်



www.burmeseclassic.com

www.burmeseclassic.com

### မောင်လှမျိုး (ချင်းချောင်းခြံ)

အပိုင်းတစ်ပိုင်းသည်၊ စာမေးပွဲတစ်ခါကျတိုင်း၊ တစ်ပိုင်းပဲ့ကျသွားသကဲ့သို့၊ ခံစားရလေ၏။ သုံးခါကျသည့်အတွက်၊ ရပ်နေရာ မြေချပ်ပြား သုံးပိုင်းပဲ့ကျသွားပြီဘကား။ ကျွန်တော့်နှမ အေးသူဇာလည်း၊ စာမေးပွဲကျပါသည်။

''ဆယ်တန်းအောင်အောင် မအောင်အောင်၊ လူဆိုတာ၊ ထမင်းစားရင်၊ အလုပ်, လုပ်ရတယ်။

ပညာရေးသည်း ထွန်းပေါက်တာ မဟုတ်ဘူး။ အလုပ်ထွက်လုပ်တော့''

အမေ၏ အကြံပြုစကား။

''ဆယ်တန်းမအောင်ရင်၊ မိဘက,တောင် မသဒ္ဓါပါလား'' ...ဟု၊ ငွေးမိလိုက်ပြန်သည်။

''အလုပ်မလုပ်ရင်၊ ထမင်း မစားနဲ့။ ငါတို့လည်း၊ ငယ်ငယ်ကဘည်းက၊ ကိုယ့်ဝမ်း ကိုယ်ကျောင်းခဲ့ရတာ။ ဘယ်မိဘဆီမှ လက်ဖြန့်တောင်းခဲ့တာ မဟုတ်ဘူး''

အမေသည်၊ ကျွန်တော် ငွေးကင်းစ,တုန်းက၊ အာဟာရ



### နှင်း
### ကျွဲဆော်စေညီး
### ဆောင်း မ မညီ

ပြည့်ဝသော၊ နို့ချိုကို တိုက်ကျွေးခဲ့ဖူးပေလိမ့်မည်။ ဥမမယ်, စာမပြောက်အရွယ်၊ ငယ်ငယ်အရွယ်တွင်လည်း။ အာဟာရဖြစ်သော အစားအစာများကို၊ သဒ္ဓါတရားထက်သန်စွာ၊ ကျွေးမွေးပြုစုခဲ့ပေမည်။ သို့သော် ...

ကျွန်တော် လူမှန်းသိစ,အရွယ်မှစ၍ စ,တင်ကြားသိခဲ့ရသည်။ အမေ့ နှုတ်ထွက်စကားများသည်၊ ပျားသကာလိုလည်း မချို။ နို့ချိုလိုလည်း မဖြူဖွေး။ ပြောသမျှဆိုသမျှ စကားဝေါဟာရများသည်၊ ခါးသက်လွန်းလှသည့်အပြင်၊ အာဟာရလည်း ချို့တဲ့ပေပြန်သည်။ အထူးသဖြင့် စိတ်အာဟာရကို ပိုမိုကျိုးပဲ့စေခဲ့၏။

သိကြတဲ့အတိုင်း။

ကျွန်တော် ညစ်နေတာလေ။ ဘယ်သူငယ်ချင်းနဲ့မှ မတိုင်ပင်ဘဲ၊ မသဇ္ဇာညွှန်း (ခေါ်) ကျွန်တော့်ချစ်သူ မသဇ္ဇာထံသို့၊ အောက်ပါ စာလွှာတစ်စောင်ကို၊ လူကြုံဖြင့် ပေးပို့ခဲ့ပါသည်။

မသဇ္ဇာ။

အနာဂတ်ပျောက်နေတဲ့ လူတစ်ယောက်ကို၊ တကာယ်ချစ်ပြီး ယုံကြည်ရင်၊ သစ္စာ တစ်ခု လက်မှာ ဆွဲပြီး၊ မောင်နဲ့အတူ လိုက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချောင်းရေလှိုင်း)

မွေ့ ... မွေ့ ... ဥစ္စာ ပစ္စည်း၊ ဘာတစ်ခုမှ မယူခဲ့ပါနဲ့၊ လက်ဝတ်နာရီတောင် မဝတ်ခဲ့ပါနဲ့၊ ဖွတ်ပုံတင်တော့ ယူခဲ့ပါ။ (အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ လိုက်လာ ရင်၊ ပိုကောင်းပါတယ်)။

မမြင်ရတဲ့ အနာဂတ်ကို၊ တိုက်ခိုက်, အနိုင်ယူဖို့၊ မောင့်လက်ကို အမြန်ကူတွဲပါ ..။

(  ၊  ၊ ၈၈) နေ့၊ မနက် (၆) နာရီ၊ လမ်းထိပ်မှာ မောင် ... လာစောင့်နေပါ့မယ်။ ပြင်းပယ်ရင်လည်း၊ စိတ်မဆိုးပါ။ ၊

ချစ်သော ... မောင်

*

ရုပ်ရှင်တွေထဲကလို၊ ဇာတ်လမ်းအကျဉ်းပြောရရင်၊ နိုးပြေးတဲ့ နေ့တစ်နေ့တော့၊ ရင်ခုန်ရတာပေါ့။ နောက်နေ့တွေကျတော့၊ အိမ်က, လိုက်ရှာပြီး တွေ့သွားမှာစိုးလို့၊ ကြောက်ကြရတာပေါ့။



## နှင်း
## ကျဲဆောင်စည်း
### ဆောင်း မ မညို

တစ်ပတ်လောက်ကြာတော့၊ ဖော်ဝမ်းရဲ့ ဦးလေးက, ကျွန်တော်နဲ့ မသဉ္ဇာညွန့်းကို၊ အဖေနဲ့အမေဆီကို၊ လိုက်ပို့တာပေါ့။

အိမ်မှာ မနေချင်တာ တစ်ခုတည်းနဲ့၊ ဘယ်လိုဘယ်လို အိမ်ထောင်သည်ဖြစ်သွားမှန်းမသိ၊ ဖြစ်သွားတာပါလား ... ဟု၊ ကိုယ့်ကိုယ်ကိုယ် တွေးမိသည်။ မ,ကြီး မယဉ်သူဇာနှင့်၊ နှမ အေးသူဇာတို့က၊ မသဉ္ဇာညွန့်းကို၊ ဖော်ဖော်ရွေရွေ ကြိုဆိုကြ၏။

အိမ်သို့ ပြန်ရောက်ရောက်ချင်း၊ ညဖက်တွင်၊ အိမ်နီးချင်းတွေကို၊ လက်ဖက်ရည် တိုက်သည်။ အိမ်နီးချင်းတွေက၊ ကျွန်တော့်ချစ်သူ (အဲ ...) ကျွန်တော့် ချစ်ဇနီး မသဉ္ဇာညွန့်းကို၊ ဝိုင်းရှုကြည့်နေကြ၏။ ချောလို့ လှလို့ ကြည့်တာနေမှာပေါ့။ (လာရောက်စပ်စုသူများလည်း၊ ပါနိုင်ပါသည်)။

"သူ့ရွေး သမီးဆို"

"ကုန်ကားတွေ ပိုင်တယ်ပြောတယ်"

"အထည်ကြီး ပျက်တွေပါ"

"ဘဝင် လေဟပ်တွေ ... တဲ့။ ပတ်ဝန်းကျင်နဲ့ အဆက်အဆံ မရှိကြဘူး ... တဲ့"



www.burmeseclassic.com

မောင်ကျမ်းမိုး (ခွင်းချောင်းခဲ့)

ကျွန်တော်တို့တိုက်သော လက်ဖက်ရည်ကို လာသောက်ကြပြီး၊ ကျွန်တော့် ဇနီးအိမ်သားခုအကြောင်းကို၊ တီးတိုးတီးတိုး သဖန်းပိုး လုပ်သွားကြသော အသံဗလံများ ဖြစ်သည်။

※

ရုပ်ရှင်တွေထဲက,လိုပါပဲ။

မသဥ္ဇာညွှန်း၏မိဘများက၊ ကျွန်တော်နှင့် သူ့သမီးကို (လုံး၀) သဘောမတူပါ။ အိမ်မှာ ကြောကြော့လေးထားလျက်နဲ့၊ ရပ်ကွက်အရုတ်အပြတ်ထဲက၊ ကုန်ထမ်းသမားနဲ့ ကုန်ခြောက်သည်ရဲ့သား။ အလုပ်မရှိအကိုင်မရှိတဲ့ ကောင်တစ်ကောင်နောက်၊ ကောက်ကောက်ပါအောင် လိုက်သွားခဲ့လေသော၊ အပြစ်ကို ကျူးလွန်သဖြင့်၊ သူတို့၏ သမီး မသဥ္ဇာညွှန်း (ခေါ်) ညွှန်းညွှန်းကို၊ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာများ၏ နာရေးကြော်ငြာများ ထည့်လေ့ရှိသည့် စာမျက်နှာတွင်၊ အတိအလင်း ထည့်သွင်းကြေညာလိုက်လေသည်။

ဆင်းရဲတာ အားငယ်စရာ ကိစ္စတစ်ခုပါလား ... ဟု၊



ချွေးစော်စေညီး
ဆောင်း မ မညို

ထိုအခါကျမှ ကျွန်တော် သိလိုက်ရသည်။ အဖေက,တော့၊ ဘာမှ မပြော။

အမေက,တော့၊ မသဥ္ဇာညွှန်း၏ဖခင် ဦးသိန်းဖေ၏ မိတ်ဆွေများထံမှတစ်ဆင့်၊ သဘောတူလက်ခံပါရန်၊ အောက်ကျနောက်ကျခံ၍ ဆက်သွယ်ပြောကြားပေးလေသည်။ သို့သော် ... အချည်းနှီး။

“ဦးသိန်းဖေက စိတ်ကြီးတယ်ဗျ” ... ဟု၊ ပြောသူက၊ ပြော၏၊ “သူ့သမီးကို ဆရာ၀န်နဲ့ သဘောတူထားတာ။ အခုလို ဘုပ်လိုက်တော့၊ သူ ... မျက်နှာပျက်တာပေါ့။ ကျုပ်တို့ ဘယ်လိုမှ နားမချရက်ဘူး” ... ဟု၊ ဆိုသူက ဆို၏။

ဦးနီ။ ဦးဖြူ။ ဦးချစ်အေး။ ဦးချစ်သွေး။ ဦးခင်လတ်။ ဦးခင်မှတ်။ ... စသော၊ မိတ်ဆွေများ ... ဆွေမျိုးနီးစပ်များ၏ စကားမှတ်ချက်များကို၊ ကျွန်တော့်အမေ ဒေါ်မြမူသည်၊ ကျွန်တော်နှင့် မသဥ္ဇာတို့နှင့်အတူ၊ ဖိနပ်ချွတ်မှလည်းကောင်း။ အိမ်ကြမ်းပြင်မှာလည်းကောင်း၊ အောက်ကျခံ တောင်းပန်တိုးလျှိုးလျက်၊ သိမ်ငယ်စွာ နားကြားခဲ့ရရှာပေသည်။

အားလုံးသော လူတို့၏ စကားမှတ်ချက်များကို၊ ဆန်း



www.burmeseclassic.com

www.burmeseclassic.com

### မောင်ကျော်မျိုး (ချင်းချောင်းခြံ)

စစ်ကြည့်သောအခါ၊ ကျွန်တော် ခင်းရဲ့သဖြင့်၊ သဘောမတူခြင်းဖြစ်ကြောင်း . . . ၊ အဖြေတိတိကျကျသိရသည်။ ရုပ်ရှင်တွေ ထဲကလိုပါပဲ။ ကျွန်တော် ချမ်းသာမှ ဖြစ်မည် . . . ဟု၊ တေးမှတ် တွေးမှတ်လိုက်ပါသည်။

※

"ဒါ . . . ငါ့လက်စွပ်။ ပေါင်မယ်။ ပေါင်လို့ရတဲ့ ပိုက်ဆံနဲ့ မင်္ဂလာဆွမ်းကျွေးမယ်။ လက်ဖွဲ့ရတဲ့ ပိုက်ဆံနဲ့ နင် . . . ပြန်ရွေးပေး။ ရွေးလို့မရရင်တော့။ ငါ့ကို ဖြည်းဖြည်းချင်း ပြန်ဆပ်"

တစ်ခြမ်းမဲ့ မင်္ဂလာဆွမ်းကျွေးပွဲကို၊ အိမ်မှာပဲ . . . မပျော်ရွှင်စွာ ကျွန်တော် ကျင်းပ,ဖြစ်ပါသည်။

မင်္ဂလာဆွမ်းကျွေးပွဲမှာ၊ မသဉ္ဇာက, သူ့မိဘများကို သတိရသဖြင့်၊ ငိုပါသည်။ ကျွန်တော်က, အမေ့လက်စွပ် ပြန်ရွေး မပေးနိုင်မှာစိုးသဖြင့်၊ စိတ်ဆင်းရဲရပါသည်။ ဘယ်လိုမှ ပျော်စရာ



### နှင်းကျသော်စေညီး ဆောင်း မမညို

မကောင်းသော မင်္ဂလာပွဲ ဖြစ်ပါသည်။ သို့သော် . . . သူငယ်ချင်းတွေ လာကြသဖြင့် ပျော်ဟန်ပြုခဲ့လေ၏။

မင်္ဂလာလက်ဖွဲ့ဖြင့် အမေ့လက်စွပ်ကို ပြန်ရွေးနိုင်သည် . . . ဟု၊ ယူဆ,ရပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ရရှိသော၊ လက်ဖွဲ့ပစ္စည်းများအနက်၊ ဓာတ်ဘူး။ အိုးခွက်ပန်းကန်၊ . . . စသော ပစ္စည်းများကိုသာ ကျွန်တော်တို့ ရရှိပြီး၊ လက်ဖွဲ့ငွေများကို၊ မည်၍မည်မျှ . . . ဟုပင်၊ ကျွန်တော် မမြင်လိုက်ရပါ။ သို့သော် . . . လက်စွပ်ပြန်ရွေးနိုင်မည် . . . ဟု၊ ထင်ရခြင်းမှာ၊ အမေလက်စွပ်နှင့်ပတ်သက်ပြီး၊ ဘာစကားမျှ မပြောသောကြောင့် ဖြစ်ပါသည်။

"နင်တို့ကို၊ သုံးလ . . . ထမင်းကျွေးထားမယ်။ ပြီးရင် . . . အိုးခွဲစားကြ"

"အိုးခွဲစားဆိုတာ၊ ဘာကိုပြောတာလဲ အမေ"

"ကိုယ့်အိုးနဲ့ . . . ကိုယ်။ ကိုယ့်ငွေနဲ့ကိုယ်၊ ကိုယ့်ထမင်း ကိုယ်ချက်။ ကိုယ့်ဟင်း ကိုယ်ချက်စားလို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းခြံ)

"သားမှာ၊ အလုပ်မှ မရှိသေးတာ"

"မရှိရင်၊ ရှာပေါ့"

"အရင်းအနှီးလည်း ... မရှိဘူး"

"ဟဲ့။ ငါတို့လည်း၊ ဘယ်မိဘဆီက,မှ အထောက်အပံ့ ခံခဲ့ရတာမဟုတ်ဘူး။ ကိုယ့်အရင်းအနှီး၊ ကိုယ့်ဘာသာ ရှာကြံခဲ့ကြရတာ"

မင်္ဂလာလက်ဖွဲ့ငွေထဲက၊ နည်းနည်းပါးပါးများ ခွန့်ကျဲလေမလား ... ဟူသော၊ မျှော်လင့်စိတ်ဖြင့်၊ ကျွန်တော် "အရင်းအနှီးကိစ္စ" ပြောကြည့်မိခြင်း ဖြစ်သည်။ သို့သော် ... အမေ၊ အဲ့ဒါကို လုံးဝ ... မဟ။

မင်္ဂလာဆောင်ကို ကန့်ထရိုက်ဆွဲလိုက်သော ကန်ထရိုက်တာကြီးနှင့်ပင်၊ အမေ ... တူနေပေသည်။ ဒါတောင် ... မမြတ်ရင်၊ သူ ... အပေါင်ထား,ထားသော၊ လက်စွပ်ကို၊ ကျွန်တော် ပြန်ရွေးပေးရပေမည်။

လက်ဖွဲ့ငွေ မဟုတ်လျှင်တောင်။ သီးသန့်ငွေကြေးအနည်းငယ်လောက်တော့၊ အဖေဆီကဖြစ်ဖြစ်၊ အမေ့ဆီကဖြစ်ဖြစ်၊ ရနိုင်လိမ့်မည် ... ဟု၊ ကျွန်တော် ထင်မြင်ခဲ့သော်လည်း

## ဒွန်း ကျွဲဆော်ဆည်း

ဆောင်း မ မညာ

... အဲ့ဒြဖွယ် မှားယွင်းခဲ့လေပြီ။ မိဘတော်တော်များများက၊ သားသမီး ... အိမ်ထောင်ရက်သားကျသည့်အခါ၊ ရင်းဖို့နှီးဖို့ ပေးဝေလေ့ရှိသည် ... ဟု၊ ကျွန်တော် သိထားခဲ့ပါသည်။ သို့သော် ...

ခြော် ...

ထမင်းသုံးလ, အလကားကျွေးထားတဲ့၊ ကာလအတွင်း၊ ကိုယ့်ဘာသာ စားနိုင်,သောက်နိုင်အောင်၊ ရှာရမှာပါလား ... အချိန်သုံးလ,လောက်တော့၊ ရပါသေးတယ် ... ဟု၊ ကိုယ့်ဘာသာ ဖြေတွေးရလေသည်။

"အိမ်ထောင်ကျသွားပြီဆိုရင်။ ကိုယ့်လမ်း ကိုယ်လျှောက်ပဲ။ မိဘနဲ့သားသမီး။ ဘာမှမဆိုင်တော့ဘူး"

ဘယ်ဘိုးဘွားဘီဘင်လက်ထက်က စီးဆင်းခဲ့သော သဘောတရား ကြမ်းကြမ်းတွေ၊ အမေ့ ဝါဒထဲ ရောက်နေသလဲ ... မသိ။

အိမ်ထောင်သည် သားသမီးအတွက်၊ အဝတ်အစထည့် ဝယ်ခြမ်းပေးနေသော၊ အခြားမိခင်တစ်ယောက်ကိုပင်၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်သည်ကို ဝယ်မပေးနဲ့၊ လူလွတ်ကိုပဲ ဝယ်ပေး ... ဟု၊ အကြံညာဏ်ပေးနေတတ်ပြန်သည်။

''ဒေါ်မြမှူ၊ အိမ်ထောင်သည်လည်း ... ကိုယ်မွေးထားတဲ့ သားသမီး။ အိမ်ထောင်မကျ သေးတဲ့သူလည်း၊ ကိုယ်မွေးထားတဲ့ သားသမီး။ ဘာကို ခွဲခြားနိုင်းနေတာလဲ၊ ဒေါ်မြမှူတော့ ... သားသမီးတွေကို၊ အ,ကုသိုလ်ဝင်အောင်၊ လုပ် နေပြီ ထင်တယ်''

တချို့မိခင်များက၊ အမေ့ကို၊ ကဲ့ရဲ့သံဖြင့်၊ ပြောခိုးသွား ကြပြန်သေးသည်။

''မောင်၊ မသဇ္ဇာ၊ ချေးချောင်းမယ်''

''မချောင်းပါနဲ့၊ မောင် ... အလုပ်,လုပ်ပါ့ မယ်၊ ဒီ ... တစ်ပတ်တွင်း၊ မောင်,အလုပ်ရှာ မယ်။

အဖေက,တော့၊ သူ့,အလုပ်ထဲမှာ၊ ဝင်ပြီး ထမ်းဆိုင်းမှာ မဟုတ်ဘူး။ မောင့်ဘာသာ ရှာရမှာ ပေါ့။



နှင်း ကျွဲထော်စည်း ဆောင်း မ မည်

မောင် ... ယောက်ျားပါ။ သူ့ဌေးသမီး မက,လို့ ဘုရင့်သမီးပဲ ဖြစ်ဖြစ်၊ ကိုယ် ... ယူ ထားရင်၊ ကိုယ် ... လုပ်ကျွေးရမှာပဲ။ ဟင်းမ ကောင်းရင်တော့ ခွင့်လွှတ်ပေါ့။ နော်''

မသဇ္ဇာ ရယ်တစ်ဝက်ဖြင့်၊ ပြုံးဟန်ပြုသည်။

''မောင့်အမေနဲ့ မသဇ္ဇာနဲ့ ဖြစ်မယ် မထင် ဘူး''

''ဘာဖြစ်လို့လဲ''

''သူပြောတဲ့စကားတွေ၊ မသဇ္ဇာ တစ်ခါမှ မကြားဖူးဘူး။ မိဘ ... တစ်ယောက်၊ မိခင်တစ် ယောက် ပြောရမယ့်စကားတွေ မဟုတ်ဘူး''

''ချေးသည်မို့လို့ပါ'' ... ဟု၊ ကျွန်တော် အကြောင်း ပြလိုက်ရသည်။

ကျွန်တော်ကိုယ်တိုင်၊ ကျွန်တော့်အိမ်ကို ဘဝင်မကျ ကြောင်း ဖွင့်သည်ကို မပြောပြရက်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။

လက်တွန်းလှည်းပေါ်တွင်၊ မီးသွေးအိတ်များတင်ကာ၊ "မီးသွေးဗျို့။ မီးသွေး" . . . ဟု၊ အော်ဟစ်လည်ရောင်းရသော အလုပ်ကို၊ ကျွန်တော် လုပ်ပါသည်။ ပိုက်ဆံအနည်းငယ်စုဖြစ်သည်။ သုံးလ,ပြည့်လျှင်၊ ကိုယ့်ထမင်း ကိုယ် . . .၊ ချက်စားရတော့မည် . . . ဟူသော အသိစိတ်က၊ ကျွန်တော့်ကို ထိတ်လန့်နေစေသည်။

သုံးလ,ပင် ပြည့်အောင်၊ အမေ့ထမင်းကို၊ ကျွန်တော်တို့မောင်နှံ မစားလိုက်ရပါ။ တစ်လ,တိတိပြည့်သည့်နေ့တွင်၊ ကိုယ့်ဘာသာ အိုးခွဲစားလိုက်ရပေသည်။ "မိဘကို မသိတတ်



www.burmeseclassic.com

www.burmeseclassic.com

## ဆောင်းလှမျိုး (ရှင်းချောင်းမြ)

ရင် ဘယ်သားသမီးမှ မကြီးပွားဘူး။ ဘယ်သားသမီးဖြစ်ဖြစ်၊ မိဘနဲ့ . . . မယားဆိုရင်။ မယားဘက် ခပ်ပါပါရယ်။ မယားဖို့ပဲ သိကြတော့တာပဲ'' . . . ဟူသော၊ အမေ့ဒေါ်မကြွားတကြွား စကားများကို၊ ကျွန်တော် နားရှင်းသော်လည်း၊ နားမလည်ပါ။ နားလည်အောင်လည်း၊ ကျွန်တော် မကြိုးစား။

ရှာဖွေရောင်းချ၍ရသော ပိုက်ဆံကို၊ မိဘအား ကျွေးမွေးပေးကမ်းသင့်မှန်း ကျွန်တော် သိပါသည်။ ဒါပေမဲ့ . . . (၃) လကြာရင် . . . ကိုယ့်အိုးနဲ့ကိုယ် ချက်စားရတော့မယ့် အတွေ့အကြုံကို ထိတ်လန့်နေသဖြင့်၊ ရသမျှ ပိုက်ဆံကို၊ ကျွန်တော် ကျစ်နေအောင် စုဖြစ်ပါသည်။ ဒါကို အမေမ ဂုဏ်မယူ။ ဝမ်းမမြောက်။ မယားအတွက်၊ ကုန်းရုန်းရှာဖွေနေတာ . . . ဟု၊ စကား တင်းဆိုပေသည်။ ကျွန်တော် . . . ရင်နှင့်ဒွာ ဝမ်းနည်းရပါသည်။

သို့ဖြင့် . . . (၁) လပြည့်သည့်နေ့တွင်ပင်၊ ကိုယ့်အိုးနှင့်ကိုယ် . . . ၊ ချက်စားဖြစ်ကြသည်။ ကျွန်တော်ရော . . . ချစ်ဇနီးမသဉ္ဇာရော လုံးဝ . . . မပျော်ပိုက်ကြပါ။

*



ဒုမိုး
ကျော်ဆောင်ဆည်း
ဆောင်း မ မည်

''မီးသွေးဗျို့။ မီးသွေး''

''. . . .''

'ကျွိ'

မီးသွေးအိတ်များ တင်ဆောင်ထားရာ၊ တွန်းလှည်းရှေ့တည့်တည့် . . . သို့၊ ကားတစ်စီး ထိုးရပ်လိုက်လေသည်။ ကျွန်တော် လှည်းလက်ကိုင်တန်းကို စုံရပ်၍ ဆွဲထားလိုက်ရသည်။

ကားပေါ်က,လူတစ်ယောက် ဆင်းလာ၏။ ရှယ်တူ၊ လူချည်သန့်တစ်ယောက်။ သူ့ဘာသာ လူရည်သန့်သန့် မသန့်သန့်။ လှည်းရှေ့တည့်တည့် ထိုးရပ်သည်က,တော့၊ လူပါး၀,လွန်းသည်။ ထို့ကြောင့် ပိုက်ဆံထည့်ဖို့လွယ်ထားသော လွယ်အိတ်ကို၊ နောက်ဘက်သို့ လွှဲလိုက်၏။

''ဟော့ကောင်။ မင်း . . . , ကားကို ဘယ်လိုရပ်တ္တာလဲ''

''မင်း လှည်းက၊ ဘရိတ်မပါဘူး။ ငါ့ကားက၊ ဘရိတ်ပါတယ်လေကွာ။ အဲဒါကြောင့်၊ ဘရိတ်နင်းပြီး ရပ်လိုက်တာပေါ့''



www.burmeseclassic.com

ပြောရင်း၊ အနားသို့ ရောက်လာ၏။

"ဟာ၊ ဘသော်စိုး"

သူ ... ကျွန်တော့်ကို ဖက်သည်။ ကျွန်တော် ရှုန်း၏။

"တော့ကောင် မိန်းသွေးတွေပေကုန်မယ်"

"ပေရင်၊ ရေဆေးလိုက်မှာပေါ့ကွာ"

လှည်းရော၊ ကားရော၊ လမ်းဘေးတွင်၊ ယှဉ်၍ ရပ်လိုက်ကြသည်။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင်၊ သူငယ်ချင်းနှစ်ယောက်အတွေ့ ထိုင်ဖြစ်ကြ၏။ ဘသော်စိုးက ...,

"မင်း ..., အိမ်ထောင်ကျတာ၊ စော တယ်ကွာ"

"အင်း၊ ဟုတ်တယ်။ ဒါပေမဲ့ ...,ငါ ... အိမ်မှာ မနေချင်ဘူး။ ညစ်တယ်"

"အခုလည်း အိမ်မှာ နေရတာပဲ၊ မဟုတ် လား"

ကျွန်တော် ခေါင်းညိတ်ဖြစ်သည်။

"မင်းတို့တွေ ...။ ငါ့အိမ်ကို စိတ်နာနေ



နှမ်း ကျွဲဆောင်ဆည်း ဆောင်း မ မည်

တာ ငါ ... သိတယ်။ အခု ... ပြန်လာမှ၊ ငါ ပိုသိတာ။ ငါရေးတဲ့စာတွေ၊ မင်းတို့ဆီ မရောက် ဘူး။ ငါ့အမေ ဒီအတိုင်း သိမ်းထားတယ်"

"ဪ"

"မိဘတိုင်းရဲ့ ... အတ္တတစ်မျိုးပေါ့ကွာ။ ခွင့်လွှတ်လိုက်ပါ"

"အေးပါ။ ရပါတယ်"

"မင်း ... အိမ်ထောင်ကျတာ။ နိုင်ခန့်တို့၊ တိုးဝင်းတို့၊ ဇော်ဝမ်းတို့ ..၊ မတားကြဘူးလား"

"ငါ ... ဘယ်သူနဲ့မှ မတိုင်ပင်ဘူး။ ငါ့ ဘာသာ၊ လုပ်လိုက်တာ"

"မင်း ယောကျ္ာမအိမ်ကို၊ ငါ,ရောက် တယ်"

ကျွန်ုပ်တော် အံ့သြရသည်။ ဘသော်စိုးက ...,

"မင်းယောက်ဖ,နဲ့။ ငါနဲ့။ ဟိုမှာသိခဲ့တာ။ လူကြုံပါးလိုက်လို့၊ အဲဒီအိမ်ကို ဝင်ဖြစ်တာ။ ငါ ... ညက,ရောက်တယ်။ ခုမနက်,



www.burmeseclassic.com

www.burmeseclassic.com



မင်းအိမ်ကို သွားတော့မှ၊ မင်း, အိမ်ထောင်ကျ တာ သိတာ။

မင်း မိန်းမ, ဘယ်သူတယ်ဝါ မေးမိတော့မှ၊ ငါ ... သွားမယ့်အိမ်က၊ သူ့အိမ် ဖြစ်နေတာ။

အခု ... ငါ့အဲဒီအိမ်က၊ လာတာ။ အခြေနည်းနည်းကြီးပုံရတယ်ကွ။ ငါ့မိဘတွေလို ပေါ့ကွာ။ ကိုယ့်သားသမီးက,လွဲရင်၊ ကျန်တဲ့ သားသမီးတွေကို၊ အကောင်းလို့ မထင်တဲ့ ပုံစံ မျိုးတွေ။

ငါ ... ,မင်းရဲ့သူငယ်ချင်းပဲဆိုတာကို၊ ပွင့်ပွင့်လင်းလင်း ပြောခဲ့တယ်၊ အံ့သြဖို့ကောင်း တာက၊ မင်းယောက္ခမတွေ၊ မင်းကို မမြင်ဖူးဘူး၊

ဝန်းကျင်စကားနဲ့ ရပ်ကွက်ပုံစံလေးကို ခန့်မှန်းပြီး၊ အထင်သေးလိုက်ကြတာလေ။ ဆင်းရဲ သားရပ်ကွက်က ... ကောင်၊ ပြီးတော့ ... ပေါ့လော့ပေါ့လော့ လမ်းမ,မှာ အနေများတဲ့ ကောင်၊ အဲဒါနဲ့ပဲ ... သဘောမတူဘူး ... လို့၊





ခေါင်းခါလိုက်ကြတာ။

ပတ်ဝန်းကျင်ဆိုတာမျိုးက,လည်း၊ လူ တော်လူကောင်းလေးပါ ... လို့၊ ဘယ်ပြောပါ့ မလဲ။ ပိုပိုသာသာ ... နာနာထိုးထိုးလေး၊ ပြော ကြတာ နေမှာပေါ့ကွာ။

ငါက,တော့၊ ပြောခဲ့တယ်။ ကျွန်တော့် သူငယ်ချင်း သီလ,ကို၊ အထင်သေးတာဟာ။ ကျွန်တော့်ကို အထင်သေးတာနဲ့ အတူတူပဲ ... လို့။

လူတစ်ယောက် ဖြူသလား၊ မည်းသလား မသိဘဲနဲ့။ ဆင်းရဲသားရပ်ကွက်၊ ဆင်ခြေဖုံးရပ် ကွက်ထဲနေတယ်ဆိုရုံနဲ့၊ အထင်သေးတာဟာ။ ဆုံးဖြတ်ချက် မြန်လွန်းတယ် ... လို့''

''ဘသော်စိုး''

စကားစ, ဖြတ်စေလိုသဖြင့်၊ သူ့အမည်ကို၊ ကျွန်တော် ခေါ်လိုက်ခြင်းဖြစ်သည်။ စကားရပ်သဖြင့်၊ ကျွန်တော်က ...,

''ငါ့ဘဝ တစ်လျှောက်လုံးအတွက်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



... ခိုးဖြတ်ထားတာ တစ်ခုရှိတယ်၊ အဲဒီ စကား ကို၊ ငါ့မိန်းမ,ကိုတောင်၊ ငါ ... မပြောထားဘူး။

အဲဒီ စကားက,တော့၊ ငါ့ဘဝမှာ ... ငါ့ ယောကျ်ားမ,နဲ့၊ ဘယ်တော့မှ၊ မပတ်သက်ဘူး ... ဆိုတာပဲ။

ဆင်းရဲလို့ အထင်သေးရကောင်းလား ... ဆိုပြီး ယောကျ်ားမ, အထင်ကြီးအောင်၊ ငါ ... ကြိုးစားမှာ မဟုတ်ဘူး၊ အခု ... ငါ, မီးသွေး ရောင်းနေတယ်၊ ချမ်းသာအောင် လုပ်ရဦးမယ်၊

အေး၊ ငါ့ဘာသာ ... ငါ။ ချမ်းသာ အောင် လုပ်တာဟာ။ ယောကျ်ားမ, သဘောကျဖို့ ပြဖောတ်က, ပြနေတာတော့ မဟုတ်ဘူး။

မင်း ... စိတ်မဆိုးနဲ့၊ အခုက, စပြီးတော့ အဲဒီ အသိုင်းအဝိုင်းအကြောင်း၊ ငါ့ကို ... မပြော နဲ့တော့''

''မင်း ... မပတ်သက်ဘူးဆိုတာ၊ ငါ သိပါတယ်။ ဒါပေမဲ့ ...။ မင်း ... မိန်းမ,



နှင်း ကျဆော်ဆည်း ဆောင်း မ မည်

မပတ်သက်ဘဲနေလို့ မရဘူးလေ ...။ သူတို့က ... သားအမိ, သားအဖ,တွေ ...''

ကျွန်တော်က ...,

''မင်း ပြောတာ၊ နောက်ကျနေပြီ၊ ဘသော်စိုး။ ဟို ... တစ်ပတ်က, ဖအေကို သမီး က, လမ်းမှာတွေ့တယ်။ ကားရပ်ထားတဲ့ နေရာ ကို သွားပြီး၊ ဖေဖေ ... လို့ သွားနှုတ်ဆက်တာ။

ငါ့ ... သောက်ရှက်လာမခွဲနဲ့ ... လို့ ပြောပြီး၊ ကားမောင်းထွက်သွားတယ်။ လမ်းမ,မှာ ကွာ။ ငါ ...။ သူ့ထက် ... ပိုရှက်တယ်။

ပတ်သက်ချင်လို့၊ လိုက်နှုတ်ဆက်သလို ဖြစ်သွားရတဲ့၊ ယောက်ျားတစ်ယောက်ရဲ့၊ ခပ် လှမ်းလှမ်းက, ခံစားချက်။ တစ်သက်စာပဲ သူငယ်ချင်း။ ပြင်းထန်တယ်''

ထို့နောက်တွင်၊ ကျွန်တော် မကြားချင်သော အသိုင်း အဝိုင်း၏ အကြောင်းအရာကို၊ စကားထဲတွင်၊ ဘသော်စိုး ထည့် မပြောတော့။

ဂ



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းခြံ)

"မင်းအိမ်နဲ့ရော ...၊ အဆင်ပြေရဲ့လား" ... ဟု၊ ဘသော်စိုး၊ မေးသည်။ "ဒီလိုပါပဲ" ... ဟု၊ ကျွန်တော် ဖြေ၏။

"ငါ ...။ ဟိုမှာ ကျောင်းတက်ရင်း
အလုပ်လုပ်တယ်။ အဆင်ပြေတယ်။
ငါ ... ပြန်သွားရမှာ။ မင်း ... လိုက်ခဲ့ပါ
လား။ ငါ ... လိုတာ ကူညီပါ့မယ်"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ကျေးဇူးပဲ သူငယ်ချင်း၊ တကယ် ကျေး
ဇူးတင်တယ်။

မြန်မာပြည်က တစ်ဖဝါးမှမခွာဘဲ၊ ငါ
... ချမ်းသာအောင် လုပ်တတ်ပါတယ်။

လူတစ်ယောက်ရဲ့ ချမ်းသာမှုဆိုတာ၊ မြေ
ကြီးပေါ်မှာ ရှိတာမဟုတ်ဘူး။ သူ့ ...၊ ခန္ဓာ
ကိုယ်ထဲမှာ ရှိတာ။

လူချမ်းသာတွေကို၊ စက်ရုံက ထုတ်လုပ်
တာ မဟုတ်ဘူး။ ကံ ... ဉာဏ် ... ဝီရိယတွေ
က ထုတ်လုပ်တာ"



နှင်း
ကျဲစေဝေဆည်း
ဆောင်း မ မည်

"Right" ... ဟု၊ ဘသော်စိုး ပြော၏။ ပြီးနောက် ..." ဟိုကောင်တွေရော။ ဘာတွေလုပ်နေကြလဲ" ... ဟု၊ ကျွန်သူငယ်ချင်းများကို၊ မေးသည်။ "ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်၊ မသိဘူး။ ငါ့ဘာသာ တစ်ပွေတည်းပဲ ရုန်းကန်နေတာ။ မင်းကိုတောင်၊ မေ့နေတယ်" ... ဟု၊ ကျွန်တော် ပြောလိုက်သည်။

"ငါ ... မမေ့ပါဘူးကွာ" ... ဟု၊ ဘသော်စိုး ပြော၏။ ခပ်လှမ်းလှမ်းတွင်၊ ရပ်ထားသော၊ ဘသော်စိုး၏ S.E ကားနှင့် ကျွန်တော်၏ မီးသွေးလှည်းကို၊ သေသေချာချာ ကြည့်မိသည်။

မီးသွေးလှည်းက၊ ပိုမိုညစ်ပတ်ပေကျံပြီး၊ သိမ်ငယ်နေသော်လည်း၊ တင်ထားသော မီးသွေးအိတ် အထပ်ထပ်ကြောင့်၊ S.E ကားထက်၊ လှည်း၏ဝန်က၊ ပို၍ မြင့်မားနေပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၀။

အမေနှင့် မသဉ္ဇာညွန့်းတို့ စကားများကြသဖြင့်၊ အမေ ... ကျွန်တော်တို့ကို၊ နှင်ချပါသည်။ ကျွန်တော် ... မီးသွေး လှည်းပေါ်၊ အဝတ်အစားသေတ္တာနှင့်၊ အိုးခွက်များကို၊ တင်ပြီး အိမ်ပြောင်းရပါသည်။

သုံးလ,ပြည့်လျှင် အိုးခွဲစားခိုင်းပါလျက်၊ ထိုကာလ,မတိုင်ခင် အိုးခွဲစားကြရပြီး၊ သုံးလအပြည့်မှာတော့၊ လူပါ ခွဲကြရပါတော့၏။

ကျွန်တော်နှင့် မသဉ္ဇာညွန့်းတို့ အိမ်ပေါ်က ဆင်းကြတော့၊ အိမ်မှာ၊ အမေ မရှိပါ။ ထုံးစံအတိုင်း ... အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com

မောင်ဂျမျိုး (ချင်းရွှေဥ)

အမေ အကြောင်းပြချက်တစ်ခုခုပြောကာ၊ ဖုံးကွယ်လိမ်လည်ပါလိမ့်မည်။ ဥပမာ ...မိဘအပေါ် မသိတတ်ဘူးဆိုတာမျိုး။ အလိုက်မသိတဲ့ ချွေးမ,ဆိုတာမျိုးပေါ့။ အဖေက,လည်း၊ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်သည့်တိုင်၊ သူ့အောက်ဖဲတစ်ချပ်ကို အမေသိထားသည့်အတွက် (ခွင့်လွှတ်ထားသည့်အတွက်)၊ တွေတွေထူးထူး အရေးတယူ၊ စုံစမ်းစစ်ဆေးလိမ့်မည် မဟုတ်ပါ။

လူကြားမကောင်းသော်လည်း၊ နည်းနည်းတော့ ပြောပြချင်ပါသည်။ "မသဥ္ဇာညွန့်က၊ အမေ့ ဆန်အိုးထဲက ဆန်ကို ခိုးယူချက်ပြုတ်သည်" ...ဟူသော စွဲချက်ဖြင့်၊ ကျွန်တော်ရော ...မသဥ္ဇာပါ၊ အမေ့အိမ်က ဆင်းခဲ့ကြရခြင်း ဖြစ်ပါသည်။

ထိုစွဲချက်ကို၊ ကျွန်တော်ကိုယ်တိုင် ပယ်ချပါသည်။ လုံးဝ ...မဖြစ်နိုင်ပါ။

သုငယ်ချင်း ဖော်ဝမ်း၏ အိမ်နောက်ဖေး ရေကပြင်တွင် အမိုးငယ်မိုး၊ အကာငယ်ကာလျက်၊ လခ,ပေး၍ နေဖြစ်လေသည်။

※



ပုဒ်စီး
ကျွဲဆော်ဆေညီး
ဆောင်း မ မညီ

ဖော်ဝမ်းနှင့်ကျွန်တော် ခိုင်ခန့်နှင့်တိုးဝင်းတို့ကိုခေါ်ပြီး၊ ရန်ပွဲတစ်ပွဲဖြစ်သည်။ ဖော်ဝမ်း၏ကိစ္စ ဖြစ်သည်။ ကျွန်တော် ဦးဆောင်ပြီး၊ ခိုင်ခန့်နှင့် တိုးဝင်းတို့ကို ခေါ်၏။ ပြီးနောက် ...ဖော်ဝမ်းကို၊ ဗိုင်းရိုက်ခဲ့ကြသော ရပ်ကွက်ရှိရာသို့၊ သွားကြသည်။ ကျွန်တော်တို့ တွေ့ချင်သူများကို၊ မတွေ့သဖြင့်၊ အချိန်ကြာကြာ ရှာဖွေကြသေးသည်။ တော်တော်ညဉ့်နက်မှ အိမ်ပြန်ခဲ့ကြ၏။

အိမ်အရောက်တွင်၊ ပြဿနာ ကြီးနေပေပြီ။ မိုးချုပ်၊ ပြန်မလာ၊ စိတ်ပူသဖြင့်၊ ဖော်ဝမ်း၏မိဘက ဟိုမေး ဒီမေးစဉ်၊ ကျွန်တော့်ဇနီး မသဥ္ဇာညွန့်က၊ ရန်သွားဖြစ်ကြကြောင်း ပြောပြ အသိပေးလိုက်သည်။ ဖော်ဝမ်း အဆူခံရသည်။ မသဥ္ဇာညွန့်ကို၊ အလိုမကျ စကားဆိုသည်။ မိဘကို အသိပေးလိုက်သည်ကို၊ မကျေနပ်။

ထိုမကျေနပ်ချက်ဖြင့်၊ နောက်တစ်နေ့နံနက်တွင်၊ "မင်းတို့ အိမ်ရှာကြတော့ကွာ" ...ဟူသော စကား၊ ဖော်ဝမ်း၏ နှုတ်ဖျားမှ ပြောရက်ပြောထွက်စွာ စေခိုင်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူစိမ်းချစ်တာ၊ မိဘ မုန်းသလောက်ပဲ ရှိတယ်" . . . ဟူသော၊ မိရိုးဖလာစကားလေး တစ်ခွန်းကို၊ ရင်ဝယ်ပိုက်လျက်၊ ကျွန်တော် . . . အဖေ့ထံတွင်၊ ခွင့်ပန်ဖြစ်လေသည်။ "အဖေ . . . သား။ ဒီအိမ်မှာ လာနေပါရစေ" . . . ဟု၊ မရဲတရဲ ပြောသည်။ "နေပေါ့" . . . ဟု၊ အဖေ ခွင့်ပြုသည်။ အမေက သိပ်ဘဝင်မကျ။

ထိုအချိန်မှ စ၍၊ မသဥ္စာညွန့်က,ပါ ကျွန်တော်နှင့်အတူ၊ အလုပ်ကူလုပ်လေတော့သည်။ အိမ်မှာတစ်ယောက်တည်း မနေခဲ့ချင်ကြောင်း ပြောသဖြင့်၊ ရပ်ကွက်ထိပ်တွင်၊ မီးသွေးဆိုင် ကျွန်တော် ဖွင့်ပေးသည်။ ကျွန်တော်က . . . လှည်းနဲ့ကွင်းရောင်း။ သူက . . . အလေးချိန်နှင့် ချိန်ရောင်း။

မောင်တစ်ထမ်း မယ်တစ်ရွက် . . . ဟူသော အဓိပ္ပာယ်လေးကို တွေးပြီး၊ စိတ်မကောင်းဖြစ်မိသည့်တိုင်၊ စိတ်ပျော်ရွှင်ဖြစ်လေသည်။ စပေါ်ငွေပေးပြီး၊ အိမ်ငှားမနေနိုင်သေးသဖြင့်၊ မိဘအိမ်မှာ ကပ်နေရသည်ဖြစ်ခြင်းကြောင့်၊ ရှာဖွေရောင်းချ၍ ရသော ငွေကို၊ ချွေတာသုံးစွဲသည်။ ကျစ်ကျစ်ပါအောင် စုဆောင်းသည်။ ရွှေတို ရွှေစ,လေးတွေ ဝယ်ဖြစ်သည်အထိ၊ ကြိုးပမ်း





ရှာဖွေနိုင်ခဲ့ကြလေသည်။

အမေ့ကုန်ကုံဆိုင်မှ၊ ပစ္စည်းများကိုသာ ကျွန်တော် ဝယ်ယူသုံးစွဲသည်။

"ဟဲ့ . . . သားအမိချင်း။ ဘာဖြစ်လို့ ဝယ်ရတာလဲ" . . . ဟု၊ နီးစပ်ရာတချို့က မေးမြန်းသည်။ ကျွန်တော်က . . . "အမေ့ကို အားပေးတာပေါ့" . . . ဟု၊ ဖြေတတ်သလို ဖြေသော်လည်း၊ အမေက . . . "သားအမိက၊ သားအမိပဲ။ စီးပွားရေးက စီးပွားရေးပဲ" . . . ဟု၊ လေသံမာထန်စွာ ပြောလေသည်။ ဒါကို ဇနီးသည်၊ မသဥ္စာညွန့်က မကျေနပ်။ ကျွန်တော်လည်း၊ သဘောမတွေ့။

❊

အစ်မ, မယဉ်သူဇာ ဒုတိယအိမ်ထောင်ပြုသည်။ ကျွန်တော် ဟန့်တားစကား ဝင်ပြောဖြစ်သည်။ "နင် . . . ဝင်မပါနဲ့" . . . ဟု၊ အမေ ပြောသည်။ "အိမ်ထောင်ဆက် မများစေချင်ဘူး အမေ" . . . ဟု၊ ပြောသော ကျွန်တော့်စကား၊



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ဦး (ချင်းချောင်းခြံ)

အရာမရောက်။

*

မီးသွေးလုပ်ငန်း တိုးချဲ့ဖို့ ကျွန်တော် ကြိုးပမ်းသည်။ တစ်ဆင့်ဝယ်ယူရောင်းချသည်ထက်၊ ပြည်ဘက်မှာရှိသော မီးသွေးဖိုများအထိ၊ ဆင်း၍ ဝယ်ယူကူးသန်းရန်၊ ကျွန်တော် အားထုတ်ကြိုးပမ်းသည်။

အိမ်ညစ်ပတ်တယ် ... ဟူသော၊ အမေ ကန့်ကွက်မှုဖြင့်၊ ကျွန်တော် အားလျော့ရလေ၏။ သို့ဖြင့် အိမ်ရှေ့မြေကွက်လပ်ငယ်တွင်၊ ဝါးထရံကာလျက် တစ်နိုင်တစ်ပိုင်သာ၊ မီးသွေးသိုလှောင်ဖြစ်သည်။

"မောင် ...။ မသဥ္ဇာတို့ အိမ်သတ်သတ်
ငှားနေကြရအောင်"

"ငှားနေလို့ ရပါတယ်။ ဒါပေမဲ့ ...
မီးသွေးသိုလှောင်ဖို့ကျတော့၊ ငှားတဲ့အိမ်က၊ ခွင့်
ပြုမှာ မဟုတ်ဘူး။



နှမ်း
ကျွဲဆော်ဆေညီး
ဆောင်း မ မညြိ

အိမ်မဝယ်နိုင်မချင်း၊ မိဘအိမ်မှာ၊ ကပ်နေတာ။ အကုန်အကျ သက်သာတာပေါ့ ... မသဥ္ဇာရယ်"

"မဟုတ်ဘူး။ ကပ်နေရတယ်ဆိုပေမယ့်၊ သားယောကျ်ားလေးကို၊ လှေကားအတက်အဆင်းအောက်တည့်တည့် ကွပ်ပျစ်မှာပဲ၊ အိပ်ဖို့နေရာပေးတာ၊ မသဥ္ဇာ မနှစ်မြို့ဘူး။ ဘုန်းကံနိမ့်တတ်တယ် ... ဆိုတာ၊ အမေ ... အဖေ သိသင့်တယ်။

မသဥ္ဇာ လှေကားအောက်မှ၊ မအိပ်တတ်လို့ ပြောတာမဟုတ်ဘူးနော် ... မောင်။

ကိုယ်လုပ်ချင်တာ လုပ်ခဲ့ပြီးပြီ ဖြစ်တဲ့အတွက်၊ ဖြစ်သမျှ ဒဏ်၊ ခံရဲတယ်။

ဟိုဘက်မိဘက မကြည်ဖြူရင်တောင်၊ ဒီဘက်မိဘက ဖေးမ, ကူညီသင့်တာ။ အခုဟာက, ဖိနှိပ်နေသလိုပဲ။

ဖေဖေမေမေတို့ကို သတိရလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



လို့ မသညွှာ တစ်ခွန်းမှ မပြောပူးဘူးနော်။ ဒါပေမဲ့ ... ဒီအိမ်မှာ မနေချင်ဘူး။

စောင်းတဲ့ ချိတ်တဲ့ စကားလုံးတွေ ... နေ့စဉ်နဲ့အမျှ ခုနဲ့ဒေး ကြားနေရတာ၊ ခံနိုင်ပါတယ်။ သား အရင်းခေါက်ခေါက်ကို စိမ်းစိမ်းပြတ်ပြတ် ဆက်ဆံတာမျိုးကိုတော့၊ မမြင်ချင်ဘူး။ မမြင်ရက်ဘူး''

''သည်းခံလိုက်ပါ'' ... ဟူသည်။ စကားတစ်ခွန်းသာ၊ ကျွန်တော် ပြောဖြစ်သည်။

မည်သည့်လူငယ်ချင်းနှင့်မျှလည်း၊ ကျွန်တော် ဆက်ဆံမှု မပြုတော့။ ဘသော်စိုးလို သူငယ်ချင်းမျိုးကိုတောင်၊ ကျွန်တော် စိတ်ထဲက ထုတ်ပစ်လိုက်သည်။ ဘာကြောင့်မှန်းတော့၊ ကျွန်တော် ရှင်းမပြတတ်။ တွေ့ရင် ကြုံရင်တော့၊ စကားပြောလိုက်သည်။ ဒါပေမဲ့ ... ဟက်ဟက်ပက်ပက် မပြုံးတော့။ ဇော်ဝမ်းကိုမူ၊ လမ်းမှာတွေ့လျှင်တောင်၊ ကျွန်တော် မနှုတ်ဆက်ဖြစ်တော့ချေ။

ပြောစရာရှိသလို ပြောပြရမယ် ဆိုလျှင်တော့၊ လောက၊





ကြီးကိုး မိမိနေချင်သည်။ မိဘဆိုသော နှစ်ဘက်လူကြီးတွေကိုလည်း။ စိတ်နာလာသည်။ ဘယ်ကို ဘယ်လိုကိုင်တည်ရမှန်း မသိတော့လောက်အောင်၊ ကျွန်တော် မွှန်းကြပ်ခဲ့ရသည်။

အရောင်းအဝယ်ဆိုတာ၊ အရှုံးအမြတ် ရှိတတ်မြဲဖြစ်သည်။ တစ်ခါတစ်ရံ အရှုံးနှင့်ကြုံတွေ့လျှင်၊ ရှုံးကြောင်း၊ အမြတ်များလျှင် အမြတ်များကြောင်း၊ မိဘရှေ့မှာ ပြောပြအသိပေးဖြစ်သည်။ မြတ်လျှင်လည်း ဝမ်းသာစေ၊ ရှုံးလျှင်လည်း၊ ရင်ဖွင့်ညည်းတွားသလိုမျိုး၊ ပေါ့ပါးစေ ... သဘောဖြင့်၊ ကျွန်တော် ပွင့်ပွင့်လင်းလင်း နေလိုင်ခဲ့ပါသည်။ သို့သော် ...

''မိဘကို ပေးရမှာစိုးလို့၊ ရှုံးတယ်လို့ ပြောတာနေမှာပါ''

''သိလက၊ ညည်းကို မထောက်ဘူးလား''

''အမလေး၊ အဲဒီလို သိတတ်လို့က, တော့၊ ကျွန်မ, ဈေးမရောင်းတော့ဘူး။

အကြွေးတွေ တင်နေတယ် ... တဲ့။ မီးသွေးက, အရှုံးများနေပြီ ... တဲ့။ ညည်းပြနေကြတာ၊ အလကား။ မိဘ,ကို ပေးရကမ်းရမှာ



www.burmeseclassic.com

www.burmeseclassic.com

မောင်ဂျမျိုး (ချင်းချောင်းခြံ)

စိုးလို့ ...''

ဒါ ... အမေနှင့်ဘွားလေး ဒေါ်အေးဘုံတို့ ပြောဆိုနေကြသော စကားများဖြစ်သည်။ ကျွန်တော် ရှိကြောင်း သိစေချင်သဖြင့်၊ သူတို့ရှေ့မှ ဖြတ်လျှောက်ပြလိုက်၏။ ဘာဖြေရှင်းချက်မှ၊ ကျွန်တော် မပေး။

*

နှမဖြစ်သူ အေးသူဇာကို၊ အိမ်ထောင်သည် အမျိုးသားတစ်ယောက်နှင့် ပတ်သက်နေကြောင်း၊ အမေ့ကို ကျွန်တော် ...,ပြောသည်။ အမေ ... ကျွန်တော့်ကို၊ ခါးခါးသီးသီး အော်ဟစ်ပြောဆိုသည်။ ''နင့် ... အိမ်ထောင်နဲ့နင် ဖြစ်နေပြီ။ နင် ... ဘာမှဝင်မပါနဲ့။ ဝင်မပြောနဲ့'' ... ဟု၊ မဆီမဆိုင် စကားဆို၏။

အဓိပ္ပာယ်က,တော့၊ ကျွန်တော့်စကားကို၊ မယုံကြည်သော သဘောအဓိပ္ပာယ်သာဖြစ်သည်။ အိမ်ထောင်ကျသွားတော၊ မိသားစုရဲ့ တာကယ့်အပြင်ဘက်ကို ရောက်သွားရသော၊ သူစိမ်း



နှင်း ကျွဲထော်ဆေညိုး ဆောင်း မ မညို

ပြင်ပြင် ဖြစ်သွားတတ်သလား ... ဟု၊ တွေးမိပြန်သည်။ မဟုတ်နိုင်ပါ။ တချို့သော မိဘ ..., မိသားစုများစွာတို့၊ အိမ်ထောင်သည် သားသမီးများဖြင့်၊ ချစ်ချစ်ခင်ခင် လိုလိုလားလား ... နူးနူးညံ့ညံ့ ဖေးဖေးမမ၊ တိုင်တိုင်ပင်ပင် နွေးထွေးဆက်ဆံနေကြသည်ကို၊ ကျွန်တော် မြင်တွေ့နေရပါသည်။

ဒါဆို ... ကျွန်တော် ရင်ဆိုင်နေရသော ... လူတွေ ... ဘယ်လိုလူတွေလဲ ... ဟုသာ၊ တွေးရပေတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။

"သား ...။ အမေ့ကို ကယ်ပါဦး။
အမေ။ ဘာလုပ်ရမလဲ။
နင့် ...နှမ၊ မြဖော်နဲ့ လိုက်ပြေးမလို့
...တဲ့။ အထုပ်ပြင်နေတယ်။ နင် ...ဝင်တား
ပေးပါဦး"

ကိုမြဖော် ဆိုတာက၊ ကျွန်တော်တို့ ရပ်ကွက်ထဲက၊ အိမ်ထောင်သည် အမျိုးသား။ ကျွန်တော်နှင့်လည်း၊ မျက်မှန်းတန်းသူဖြစ်သည်။

ယခု အမေ ကြုံတွေ့နေရသည့်၊ ဒုက္ခကို၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မကူနိုင်တော့ပါ။

"အမေက ... အုပ်ထိန်းသူပဲ။ အမေ ... အရေးယူပေါ့။

သားက ... ဝင်ပြောခွင့် မရှိတော့ဘူးလေ။ ဒါမှမဟုတ် ..., အဖေ့ကို၊ တိုင်လိုက်ပေါ့။ ဒီအိမ်မှာ၊ အဖေက ... အကြီးအကဲပဲ"

"နင့်အဖေသိရင်။ လူသတ်မှု ဖြစ်ကုန်မှာပေါ့"

"တံခါး ချက်ထိုးထားလိုက်ပါ ... အမေရယ်။ အမေ့သမီး၊ အမေ့ကို လှန့်တာနေမှာပါ"

ပြောပြီး၊ ကျွန်တော် အိမ်အပြင်ထွက်ခဲ့သည်။

လင်မယားနှစ်ယောက် အိပ်ချိန်ကျမှ အိမ်ထဲဝင်ဖြစ်ကြသည်။ ကျန်သောအချိန်များတွင်၊ ရေငုံနှုတ်ပိတ်နေဖြစ်ကြလေ၏။

နှမဖြစ်သူ၏ ပြဿနာ၊ အဖေ မသိလိုက်ပါ။ အမေ ... ဖြေရှင်းနိုင်ပြန်ပါသည်။ သက်ဆိုင်ရာ မိသားစုက အိမ်ရှေ့မှာ လာရန်တွေ့ရုံဖြင့်၊ ထိုကိစ္စတစ်ဝက် ငြိမ်းသွားပေသည်။ ဒါပေမဲ့ ... သူတစ်ပါးမိသားစုက အိမ်ရှေ့မှာ လာရန်တွေ့





ကြကြောင်း၊ အဖေ လုံးဝ မသိပါ။ (အဖေ ... အလုပ်သွားနေသည်။)

ကျွန်တော့် နှမ၊ အေးသူဇာကိုလည်း၊ ကျွန်တော့်ရင်ထဲမှ ဆွဲထုတ်ပစ်လိုက်ပါသည်။ အရှက်တကွဲအကျိုးနည်း ... ဟူသည့် ဝေါဟာရရှိသည့်အနက်၊ အရှက်တကွဲသာ ဖြစ်စေခဲ့လေသည်။ အကျိုးတော့ မနည်းခဲ့ပါ။ အမေ ..., အချိန်မီ အုပ်ထိန်းနိုင်ခဲ့သည်။ အဖေမသိအောင်လည်း၊ အချိန်မီ ဖုံးကွယ်နိုင်စွမ်းသည်။

※

အိမ်ထောင်သက် နှစ်နှစ်ခန့်တွင်၊ ကျွန်တော် မီးသွေးကို၊ တွန်းလှည်းဖြင့်၊ တွန်းမရောင်းတော့ပါ။ ဇနီးဖြစ်သူသာ ... အလုပ်သမားဖြင့်၊ ရောင်းချနေတော့သည်။

ကျွန်တော်က ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင်၊ ကန်ထရိုက်တာအဖြစ် လုပ်ကိုင်နေဖြစ်သည်။ ကန်ထရိုက်တာဆိုသော်လည်း၊ အစ,ပထမ,တော့၊ အဝယ်တော်အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရခြင်းဖြစ်သည်။ နောက်မှ ... တစ်ဆင့်ပြီးတစ်ဆင့်၊ ကန်ထရိုက်တာလုပ်ငန်းကို၊ လုပ်ကိုင်နိုင်ခြင်း ဖြစ်၏။ သေးသေးမွှားမွှားလေးမျှသာ ဖြစ်သည်။ မထည်ဝါသေး။

ဇနီးက မီးသွေးရောင်း။ ကျွန်တော်က အပြင်အလုပ်လုပ်။ ထိုအချိန်အထိ မိဘအိမ်တွင် ကပ်နေဆဲဖြစ်သည်။ ကျွန်တော် ဆောက်လုပ်ရေးလုပ်ငန်းတွင်၊ လခ,စားလုပ်နေသည် ... ဟုသာ၊ အမေရော ... ဇနီးရော သိထားကြလေ၏။ မတိုးတက်သဖြင့်၊ သိုသိပ်ထားခြင်းသာ ဖြစ်သည်။

❊

၁၉၉၃ ခုနှစ်၏ တစ်ခုသော နံနက်ခင်းသည်၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာ အမှန်တကယ် ပြုပျက်သွားရသော မနက်ခင်းတစ်ခု ... ဟု၊ သတ်မှတ်လိုက်မိသည်။

ယခင်က ... ကမ္ဘာမြေပြင်တွင် ခြေတစ်စုံစာ ရပ်ခွင့်ရဖို့ မနည်းကြိုးစားနေရသည်ဆိုလျှင်၊ ဤမနက်ခင်း၌၊ ထို ... ခြေတစ်စုံက ခြေချစရာ မြေနေရာလေး၊ ကျွံကျပျက်သုဉ်း





သွားပေပြီ။

'ဖျန်း'

မည်သူသည်၊ မိမိ၏ ဇနီးမယားအား၊ လူရှေ့သူရှေ့တွင်၊ ပါးကို ဖျန်းခနဲနေအောင်၊ ရိုက်ရက်ပါအံ့နည်း။

အမှုးသမားသည်လည်းကောင်း၊ အရှုးအနှမ်းသည်လည်းကောင်း။ အသိဉာဏ်ပညာမဲ့သူသည်လည်းကောင်း။ ထိုသို့ပြုမူရဲပေမည်။

ကျွန်တော် အမှုးသမား မဟုတ်ပါ။ ကျွန်တော် အရှုးအနှမ်း မဟုတ်ပါ။ သို့သော် ..., ကျွန်တော့်ဇနီးဖြစ်သူ မသဉ္ဇာညွှန်း၏ဘယ်ဘက်ပါးအား၊ ကျွန်တော် ညာဘက်လက်ဖျားဖြင့်၊ ဖျန်းခနဲနေအောင်၊ ရိုက်လိုက်မိချေပြီ။

ကျွန်တော် အလုပ်မသွားမီ၊ မီးသွေးအိတ်တချို့ကို၊ ကူသယ်ပေးဖြစ်သည်။ အလုပ်သမားကောင်လေးတစ်ယောက်က၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့၊ မီးသွေးသွားပို့သည်။ ဟိုရွှေ့ ... ဒီရွှေ့လေးမျှသာ၊ ကျွန်တော် ကူလုပ်ပေးဖြစ်၏။

မသဉ္ဇာညွှန်းက, အိတ်တစ်ဖက်ကို ကုန်း၍အမ၊ သူ့အင်္ကျီရင်ဘတ် ဟိုက်သွားစဉ်၊ အတွင်းခံအင်္ကျီထဲ၌၊ စာရွက်



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချွင်းချောင်း(၂))

ခေါက် တစ်ခေါက် ထိုးထည့်ထားသည်ကို၊ ကျွန်တော် တွေ့လိုက်ရ၏။

"ရင်ဘတ်ထဲက၊ ဘာစာရွက်လဲ"

"မီးသွေးဘောင်ချာ"

"ဘာလဲ။ မီးသွေးဘောင်ချာ"

"ပြော် ...။ တော်တော်စကားများတာပဲ။ ဘောင်ချာပါဆို။ ဘောင်ချာပေါ့"

"ချွေးစိုရင်၊ ပြဲသွားမှာစိုးလို့ ပြောတာပါ" ... ဟု၊ ကျွန်တော် အလေးဂရုမပြုဟန်ဖြင့် ပြောဖြစ်သည်။

တစ်အောင့်အကြာတွင်၊ ငွေစာရင်းမှတ်သော ဘောလ်ပင်ကို၊ ကျွန်တော် မသိမသာ ကိုက်ချလိုက်၏။ မသဏ္ဍာညွန့်ခါးကိုင်း၍ ဘောလ်ပင်ကို ကောက်သည်။ သူ့အင်္ကျီလည်ဟိုက်သွားစဉ်၊ အတွင်းခံအင်္ကျီအပေါ်၌ တစ်စွန်းတစ်စ၊ ထွက်နေသော စာရွက်ခေါက်ကို၊ ကျွန်တော် အင့်အားသုံး၍ လုယူပစ်လိုက်သည်။

မောင်လေး မင်းမင်း။

စာမေးပွဲရက်၊ စိတ်မညစ်ပါနဲ့။



နှင်း
ကျွဲထောင်ဆည်း
ဆောင်း မ မည်

မမဘဝနဲ့ ဖမ ရှိပါစေတော့။

ရင်ထဲက ချစ်နေရတာကိုပဲ၊ ကျေနပ်လှပါပြီ။

ဒီထက်ပိုပြီး၊ ဘာ ,...လုပ်လို့ရမှာလဲ။

စိတ်ညစ်မနေနဲ့နော်၊ မမကို ချစ်ရင် ...,

စာမေးပွဲ အောင်အောင်ဖြေ။

မောင်လေးကို သိပ်ချစ်တယ်၊ အရမ်း ချစ်တယ်။

မမ - ညွန့်။

ကျွန်တော် အရှုံးအနှမ်းမဟုတ်။ အမူးသရမ်း မဟုတ်ပါဘဲလျက်၊ ဇနီးဖြစ်သူကို၊ လမ်းလယ်ကောင်၊ လူအများကြားပါး ...ရိုက်လိုက်မိသည်ကို၊ မည်သူ အပြစ်ဆိုချင်ပါသနည်း။

အချွန်အတက် လက်နက် တစ်ခုခုရှိရာသို့၊ ကျွန်တော် မကြည့်မိဖြစ်အောင်၊ နေလိုက်သည်။ ဖောက်ပြန်တတ်သော မည်သူ့ကိုမဆို၊ ကျွန်တော် သတ်ရဲပါသည်။ ဒါပေမဲ့ ...လက်တွဲဖော် ...ဟူသော အသိဟောင်းကြောင့်၊ ဇနီးဖြစ်သူကို ကျွန်တော် မသတ်ရက်ပြန်။



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မသီဟချိုး(ချင်းချောင်း)

လူ့ဝန်းကျင်ဆိုတာက,တော့၊ သိတဲ့အတိုင်းပဲ။

အုံ့ခနဲ့နေအောင် ဝိုင်းကြည့်ကြသည်။ ထင်မြင်ချက်အမျိုးမျိုးပြုကြသည်။ များသောအားဖြင့်တော့၊ မိန်းမ,ချေးရောင်းရာသို့၊ ယောက်ျားက, လာရောက်အနိုင်ကျင့်သည် ...ဟု၊ ထင်မြင်ဝေဖန်ကြပေမည်။

ရင်ကို ကွဲစေသော၊ သူ့ရင်ထဲက တချက်ခေါက်အား။ သိုသိုသိပ်သိပ် ကိုင်တွယ်လျက်။ ကျွန်တော် ချာခနဲ လှည့်ထွက်ခဲ့သည်။ ဒေါသစိတ်ဖြင့် မသတ်ဖြစ်ဘဲ၊ ဝိုင်းအုံကြည့်နေသော လူတွေ၏ အကြည့်ဒဏ်ကြောင့်၊ အရှက်စိတ်မွှန်ကာ၊ သတ်မိပေလိမ့်မည်။ ထို့ကြောင့် ...., ကျောခိုင်းခဲ့ခြင်း ဖြစ်လေ၏။ မည်သို့ ဇာတ်သိမ်းရမည်၊ မသိသေး။

* * *

၂၂။

''နင်တို့ လမ်းမ,မှာ ရိုက်လား,ပုတ်လား ဖြစ်ကြတယ် ...ဆို။ နင့်မယားဆီက၊ ပိုက်ဆံတောင်းတာ။ မပေးလို့၊ နင် ...ပါးရိုက်တယ်ဆို။ ဟုတ်လား'' ...ဟု၊ အမေ မေးလေသည်။ ပတ်ဝန်းကျင်၏ အပေါ်ယံ လေသာလပ်စကားတွေ၊ အမေ့နားထဲသို့၊ ရောက်နေခြင်း ဖြစ်ပေမည်။

''မဟုတ်ပါဘူး။ တခြားကိစ္စပါ''

''အေး။ ဘာကိစ္စပဲဖြစ်ဖြစ်၊ တည့်အောင်နေကြ။ နင်တို့ကို ဘယ်သူမှ ရိုက်ပေးစားထားတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ရှုံးအချင်း၃)

"မသဥ္စာဖောက်ပြန်လို့ ပါးရိုက်လိုက်မိတာ" ... ဟု၊ အမေ့ကို ပြောပြလိုက်ခြင်းသည်၊ ကျွန်တော့်ဘဝအတွက်း ကောင်းမြတ်သော အပြေစကား မဖြစ်နိုင်။ ဘာပဲဖြစ်ဖြစ် အမေ့ မို့၊ ပြောပြရင်ဖွင့်လိုက်လျှင်လည်း၊ သိတဲ့အတိုင်း။ နင့်ပြသနာ နင်ရှင်း ... ဆိုတာမျိုးသား အမေပြောပေမည်။ နင်တို့ ချစ်လို့ ယူထားကြတာ မဟုတ်လား ... ဟု၊ စကားနာထိုးပေမည်။

ထို့ကြောင့်၊ ကျွန်တော် ဘယ်သူ့ကိုမျှ ဘာမျှ မပြော ချင်တော့ပေ။ ဘာသော်စိုးသည်။ ပြည့်ပ သို့ ပြန်သွားလောက် ပေပြီ။ သူရှိလျှင်လည်း၊ ကျွန်တော် ပြောပြဖို့ ခက်နေပေမည်။

"ဘာကြောင့်မှ၊ အိမ်ထောင်မပျက်စေနဲ့" ... ဟူသော၊ အမေ့စကားလေးတစ်ခွန်းကိုတော့၊ ကျွန်တော် ရင်ဝယ်ပိုက်ထား ချင်သေးသည်။ အမေသည် ... ဗဟုသုတ ဉာဏ်ပညာနည်းချေ၊ အပြောကြွမ်း၏။ သူထင်ရာသူ ... ငွတ်ပြောတတ်၏။ သို့သော် ... သူ့အိမ်ထောင်၊ သူ့မိသားစုကိုတော့၊ တစ်စုတစ်စည်းတည်း ဖြစ်အောင်၊ ကာကွယ်သားနိုင်ပေသေးသည်။

အမေ့ နေရာတွင် ... ကျွန်တော်၊

အမေ့နေရာတွင် ... မသဥ္စာညွှန်း။



နှမ်း ကျွဲဆော်စည်း ဆေးဖိုး မ မည်

ကျွန်တော့်မှာ အမေ့လို ခွင့်လွှတ်ဖို့ အစီအစဉ်မရှိသော် လည်း၊ အိမ်ထောင်ကို ဖြိုဖျက်ရဲလောက်သည့် သတ္တိမျိုးလည်း မရှိချေ။ ဒါပေမဲ့ ..., အသည်းနှလုံး ပုပ်အက်သွားပြီ ... ဟု တော့၊ ကိုယ့်ကိုယ်ကိုယ် သိလိုက်သည်။

*

"အမေတို့ ကြားမှာစိုးလို့၊ ငါ ... တီးတိုး ပဲ ပြောမယ်"

မသဥ္စာညွှန်းက၊ ခေါင်းငုံ့ထားလေသည်။ "မောင်" ... ဟူသော နာမ်စား ကျွန်တော့်နှုတ်ဖျားမှ ထွက်မလာတော့ ကြောင်း၊ သူ ... ကြားနိုင်ပေလိမ့်မည်။ နှလုံးသားထဲမှာ မရှိ တော့သော အရာသည်၊ နှုတ်ဖျားပေါ်သို့၊ ခုန်တက်လာစရာ အကြောင်းမရှိ။

"မင်းမင်းထက်နဲ့။ နင် ... လုံးဝ, မခေါ် မပြောပါနဲ့တော့"

ကျွန်တော့်ထက် အသက်နှစ်နှစ်ခန့်ကြီးသဖြင့်၊ အမည်



www.burmeseclassic.com

www.burmeseclassic.com



ကို "မ" တတ်ခေါ်သော အလေ့အထလည်း လွင့်စဉ်သွားပေပြီ။

"ဒါ ... ဘယ်သူ့ကို တိုင်ရမှန်း မသိဘူး၊
ဘယ်သူ့ကို ရင်ဖွင့်ရမှန်း မသိဘူး၊
နှင့် ... အိမ်ကို သွားတိုင်ရအောင်က,
လည်း၊ မဖြစ်နိုင်ဘူး။ အဆင့်အတန်းစကား သိပ်
ပြောတဲ့ နှင့် ... အသိုင်းအဝိုင်းက, လူတွေး
ဒီ ... ကိစ္စကို ဘယ်လိုအဆင့်အတန်းထဲ ထည့်
မလဲ"

တီးတိုးပြောရသူကို၊ ခွဲပေးနေသကဲ့သို့ ပြုမူနေလေသည်။ ဘာစကားမျှ မတုံ့ပြန်။ ရိုက်လျှင်လည်း ခံမည်ဟူသော အမူအရာမျိုး။ အမေတို့ ကြားသွားမှာစိုးသဖြင့်၊ တီးတိုးပြောနေရခြင်း ဖြစ်သောကြောင့်၊ ရိုက်ဖို့ နှက်ဖို့ဆိုတာ၊ ပိုပြီး မဖြစ်နိုင်။

"ဒီစာရွက်ကို၊ မိတ္တူကူးပြီး၊ နှင့် ...
မိသားစုဆီ ပို့လိုက်ရင်၊ သူတို့ ဘာပြောကြမလဲ။
ဆင်းရဲဘာ အဆင့်အတန်းမရှိဘူး ...
ဆိုပါတော့။ ဒီစာမျိုးကို ရေးတဲ့ သူတို့သမီးကို၊





ဘာပြောမလဲ။

သမီးလင်နောက်လိုက်လို့ ရှက်တယ်ဆိုတဲ့ မိဘ။ သမီး ..., လင်ငယ်နေတာကို၊ ဘယ်လို ရှက်ကြမလဲ"

"မဆိုင်တဲ့အကြောင်း မပြောပါနဲ့"

"အေး။ ဆိုင်တဲ့အကြောင်းပဲ ပြောမယ်။ နှင် ...ရပ်တန်းက ရပ်ပါ။ မင်းမင်းထက်နဲ့ လုံးဝ ... မခေါ်မပြောပါနဲ့"

"မခေါ်မပြောလို့ မရဘူး။ အခုမှ၊ အခေါ်အပြောရပ်လိုက်ရင်၊ လူတွေ ပိုဝေဖန်လိမ့်မယ်"

"မလိုချင်ဘူး။ ငါ့ယောက်ျားက၊ မခေါ်နဲ့ ... လို့ ပြောထားတယ် ... လို့၊ လူတွေကို ဖြေရှင်းလိုက်ပေါ့"

"ပြောရမှာ အားနာတယ်"

ကျွန်တော့်လက်မြောက်တက်သွားပြန်သည်။ ဒါပေမဲ့ ... ပေါက်ကွဲခွင့်မရ။

※



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး(ချင်းချောင်းခြံ)

မင်းမင်းထက် ဆိုသူမှာ၊ ကျွန်တော့် နှမ အေးသူဇာ၏ သူငယ်ချင်း။ အိမ်မှာ အဝင်အထွက် အမြဲလိုလိုရှိခဲ့သည်။

ကာယကံရှင် မင်းမင်းထက်ကို သွားရောက်ဟန့်တားရသည်အထိ၊ ကျွန်တော် မပြုမူချင်။ မိုးမွှန်နေသော ဒေါသ, စိတ်က,လည်း။ စကားပြောရုံဖြင့် လုံလောက်လိမ့်မည်မဟုတ်။

ထို့ကြောင့် ... သူများခွေးကို ကျွန်တော် မရိုက်။
ကိုယ့်ခွေးကိုသာ၊ ကိုယ်ထိန်းရမည်။

※

ကျွန်တော်တို့ ရပ်ကွက်အနီးတွင်၊ စာသင်ကျောင်းဝင်းကြီးတစ်ခုရှိသည်။ ထိုကျောင်းဝင်းအတွင်းသို့၊ မသဥ္စာညွှန်းကို ခေါ်ပြီး၊ ဒုတိယအကြိမ်မြောက် ကျွန်တော် ပါးရိုက်ဖြစ်ပြန်သည်။ လက်ဖြင့် မရိုက်တော့ပါ။ ဖိနပ်ကိုသာ အသုံးပြုဖြစ်သည်။

မင်းမင်းထက်နှင့် သူ့ကို လက်ချင်းဆုပ်ကိုင်လျက်၊ ကျွန်တော် တွေ့မြင်ခဲ့ရသည်။ အိမ်မှာ ဘာမှမပြောဘဲ၊ လူသူ



## ဒွိဒိုး ကျွဲဆော်စည်း ဆောင်း မ မညီ

ရှင်းလင်းရာ၊ ကျောင်းဝင်းထဲသို့၊ ခေါ်လာပြီးမှ၊ ကျွန်တော် အရေးယူမိသည်။

ထိုသို့ ကြမ်းတမ်းလှစွာသော အပြုအမူမျိုးမှလွဲ၍ တခြားနည်းကို၊ ကျွန်တော် မစဉ်းစားတတ်။ အိမ်ထောင်ကွဲသွားပြီပဲ၊ လူတွေ ဝေဖန်ကြမှာကိုလည်း၊ ကြောက်နေမိပြန်သည်။

"ငါ ... နင်နဲ့ကွဲမယ်။ ငါ့ကို လက်မှတ်
ထိုးပေး။ ကွာရှင်းလက်မှတ်ထိုးပေး။
နင့် ... မိဘ၊ ငါ့မိဘရှေ့မှာ ငါ ... ကွဲ
တော့မယ်။ နင့်မိဘ,ကို နင် ... သွားခေါ်"

လင်မယား ဘယ်လိုကွဲကြရသည်ကို၊ ကျွန်တော် မသိပါ။ သူ ... သိပုံရပါသည်။

"ယူထားတုန်းက၊ ကိုယ့်သဘောနဲ့ ကိုယ်
... ယူထားတာ၊ မိဘ မလိုဘူး"

"ဒါဆို၊ အခု ကွဲမယ်။ နင့် ... အိမ်ရှေ့
တည့်တည့် ငါလိုက်ပို့ပေးမယ်။ လာ ..."

သူ့လက်ကို ကျွန်တော် ဆောင့်ဆွဲသည်။

"ဘယ်လိုဖြစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

ကျောင်းစောင့် ဦးကရင်ကြီး၏သား၊ သံလုံးဆိုသည့် ကောင်လေးက၊ ကျွန်တော်နှင့် သက်တူရွယ်တူ။ အနားသို့ အပြေးရောက်လာပြီး ...,

"ဩော်။ သီလ။ စိတ်လျှော့ပါကွာ။ မိန်းမ,ကို အနိုင်မကျင့်ရဘူးလေ"

သာမန်ရန်ဖြစ်နေသည် ... ဟု၊ သံလုံးထင်သွားပြီး၊ ကျွန်တော့်လက်ကို လာဆွဲသည်။

"မဆွဲနဲ့ သံလုံး။ ငါတို့၊ အိမ်တွင်းရေး ပြဿနာ ဖြစ်နေတာ။ ရိုးရိုးရန်ဖြစ်တာ မဟုတ်ဘူး"

"အေးပါ။ ထိုးလား, ကြိတ်လား မလုပ်ဖို့ ငါ ပြောတာပါ"

"အေးပါ၊ မထိုးပါဘူး။ မင်း ... သွားတော့"

"နင် ... အိမ်ပြန်မလာနဲ့တော့" ... ဟု၊ မသဥ္ဇာညွန့်ကို ကျွန်တော် ပြောသည်။

"မင်း ... အိမ်မို့လို့လား"



နှမ်း
ကျွဲဆော်စည်း
ဆောမ်း မ မညီ

"ဩော် ...။ အေး, ငါ့အိမ်မဟုတ်ဘူး။ အမေ့အိမ်။ နင်လည်း နင့်အိမ် နင်ပြန်။ ငါလည်း ... ငါ့အိမ် ငါပြန်မယ်"

"မပြန်ဘူး။ မင်း ... ရှာမကျွေးနိုင်လို့ နင်ချလိုက်တယ်ပဲ ... ထင်မှာပေါ့။ အိမ်က .."

"ဟုတ်ပြီ။ ငါ ..., ချမ်းသာအောင် လုပ်ရဦးမှာပဲ။ ငါ ... ထည်ဝါမှပဲ နင့်ကို၊ ကွာရှင်းတော့မယ်။

ငါ့အိမ် .. ငါ့ကား .. ငါ့ချမ်းသာမှုတွေနဲ့ ပြည့်စုံတဲ့အခါကျမှ၊ နင့်ကို၊ ငါ ... ထည်ထည် ဝါဝါကွာမယ်။

ဒီကြားထဲမှာ၊ နင် ... နေချင်သလို နေလိုက်တော့။ ဟုတ်ပြီလား။ လူမသတ်မိအောင်တော့၊ ငါ ... တော်တော်ထိန်းထားရမှာပဲ"

ထိုနေ့ ထိုရက်မှာ စ,၍၊ ကျွန်တော် ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားသည်။

ကျွန်တော် အိမ်ပြန်ချင်မှ ပြန်သည်။ မသဥ္ဇာညွန့်လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့၊ အိမ်စရိတ် ပေးသည်။ မည်သည့်စကားမျှ သူ့ကိုမဆို တော့ပေ။ သူလည်း နေချင်သလို နေပေရော့ . . . ဟု၊ ကျွန်တော် လွှတ်ပေးထားလိုက်ပြီ။ ကျွန်တော်လည်း နေချင်သလို နေပါ လေတော့၏။

ခက်တာက, သူ . . . အနေအေးသည်။ ဒီလို ဖောက် လွဲဖောက်ပြန်ကိစ္စမျိုး၊ ကျူးလွန်သူ . . . ဟု၊ မည်သူမျှ မထင်နိုင် အောင်၊ သူ . . . နေတတ်သည်။ ကျွန်တော်က, . . . လူညွှ၊ ရှူးရှူးဒိုင်းဒိုင်းသာ လုပ်တတ်သည်။ ဟန်ဆောင်မကောင်း၊ လုပ်လိုက်ရင်လည်း ပေါက်ကရ။

ရပ်ကွက်ထဲ၊ လူမြင်ကွင်းတွင်၊ မိန်းကလေးပေါင်းစုံနှင့် တွဲလျှောက်မိသည်။ အိမ်ရှေ့အိမ်မှာနေသော ဒေါ်ကျမ်းစိန်၏ တူမ, သန္တာစိုးနှင့်လည်း တွဲလိုက်ပေသေးသည်။ အဲဒါက, အမှု တစ်မှုလေ။

ကျွန်တော့်အစ်မ, မယဉ်သူဇာကို၊ မဖွယ်မရာအခြေ အနေနှင့်၊ ရင်ဆိုင်ရအောင်၊ နှုတ်လုံခဲ့သော၊ ဒေါ်ကျမ်းစိန်ကို မကျေနပ်သော စိတ်အခံဖြင့်၊ သူ့တူမ, သန္တာစိုးကို တွဲခြင်း ဖြစ်သည်။





ခိုးချောင်ခိုးဝှက်တွဲခြင်း မဟုတ်ပါ။

အဖေတို့ . . . အမေတို့ . . . မသဉ္ဇာညွန်းတို့ . . . ပတ် ဝန်းကျင်တို့မြင်အောင် တွဲခြင်းဖြစ်ပါသည်။

''ငါနဲ့ မသဉ္ဇာနဲ့က၊ ပိုက်ဆံရှိရင်၊ ကွဲမှာ။ အခု မရှိသေး လို့၊ မကွာသေးတာ'' . . . ဟု၊ ပြောပြီး၊ မိန်းမပေါင်းစုံကို၊ ရှုံ့ရှုံ့စွာ ကျွန်တော် တွဲသည်။

အဖေ ဘာပြောမလဲ။ အမေ ဘာပြောမလဲ။ မသဉ္ဇာ ဘာပြောမလဲ။ ဆွေမျိုးတွေ၊ ဘာပြောမလဲ။

※

ဟိုး . . . ယခင်က၊ ဆိုလျှင်, ဇနီးမယားမပါဘဲ၊ မည် သည့်မိန်းကလေးနှင့်မျှ လမ်းအတူ မလျှောက်ဖူးခဲ့ချေ။

အလုပ်ကိစ္စနှင့် ယှဉ်တွဲလျှောက်ရမည်ဆိုလျှင်ပင်၊ တခြား အမျိုးသားအဖော်ပါမှ၊ ကျွန်တော် လျှောက်ပါသည်။

ပတ်ဝန်းကျင် အထင်အမြင်လွဲမှာစိုးသောကြောင့်၊ အနေ အထိုင်ဆင်ခြင်ခဲ့ခြင်းမဟုတ်။ အိမ်ထောင်သည် ယောကျ်ားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

၏၊ မိမိအိမ်ထောင်ဘက်ပေါ်၊ အထူးသဖြင့် စောင့်ခြင်းမျှသာ ဖြစ်သည်။

ယခုမှ ... ကျွန်တော် ဘယ်သူ့အပေါ် သစ္စာစောင့်ရဦး မှာလဲ။

※

မင်းမင်းထက် ... ဆိုသော ကောင်လေးက,လည်း၊ ကျွန်တော့်နှမ၏ သူငယ်ချင်းအဖြစ်၊ အိမ်ကို အဝင်အထွက်ပြုနေဆဲဖြစ်သည်။

အဖေ,ကတော့ ပဒုမပေါင်တို့ ... ဟု အမည်ရသော ဖောက်ပြန်တတ်သည့် မိန်းမ, တစ်ယောက်အကြောင်းကို၊ ကပြဇာတ်ခင်းထားသည့်၊ ကက်ဆက်ခွေကို၊ ခဏခဏဖွင့်ပြနေလေသည်။

ကျွန်တော်က,လည်း၊ ကျွန်တော့် အိမ်ထောင်ရေး အရှုပ်အထွေးကို၊ မိန်းကလေးများစွာအား ပြောပြပြီး၊ သူတို့နှင့် လွတ်လွတ်လပ်လပ် သွားလာယှဉ်ယှက်နေဖြစ်၏။



နှင်း
ကျသော်လည်း
ဆောင်း မ မည်

လူတွေ ... အားလုံး၊ ကျွန်တော့်ကို ငေးနေကြရသည်။

ပတ်ဝန်းကျင်ဆိုတာ ...

ပြသလောက်ပဲ ... မြင်၊ မြင်သလောက်ပဲ ... သိ

သိသလောက်ပဲ ဝေဖန်တတ်သည်။ ထို့အပြင်,

တကယ့်အရှိတရားကို၊ နှိုက်ထုတ်ဆန်းစစ်မည့်သူများ မဟုတ်ကြသည့်အတွက်၊ ကျွန်တော် ဂရုစိုက်ရမည့်အထဲတွင်၊ ပတ်ဝန်းကျင်လည်း ... မပါဝင်ပါ။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

## ၂၃။

ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်အနီးတွင် ထည်ဝါသော မြစ်ကူးတံတားတစ်စင်းဆောက်သည်။ ရပ်ကွက်သည် အခြားကစ်နေရာသို့ ပြောင်းရွှေ့ပေးရသည်။ တော်တော် ပျော်သွားပါသည်။

စီးပွားဘက် သူငယ်ချင်းများနှင့် တစ်ယောက်တည်း သွားနေဖြစ်လိုက်သည်။ မသဥ္စာညွန့်းလည်း သွားချင်ရာသွား၊ ကျွန်တော်လည်း သွားချင်ရာသွား . . . ဟု၊ သဘောပိုက်ကာ၊ တစ်ကိုယ်တည်းရှက်လွှင့်ခဲ့ခြင်း ဖြစ်၏။

မသဥ္စာညွန့်းကို၊ သို့ကောင်လေး မင်းမင်းထက်က



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများရှိရာသို့ ပို့ပေးသည် ... ဟု၊ သတင်းရသည်။ ကျွန်တော်က သူ့မိဘတွေထံ ပြန်မည်ထင်ထားသော်လည်း၊ ကျွန်တော့်အထင် မှားသွားခဲ့၏။ သူ့သတင်းလည်း သဲ့သဲ့ထွက်၊ ကျွန်တော့်သတင်းလည်း၊ သဲ့သဲ့ထွက်သော အချိန်ဖြစ်သဖြင့်၊ လင်မယားကွဲသွားပြီ ... ဟုပင်၊ ယူဆ၍ ရနိုင်ပေမည်။

သို့သော် ... သူ့သတင်းက သဲ့သဲ့မျှ။ ကျွန်တော့်သတင်းက ဝက်ဝက်ကွဲ ဖြစ်သွားရ၏။ ဒေါ်ဂျမ်းစိန်၏တူမ, သန္တာစိုးက၊ ကျွန်တော် တစ်ယောက်တည်းနေထိုင်ရာသို့၊ စုံစမ်း၍ လိုက်ပါခဲ့သည်။ ထို့အပြင် ..., သူ့ကို လက်ထပ်ဖို့ တောင်းဆိုသည်။ ကျွန်တော် ငြင်းဆန်သည်။ သူ ... နည်းမျိုးစုံသုံးသည်။ ကျွန်တော် ..., ခေါင်းညိတ်လိုက်ရမလို ဖြစ်နေစဉ်၊ သူ့မှာ နောက်ထပ်ရည်းစားတစ်ယောက်ရှိကြောင်း ... တိတိကျကျ သိလိုက်ရသဖြင့်၊ ကျွန်တော် ထိုကိစ္စမှ လွတ်မြောက်သွားရသည်။

အတူနေသူငယ်ချင်းများက၊ တရားဝင် ကွာရှင်းဖို့၊ အကြံပြုကြသည်။ မချမ်းသာမကြွယ်ဝ, သေးသဖြင့်၊ ကျွန်တော် မလုပ်ချင်သေးကြောင်း ရှင်းပြသည်။ ''ဖောက်ပြန်တဲ့မိန်းမ,





ဆိုတာ၊ လှည့်ကိုမကြည့်ရဘူး'' ... ဟု၊ သူငယ်ချင်းတစ်ယောက်က, ဒေါသတကြီး ပြော၏။ ''ငါ ... လှည့်ကြည့်တာ မဟုတ်ပါဘူး။ မရှာနိုင် မဖွေနိုင်၊ မဆင်နိုင် မကျွေးနိုင်လို့ ကွဲရပါတယ် ... ဆိုတာမျိုး။ ငါ ... လုံးဝ, အဖြစ်မခံနိုင်ဘူး။ အဲဒါကြောင့် ..., ငါ အချိန်ယူတာပါ'' ... ဟု၊ ကျွန်တော် ရှင်းပြသည်။

''အချိန်ယူတာဆိုရင်လည်း၊ ကောင်းကောင်းယူလေ။ အခု ... မင်းက, ဟိုမိန်းကလေးနဲ့တွဲ၊ ဒီမိန်းကလေးနဲ့တွဲ လုပ်နေတော့ ...၊ မင်းသတင်းက, ပိုပုပ်တာပေါ့ကွ'' ... ဟု၊ ပြောသော၊ သူငယ်ချင်းတစ်ယောက်၏စကားက၊ ကျွန်တော့်ကို ထိတ်လန့်စေသည်။

သို့ဖြင့်၊ မသဇ္ဈာညွန့်ကို၊ ကျွန်တော် ပြန်ဆက်သွယ်သည်။ သူ ... ကျွန်တော့်ကို အံ့ဩစွာ လက်ခံသည်။ သန္တာစိုးနှင့် ပြဿနာဖြစ်ကြောင်းကို၊ ကျွန်တော် ပြောပြသည်။ ပြန်ဆက်သွယ်ရသည့် ရည်ရွယ်ချက်ကိုတော့၊ ကျွန်တော် မပြောပြ။

''မင်းမင်းထက်နဲ့ အဆက်အသွယ်ရှိသေးလား''

''သူ ... ရိုးရိုးသားသားကူညီတာပါ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လိုချင်သောအဖြေကို၊ သူ မပေးသဖြင့်၊ ဆက်လက်မမေးမြန်း မဆွေးနွေးတော့ချေ။

ကျွန်တော့် အဖေအမေ မိသားစုတွေလည်း၊ ဘယ်ကို ပြောင်းရွှေ့သွားကြသည်ကို၊ ကျွန်တော် မသိ။ သူတို့က,လည်း၊ ကျွန်တော့်ကို မဆက်သွယ်၊ ကျွန်တော်က,လည်း၊ သူတို့နှင့် နေချင်စိတ် မရှိ။

ဤသို့ဖြင့်၊ ငမိုးရိပ်ချောင်းရှိရာ၊ မြို့နယ်တွင်၊ ကျွန်တော် နှင့် မသဥ္ဇာညွန့်တို့ အိမ်ငှားနေဖြစ်သည်။ ကျွန်တော့်၏ လုပ်ငန်း အဝဝ,ကိုတော့၊ သူ ... သိခွင့်မရ။ ခြောက်လ,ခန့်အကြာတွင်၊

အခြားတစ်နေ့ရာမှာ၊ ကျွန်တော် ..., တိုက်အိမ်တစ် အိမ်ဝယ်ဖြစ်သည်။ ဝယ်ပြီးလျှင်ပြီးချင်း သူနှင့်ကွာရှင်းဖို့ ပြင် ဆင်သည်။

သူ ... ကံကောင်းသလား၊ ကျွန်တော် ကံဆိုးသလား မပြောတတ်။ သူ ... ကျန်းမာရေး ချို့ယွင်းသွားလေသည်။

သို့ဖြင့် ..., ကျွန်တော့်မှာ၊ ကွာရှင်းဖို့ မလုပ်ဖြစ်တော့ ဘဲ၊ လူနာကုသ,ရေးက တစ်ဖက်၊ စီးပွားရေးက, တစ်ဖက်ဖြင့်၊ မသဥ္ဇာညွန့်ကို၊ ကျွန်တော့်တိုက်အိမ်ပေါ်သို့၊ ခေါ်တင်ခဲ့ရလေ





တော့၏။

❊

သူလည်း ... သူ့စိတ်အဖိအစီးနဲ့ ... သူ၊ ဖိစီးပင်ပန်း ရှာပေမည်။ အမေတို့နှင့် အဆင်မပြေရင်းမှ၊ စိတ်အရှုပ်အထွေး များပြီး၊ စိတ်လွတ်ကိုယ်လွတ် ပြုမူမိခဲ့ခြင်း၊ ဖြစ်ပေမည်။

အမေ့ကိုလည်း၊ 'ကျွန်တော် စိတ်နာပါသည်။ ဘယ်လို စိတ်ထားမျိုးဖြင့်၊ သားဖြစ်သူကို ဆက်ဆံခဲ့သလဲ။' တွေး၍မရခဲ့ ချေ။ အင်း ..., အမေလည်း၊ မသဥ္ဇာညွန့်အပေါ် သဘော မတွေ့ရင်းမှ၊ ကျွန်တော့်အပေါ် ပစ်ပစ်ခါခါ ဆက်ဆံပြောဆိုခဲ့ခြင်း ဖြစ်ပေမည် ... ဟု၊ ဖြေတွေးမိသေးသည်။

❊

မသဥ္ဇာညွန့်သည် အစာအိမ်ရောဂါ ... နလုံးရောဂါ ... နှစ်ခု၏ အဖိအစီးကို ခံစားရင်း၊ ကျွန်တော့်၏ ဆေးကုသ



www.burmeseclassic.com

www.burmeseclassic.com



ပေးမှုကို၊ ခံယူရပေသည်။

ဆေးရုံ၊ ဆေးခန်း၊ အိမ်တွင်း ခုတင်ပေါ်မှ၊ ကျွန်တော့်ကို၊ ကျေးဇူးတင်သော မျက်လုံး၊ တောင်းပန်သော ... အကြည့်များဖြင့်၊ ကြည့်နေတတ်ပေပြီ။

ကျွန်တော် ... အနိုင်မကျင့်ပါ။

သို့သော် ... (လုံး၀)၊ ခွင့်မလွှတ်ပါ။

※

ကျွန်တော် ကံကောင်းသလား၊ မသဥ္စာညွှန်း ကံဆိုးသလား မပြောတတ်။ ကျွန်တော့် အစီးအပွားသည်၊ တစ်စတစ်စ, ကြီးထွားလာလေ၏။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများက ...

"မင်း ... မယားကံကောင်းတာ။ သူ့ကို ဆေးကုပေးဖို့၊ ငွေကအလျှံပယ်။ အရံသင့်။ ဟိုတုန်းက အခြေအနေမျိုးဆို၊ လျက်ဆားတောင် ၀ယ်တိုက်နိုင်မှာ မဟုတ်ဘူး" ... ပြောဆိုဝေဖန်ကြလေသည်။

"မောင်သီလ ... တော်လိုက်တာ။ ဇနီးမယားက၊





ရောဂါသည် ဖြစ်နေတာတောင်၊ နောက်အိမ်ထောင်မပြုဘူး။ သာဓု ... သာဓု" ... ဟူသော၊ ချီးမွမ်းစကားတွေလည်း၊ တချို့သော၊ သူနာပြု ဆရာမ,ကြီးများက၊ ပြောဆိုကြသေးသည်။

ကျွန်တော် ... အသည်းမာပါသည်။

ကျွန်တော် ... ကျောက်ရုပ် တစ်ရုပ်ဖြစ်ပါသည်။

(ပြစ်မှုကျူးလွန်သဖြင့်၊ အပြစ်ဒဏ်ခံရန်ရှိသော၊ ထောင်ကျအကျဉ်းသားတစ်ယောက်၊ ကျန်းမာရေး ချို့ယွင်းနေလျှင်၊ မည်သည့်အကျဉ်းဌာနကမျှ ဆေးကုမပေးဘဲ၊ မနေပါ)

ကျန်းမာရေး စောင့်ရှောက်မှုက သတ်သတ်။

အပြစ်ပေးခြင်းက, သတ်သတ် ... ဟု၊ ကျွန်တော် နားလည်ထားပါသည်။

※

မသဥ္စာညွှန်း တက်ရောက်ကုသ,သည့် ဆေးရုံတွင်၊ သူ့မိခင်၊ ဆေးရုံတက်နေသည်ကို၊ ကျွန်တော် တွေ့သည်။ သမီးဖြစ်သူ သက်သာသောအခါ၊ သူ့မိခင်ထံသို့ သွားရောက် သတင်း



www.burmeseclassic.com

www.burmeseclassic.com



မေးဖို့၊ ကျွန်တော် အကြံပေးဖြစ်ပါသည်။ သတင်းမေးရာသို့၊ ကျွန်တော် လိုက်မသွားပါ။

ရောဂါပျောက်ကင်း သက်သာသောအခါ၊ သူ့မိဘများက၊ ကျွန်တော့်ကို တောင်းပန်ကြောင်း ... စကားပါးလာသည်။ ကျွန်တော် မည်သို့မျှ မတုံ့ပြန်ခဲ့ချေ။ (အမှားပြင်သည်ကို လိုလားသော်လည်း၊ စကားပြင်သည်ကို၊ ကျွန်တော် ဘဝင်မကျ)။

* * *



ကိုယ့်ကျင့်တရားဆိုတဲ့ ... ဂုဏ်
ကိုယ်ကျင့်တရားဆိုတဲ့ ... သိက္ခာ
မရှိရင်
မင်းမှာ ရှိတဲ့ ကျန်တာတွေ၊
အားလုံး
အလကားပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၅။

ဆယ်နှစ်တာ ကာလ,အတွင်း၊ ကမ္ဘာ့အရပ်ရပ်၊ နိုင်ငံအရပ်ရပ်တွင်၊ ပြောင်းလဲမှုများစွာ ရှိသွားသကဲ့သို့၊ ကျွန်တော့်ဘဝ … ကျွန်တော့်ပတ်ဝန်းကျင်တွင်လည်း၊ တော်တော်လေး ပြောင်းလဲသွားပေပြီ။

ကျွန်တော့်အဖေ သေသည်။ မသဥ္ဇာညွန့်၏အမေ သေသည်။ ကျွန်တော် … တော်တော်ချမ်းသာနေပေပြီ။ ဤဆယ်နှစ်အတွင်း၊ မသဥ္ဇာညွန့်၏၊ ကျန်းမာရေးအခြေအနေကို၊ စောင့်ဆိုင်းနေရသည်။

ဆေးရုံတက်ရသည့်အခါမျိုးတွင်၊ သူ၏မင်းမင်းထ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လေးက,လည်း။ ကျွန်တော် မသိအောင်၊ ဆေးရုံသို့ လာတွေ့ရှာသည်။ (မသဥ္စာညွန့်၊ အလာမခံပါ)။

ကျွန်တော်က၊ သူ့ကျန်းမာရေးကောင်းချိန်ကို စောင့်ဆိုင်းနေသူ ဖြစ်ပါသည်။ သူက,တော့ ... ကျွန်တော့်ထံမှ အယူခံစောင့်ဆိုင်းနေသူဖြစ်လေ၏။ ယခုအချိန်မှာတော့ ... "ငါ့ယောက်ျားက၊ နှင်နဲ့ မပတ်သက်ရဘူးလို့ ပြောထားတယ်" ... ဟူသည့်စကားကို၊ သူ့မင်းဆင်းထက်လေးအား၊ ရဲရဲဝံ့ဝံ့ ပြောထွက်ရှာပေပြီ။ ထိုအပြောကြောင့်၊ သူ့မင်းဆင်းထက်လေးက၊ သူ့ကို ပါးရိုက်သွားပြန်သည်။ မသဥ္စာညွန့်းသာ၊ ရုပ်ရှင်မင်းသမီးဖြစ်ပါက ... ကျွန်တော့်ဘဝဇာတ်ကြောင်းတွင် ဝင်ရောက်သရုပ်ဆောင်ချင်လိမ့်မည် ... မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်၊ မင်းသမီးခများ၊ ပါးရိုက်ခံရသည့်အခန်း တော်တော်များသောကြောင့် ဖြစ်ပေသည်။

※

"ကဲ ...။ နင်လိုချင်တာ ယူ၊ ယူပြီးသွား





တော့။

ဒီနေ့ဒီအချိန်အထိ၊ နင့်ကောင်လေးက, နင့်ကို၊ ပါးရိုက်ရဲသေးတာကိုး။

ငါ ... မခံစားနိုင်လို့ မဟုတ်ဘူး။ ငါ ... ရွံလာလို့ပါ။ နင် ... လိုချင်တာ ယူပြီး၊ ဆင်းပါတော့"

သူ ... ကျွန်တော့်ကို လက်အုပ်ချီပါသည်။

ဤမြင်ကွင်းသည်၊ ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါက၊ အင်မတန် သနားစရာကောင်းသော၊ ဇာတ်ဝင်ခန်း ဖြစ်ပေမည်။

"မသဥ္စာ၊ တောင်းပန်ပါတယ်။ ကိုသီလ, ထားတဲ့နေရာမှာပဲ၊ နေပါ့မယ်။ မဆင်းပါရစေနဲ့။ ပြီးတော့ ... ခွင့်လွှတ်ပါ"

သူ ... နေသိပ်မကောင်းပါ။

ဒါကိုသိလျက်နှင့်၊ ကျွန်တော် ဆက်လက်နှင်ချပါက၊ နေရင်းထိုင်ရင်း။ သူက ... မင်းသမီး၊ ကျွန်တော်က, လူဆိုးကြီးလူကြမ်းကြီး ဖြစ်ရပေတော့မည်။

"အေး။ ဒါဆိုလည်း ... နေ။ ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်ဘူး။ လိုတာရှိ ... ပြော။ ဟိုကောင်လေးနဲ့တော့၊ အခေါ်အပြော မလုပ်ပါနဲ့တော့။ ကိုယ်သိကျွာကျတာပေါ့။

ဒါပေမဲ့ ... လူသိပ်မသိသေးတော့၊ အချိန်မီ ထိန်းလို့ရမှာပါ။

ထင်ခုတော့ ရှိတယ်။ ငါ ... နောက်အိမ်ထောင်ပြုမှာ။ ဘယ်သူနဲ့ ပြုရမှာလဲတော့ မသိဘူး။

တွဲချင်တဲ့သူနဲ့ ... တွဲမယ်။ သွားချင်တဲ့သူနဲ့ ... သွားမယ်။ အဲဒါကို၊ ခံနိုင်ရည်ရှိရင်တော့ ...နေပေါ့။

ကျန်းမာရေးအတွက်၊ နှာစ်, ငွားပေးထားမယ်။ လိုတာအကုန်လုပ်ပေးမယ်။ နင် ... စိတ်ချမ်းသာမှာတော့ မဟုတ်ဘူးနော်။

ငါက ... မဟုတ်တာ လုပ်ရင်လည်း လူသိရှင်ကြား၊ လုပ်တတ်တယ်။ နင်တို့လို ကုပ်ကမြင်း မဟုတ်ဘူး၊ နင်တို့ဆိုတာက, တခြား။





ဟန်ဆောင်ကောင်းတဲ့သူတွေလည်း ပါတာပေါ့။

အေး ...၊ သံသရာဆိုတာ လည်နေသလို၊ ဝဋ်ဆိုတာလည်း၊ လည်တတ်တာပဲ။ လူ ... ဆိုတာ အလှည့်ရောက်ရင်၊ မခံရဲကြဘူးလေ။ နင် ... ခံနိုင်ရည်ရှိတယ်ဆိုရင်တော့ ...နေ"

ဦးရှမ်းဆိုသော လူကြီး၊ မိန်းကလေးကိစ္စဖြင့်၊ ထောင်ကျသွားသည့်အကြောင်းကို၊ မသဇ္ဈာညွန့်အား ပြောမိမလိုဖြစ်သည်။ ဒါပေမဲ့ ... မပြောဖြစ်အောင် ထိန်းလိုက်၏။ တော်ကြာ ...ပြောမိမှ၊ ငါ့လို ဖောက်ပြန်ရေးသမားတွေ ရှိပါသေးတယ် ...ဟု တွေးပြီး၊ အားတက်သွားပေဦးမည်။

❊

သူတစ်ပါးကိုသာ၊ ဖောက်ပြန်ရေးသမား ...ဟု၊ လက်ညှိုးထိုးနေမိရင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် လက်ညှိုးထိုးဖြစ်သည်။ ထိုအခါ ...ကျွန်တော်လည်း၊ ဘာထူးလို့လဲ



www.burmeseclassic.com

www.burmeseclassic.com

## မောင်ကျော်ညွှန့်
(ချင်းချောင်းမြဲ)

. . . ဟု၊ တွေးသိမိ၏။

တရားဝင် အိမ်ထောင်ရှိပါလျက်၊ ဘယ်သူ့ကိုရွဲ့ရွဲ့၊ ဘယ်သူ့ကို မကျေနပ်လို့ ဘယ်သူနဲ့တွဲတွဲ။ ဒါ . . . , ဖောက်ပြန်တာက၊ ဖောက်ပြန်တာပါပဲ။

ထိုသို့သောအတွေးကြောင့် . . . , တစ်ခုသောနေ့ရက် တစ်ရက်၊ မသဍ္ဍာ ကျန်းမာဝ,ဖြိုးလာသောအချိန်တွင်၊ ကျွန်တော် သူ့ကို၊ မဟာအခွင့်အရေးတစ်ခု ပေးလိုက်ပါတယ်။

"ငါက . . . တခြားမိန်းကလေးတွေနဲ့ တွဲ
. . . လို့၊ နင်က . . . ဇနီးမယားတစ်ယောက်
အနေနဲ့ မကျေမနပ်ဖြစ်ပြီး၊ ကွာရှင်းခွင့်တောင်း
သလိုမျိုး။ ရှေ့နေတစ်ယောက်နဲ့၊ တရားရုံးမှာ
တောင်း။ ပစ္စည်းဆစ္စယ၊ ပိုင်ဆိုင်မှုဆိုတာတွေကို၊
မထရားတော့၊ မတောင်းမိစေနဲ့နော်။

ငါ့မှာ . . . ရှေ့နေတွေ အများကြီးရှိတယ်၊
ပြီးတော့ . . . နင့်လက်ရေးနဲ့ မင်းမင်းထက်ကို
ရေးထဲ့စာ၊ ငါ့မှာ ရှိတယ်။ အဲဒါကို၊ မမေ့နဲ့၊
အဲဒီစာ ရုံးတော်ကို တင်ပြလိုက်ရင်၊ နင့်ရဲ့



နှင်း
ကျူဆော်စေညီး
ဆောင်း မ မည်

ခံစားခွင့်က၊ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ။ ငါ
. . . မလုပ်ရက်ဘူး။

အဲဒါကြောင့် . . .

ကွာရှင်းဖို့ကို၊ နင်က, စတောင်းတယ်
. . . လို့ လူတွေထင်အောင်၊ နင့်ကို၊ ငါ . . . အခွင့်
အရေးပေးယ်။ အချိန်တစ်ပတ် မကျော်စေနဲ့"

သုံးရက်အတွင်း။ ကွာရှင်းမှုကိစ္စ ပြီးမြောက်သွားလေသည်။ ကျွန်တော်လည်း။ ဆယ်နှစ်တာကာလအတွင်း။ ပေါက်ကွဲစေတတ်သော ဗုံးကြီးတစ်လုံးကို၊ သက်သောင့်သက်သာ လွှတ်ချလိုက်ရသကဲ့သို့ လွန်စွာပေါ့ပါးသွားရသည်။

ဗုံး . . . ဟု၊ ဘာကြောင့် သုံးရသလဲ . . . ဟု၊ ဆိုလျှင်၊ ကျွန်တော့်နေရာမှာ၊ တခြားယောကျ်ားတစ်ယောက်ဆိုလျှင်၊ နှစ်လောင်းဖြိုင် လူသတ်မှုကို၊ ကျူးလွန်မိမှာ သေချာပါသည်။

ကျွန်တော့်မှာ၊ လူမသတ်မိအောင်လည်း ထိန်းရ၊ အစီးအပွားလည်း ပျိုးပွားအောင် ရှာရဖြင့်၊ အချိန်မရွေး ပေါက်ကွဲနိုင်သော ဒေါ်သ,ကို၊ တော်တော် ထိန်းထားခဲ့ရသည်။

ဒေါ်သ,ဆိုတာ . . . ပေါက်ကွဲစေတတ်သော ဗုံးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



. . . ဟု၊ မခိုအပ်ပေဘူးလား။

သည်းခံစိတ် ကြီးမားလွန်းသောကြောင့် မဟုတ်ပါ။ ချမ်းသာအောင် မလုပ်ရသေးဘဲ၊ လူသတ်ပြီး ထောင်ထဲဝင်လျှင်၊ ကျွန်တော့်လောက် ညံ့တဲ့လူ မရှိတော့ . . . ဟု၊ တွေးမိတာလည်း ပါဝင်သည်။ အမေလည်း စိတ်ထိန်းနိုင်သားပဲ . . . ဟု၊ တွေးဆ, တုယ,တာလည်း ပါဝင်သည်။

ကျွန်တော်က, ဘာပိုဆိုးသွားသလဲ . . . ဆိုတော့၊ တစ်ဖက်သား တစ်ခုအမှားကို၊ လက်ဖြင့်ပိုင်ပိုင် ဆုပ်ကိုင်ပြီး၊ ကိုယ်က . . . ဆယ်ခုမက, မှားမှားပြတာကြီးက, ပိုဆိုးပါသည်။

ထို့ကြောင့်, တစ်ဖက်လူကို၊ အပ်နဲ့ ခထာခထာဆွတာမျိုး၊ မလုပ်တော့ဘဲ၊ အပြီးအပြတ်၊ အမြစ်ဖြတ်လိုက်ခြင်းအားဖြင့်၊ သူလည်း၊ အနည်းငယ်သက်သာပေမည်။ ကျွန်တော်လည်း အ,ကုသိုလ် နည်းပေမည်။ သို့မဟုတ်ပါက သူ . . . လုပ်လို့ငါ လုပ်တယ် . . . ဟူသော၊ သံသရာကြီးက ပြီးဆုံးတော့မည် . . . မဟုတ်ချေ။

ပတ်သက်ယှဉ်တွဲခဲ့သော၊ ရည်းစားမိန်းကလေးများနှင့်လည်း၊ ကျွန်တော် အကျေအလည်၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေး





ဖြစ်သည်။ ကျွန်တော့် စိတ်ကြိုက် မည်သူ့ကိုမျှ မတွေ့သည့်အတွက်၊ ပွင့်ပွင့်လင်းလင်း ပြောဆို လမ်းခွဲဖြစ်ကြသည်။

ဘာမှ မရှိတော့သူသည်၊ ဘာအပူအပင်မှ မရှိတော့သူဖြစ်၏။ ဘာအပူအပင်မှ မရှိတော့ သူသည်၊ ငြိမ်းချမ်းလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ၂၅။

"ချမ်းသာတော့မှ အိမ်ထောင်ဖက်ကို၊ စွန့်ပစ်လိုက်တာလေ" ...ဟု၊ တချို့က၊ ဝေဖန်သည်။ "သူ ... အနိုင်ကျင့်တဲ့ဒဏ် မခံနိုင်တော့လို့၊ မိန်းမ,က ကွာရှင်းခွင့်တောင်းတာ" ...ဟု၊ တချို့က, ဆိုသည်။ "သိန်းပေါင်းများစွာ လျော်လိုက်ရတာဆို" ...ဟု၊ တချို့ ဝမ်းပန်းတသာ၊ စပ်စုသည်။

"ဆင်းရဲတုန်းက၊ မယားက သူ့ကိုလုပ်ကျွေးရတာ။ အခု ...ကျေးဇူးကန်းတယ်။ မေတ္တာရူးလိမ့်မယ်။ ကြည့်နေ" ...ဟု၊ ဝေဖန်ပြစ်တင်သံလည်း၊ ကြားရသည်။

အကောယ်၌ တစ်စုံတစ်ယောက်သည်၊ ကျွန်တော်ကဲ့သို့၊



www.burmeseclassic.com

www.burmeseclassic.com

မောင်ငှမျိုး (ချင်းချောင်းခြံ)

ဂန်းကျင်၏ ထင်မြင်ဝေဖန်သံများကို ကြားပါက၊ သွားရောက်မဖြေရှင်းပါနှင့်။ သင် ... ရှုံးသွားပေလိမ့်မည်။ "ဒီလ, ရှေ့က ဖြတ်တောင်၊ မလျှောက်ရဲဘူး။ သူ့ပေွချက်က,တော့၊ လက်လန်တယ်" ... ဟူသော ရပ်ကွက်ထဲက၊ သမီးဆိန်းကလေးရှိသော၊ အမေတစ်ယောက်၏ စကားတင်းကိုလည်း၊ ကျွန်တော် ကြားရပြန်သေးသည်။

"ကျုပ်ရှေ့က ဖြတ်မလျှောက်ရဲရအောင်၊ ခင်ဗျားသမီးကို ကျုပ်က၊ ဘာလုပ်လို့လဲ" ...ဟု၊ ရဲတင်းရှိုင်းစိုင်းစွာ၊ ကျွန်တော် ပြောဖို့ နှုတ်ပြင်ဖြစ်သေးသည်။ သို့သော် ...

ကျွန်တော်သည်၊ ဘာကိုမှ ဂရုမစိုက်သော၊ ခေါင်းမာ လူသားဖြစ်ချင်သောကြောင့်၊ ဘာကိုမှ မယူဆောင်ဖြစ်တော့ပါ။

※

"စံပြအိမ်ထောင်ရေးဖြစ်ဖို့ သားကြိုးစား ပါသေးတယ် အမေ။ ဒါပေမဲ့ ... သားရဲ့ စံပြ အနာဂတ်ကြီး၊ ကျကွဲသွားပြီ။



၂၉။ ကျော်ဆောင်စည်း
ဆေးဒိုး မ မညိ

အမေတို့ စကားအမှားဒဏ်တွေလည်း၊ သား ... ခံခဲ့ရတယ်။ အဖေ့ ... စရိုက်အမှားဒဏ်လည်း၊ သား မျိုးသိပ်ခံစားခဲ့ရတယ်။

ပြီးတော့ ...

အများကြီးပေါ့ အမေရာ။

လောက,ကြီးကိုရော၊ အမေတို့ကိုရော ...။ တစ်ဖက်သားကိုရော ...။ ပတ်ဝန်းကျင်ကိုရော ... ရွဲ့တာ များသွားပြီ။

လူတွေ ... လူတွေနဲ့ ... ပြိုင်ပြိုင်မှားခဲ့တာ။ နည်းနည်းနောနော အမှားမဟုတ်ဘူး ... အမေ။ ကမ္ဘာပေါ်မှာ အမှားဆုံးက, သား တစ်ယောက်တည်းများလား ... လို့တောင်၊ တွေးမိတယ်"

အမေက ... ကျွန်တော့်စကားတွေကို၊ ငြိမ်သက်စွာ နားထောင်သည်။ ဟိုအရင် ... လို၊ မဟော့ရမ်းတော့။

"သူက ... အိုးရွဲ့။ ကိုယ်က, စလောင်း အတည့်နဲ့ဆို၊ အငွေ့မလုံမှာစိုးလို့၊ သူ ...



www.burmeseclassic.com

www.burmeseclassic.com

## မောင်ကျမျိုး (ချွန်းချောင်း၌)

အိုးရွဲ့လို့၊ ကိုယ် စလောင်းလိုက်ရွဲ့တာ။

အိုးရွဲ့တာ လူမသိဘူး၊ စလောင်းရွဲ့တာ လူမြင်သွားတယ်။ လူပြော များသွားတယ်။

အဖေ့ကို မကျေနပ်ဘူး။ အမေ့ကို မကျေနပ်ဘူး။ ဦးရှုပ်းကို မကျေနပ်ဘူး။ ဒေါ်ဂျင်းစိန်ကို မကျေနပ်ဘူး။ အဲဒီ မကျေနပ်စိတ်တွေနဲ့ လူတွေကို၊ ကိုယ်စီလိုက်ရွဲ့ပစ်လိုက်တာ။ လူတွေ ... သိပ်သနားဖို့ကောင်းတယ် ... အမေ။ လူတွေက,လေး သူတို့ အနိုင်ကျင့်ခဲ့တုန်းက မာကျော သလောက်၊ သူတို့ရှုံးတဲ့အခါမှာ ... အဲဒီအရှုံး ဒဏ်ကို၊ မခံနိုင်ကြဘူး။

အဲဒီလို လူတွေနဲ့ ပြိုင်မှားမယ် .. ဆိုရင်၊ ကျွန်တော် ... မှားလို့လောက်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ... အခု, အသက် သုံးဆယ့်ခုနစ် နှစ်ပြည့် အထိမ်းအမှတ်အဖြစ်၊ အမေ့ကို လာ ကန်တော့ရင်း၊ အမေ့ကို တိုင်တည်ပြီး၊ သား ... ကတိတစ်ခုလာပေးတာ''



## ၂၅ဒါး ကျွဲဆော်ဆေညီး

ဆောင်း မ မည်

''ဘာကတိလဲ'' ...ဟု၊ အမေ မေးသည်။

''ဘယ်သူနဲ့မှ၊ ပြိုင် မမှားတော့ဘူး''

ပြောပြီး၊ အမေ့ကို၊ ကျွန်တော် ကန်တော့သည်။

''သာဓု ...။ သာဓု ...။ သာဓု''

သာဓုခေါ်ရင်း၊ အမေ မျက်ရည်ဝဲ၏။ ပြီးနောက် ...

''နောက်အိမ်ထောင်ပြုချင်လည်း ... ပြုပေါ့။ မပြုချင်လည်း၊ တစ်ယောက်တည်း ... နေ''

''ကိုယ့်ကိုယ်ကိုယ် ချစ်သလိုမျိုး၊ ချစ်ရမယ့်သူတွေ့မှ၊ အဲဒီကိစ္စ စဉ်းစားမှာပါ ... အမေ''

ကာလ,များစွာ လွန်မြောက်သည့်အခါ၊ တချို့သော မီးတောက်မီးလျှံများသည်၊ ပမာဏလျော့သွားကြ၏။ အမေ့ကို ကြည့်ရသည်မှာ ယခင်က,လောက် မပူလောင်တော့။ မကြမ်းရှတော့။ ဒေါသ ... မောဟ .. ငဲလျော့ပါးနေသကဲ့သို့ မြင်ရ၏။

※



www.burmeseclassic.com

www.burmeseclassic.com

မောင်ငြိမ်းမျိုး (ချင်းချောင်း(ဖြ))

နံနက်ခင်း ဖြစ်သဖြင့်၊ နှင်းမကွဲသေး။

မြစ်ပြင်တစ်ပြင်လုံး၊ နှင်းတို့ ငိုက်မှိုင်နေသည်။ နှင်းကာနေသဖြင့်၊ ကားကို၊ ဖြည်းညင်းစွာ မောင်းနှင်လိုက်၏။ ဗိုလ်တထောင် စေတီဝင်းကိုကျော်ပြီးမှ၊ ကားရပ်လိုက်သည်။

ဆိပ်ခံဗောတံတားကို ဖြတ်လျှောက်ခဲ့သည်။ ဗောတံတားအစပ်သို့ရောက်မှ၊ မွေးမွှအင်္ကျီထဲသို့ လက်နှိုက်လိုက်၏။ ခဏခဏထုတ်ဖတ်ဖြစ်ခဲ့သော၊ စာတစ်စောင်ကို၊ နောက်ဆုံးအကြိမ်၊ ထုတ်ဖတ်လိုက်လေ၏။

မောင်လေး မင်းမင်း၊

စာမေးပွဲရက်၊ စိတ်မညစ်ပါနဲ့။

မမ ဘဝနဲ့ မမ ရှိပါစေတော့။

ရင်ထဲက ချစ်နေရတာကိုပဲ၊ ကျေနပ်လှပါပြီ။

ဒီထက်ပိုပြီး ဘာ ...လုပ်လို့ရမှာလဲ။

စိတ်ညစ်မနေနဲ့နော်။ မမကိုချစ်ရင် ...

စာမေးပွဲ အောင်အောင်ဖြေ။

မောင်လေးကို သိပ်ချစ်တယ်၊ အရမ်း



ဗန်း
ကျွဲဆော်ဆည်း
ဆောင်း မ မည်

ချစ်တယ်။

မမ - ညွှန်း

ကျွန်တော်က အသက်နှစ်နှစ်ခန့် ငယ်ရွယ်သူဖြစ်သည်။ မောင်လေးကို သိပ်ချစ်တယ် ... အရမ်းချစ်တယ် .. ဟူသော၊ စာကြောင်းလေးက၊ ကျွန်တော့်ကိုရေးတာများလား ... ဟု၊ တွေးမိပါသေးသည်။

မင်းမင်း ... ဟူသည့် ပထမဆုံးစာကြောင်းက၊ နာမည်သာ မပါရှိပါက၊ ကျွန်တော့်ကို ရေးခဲ့သောစာ ... ဟု၊ ယူဆ, ပစ်လိုက်ချင်ပေသည်။ ယူဆ,ပေးလိုက်ချင်သေးသည်။

တစ်ချိန်က၊ တစ်ခါက၊ ဟိုး ... တုန်းက၊ ဟိုစဉ်က၊ လှပ,သွယ်ဝိုင်းသော ပုလဲလုံးလေးများကို၊ ကြည့်ငေးရင်း၊ ချစ်ရည်ရွှန်းမြပျော်ခဲ့လွမ်းခဲ့ကြဖူးသည်။ ထို ... ပုလဲသွယ်တန်းများက,ပင်လျှင်၊ ကိုယ့်ကို လုပ်ကြံရန် စေညွှန်းလေသော၊ ရန်သူ၏အမှာစာချွန်ကဲ့သို့ ကြောက်လန့်ဖွယ်ကောင်းသော၊ ဝေါဟာရတို့ကို၊ စီခြယ်ထားပြန်သည်။ ပုလဲစစ်သော်လည်း သဲနှစ်ကွယ်ပျောက်ရတော့မည့်၊ အခြေအနေမို့၊ နောက်ဆုံး တသ,နှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဖြစ်သည်။

ပြီးနောက် . . . ဗိုလ်တထောင်ဆိပ်ခံဖောက်တားမှနေ၍ ပုလဲအလှတွေကို မြစ်ရေအတွင်းသို့ တစ်ကွဲတစ်စ,စီ ဖွဲခြွေခြွေမွ ပစ်လိုက်၏။

ပြီးသော် . . .

ပေါ့ပါးသန့်ရှင်းသော စိတ်ခြေလှမ်းခြင့်၊ ဗိုလ်တထောင် စေတီတော်ကြီးရှိရာသို့ ဖြည်းညင်းစွာ ထွက်လာခဲ့သည်။ ထိုစဉ်၊ ပခုံးထက်သို့ နူးညံ့သော လက်တစ်ဖက် ကျရောက်လာလေ သည်။

လှည့်အကြည့်တွင်၊ အညိုရောင် အဝတ်အစားဝတ်ဆင် ထားသည့်၊ မုတ်ဆိတ်ကျင်စွယ်အပြည့်နှင့် လူတစ်ယောက်ကို တွေ့၏။ သူ . . . ရယ်ပြသည်။ သွားတန်းတို့သည် ဖွေးခွတ် သန့်ပြန့်လှပ,လွန်းလေ၏။ မျက်လုံးတို့သည် တောက်တောက်ပပ။ ရွှန်းရွှန်းစားစား။ ဝူးရူးရှူရှူ။

"ကောင်လေး။ မောင်သီလ"

"ဟာ . . .၊ ကို . . . ကိုညာဏ်ထွန်း"

မျက်တောင်လေး ပုတ်လျက်သာ၊ သူ . . . ခေါင်းညိတ်





သည်။ သူ့ကို တွေ့မြင်ရသည်နှင့်၊ ကျွန်တော့်မှာ . . .

တိုင်စရာ တောစရာ၊ အုပ်ထိန်းသူတစ်ယောက်ကို၊ တွေ့ဆုံလိုက်ရသကဲ့သို့၊ ခံစားအေးမြသွားရ၏။ ဘုရားရင်ပြင် တော်ပေါ်တွင်၊ ကျွန်တော့် . . . ဖြတ်သန်းမှုများစွာကို၊ ကိုညာဏ် ထွန်းအား၊ မမောမပန်း ပြောပြဖြစ်လေသည်။ ဘဝအကျဉ်းချုပ် ကို၊ ကိုညာဏ်ထွန်းက၊ ငြိမ်သက်စွာ နားထောင်သည်။ ပြီး နောက် . . .,

"ဟိုမှာ . . .၊ ရပ်ထားတာ မင်းကား လား"

"ဟုတ်ကဲ့"

ရင်ပြင်တော်၏အပြင်ဘက်တွင် ရပ်ထားသော၊ အဖြူ ရောင်ကားလေးကိုကြည့်ရင်း၊ ကိုညာဏ်ထွန်းက . . .,

"မင်း . . . ချမ်းသာနေပြီပဲ"

ကျွန်တော် ပြုံးလျက်သာ နေ၏။ ရင်ထဲမှာတော့၊ ပေါ့ ပေါ့ပါးပါး။

"ငါ . . . မင်းကို၊ စကားတစ်ခွန်း ပြောဖူး တယ်။ မင်း မှတ်မိသေးလား"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်မျိုး (ချင်းချောင်းခြံ)

ကျွန်တော် ချက်ချင်း ဖြေနိုင်လိုက်ပါသည်။

"မှတ်မိပါတယ်"

"ပြော"

"ကိုယ့်အလုပ်ကိုယ်လုပ်တဲ့လူဟာ၊ ကိုယ့်ကိုယ်ကိုယ် သိမယ်။ ကိုယ့်ကိုယ်ကိုယ် သိတဲ့လူဟာ၊ လောက,ကြီးကို သိလိမ့်မယ်။ လောက,ကြီးကို၊ သိပြီဆိုတာနဲ့၊ အမှန်တရားကို၊ သိလိမ့်မယ် ...တဲ့"

"မင်း ... အခု သိပြီလား။ အမှန်တရား ခဏနေဦး။ ကိုယ့်ကိုယ်ကိုယ် သိပြီလား"

"သိပ်မသိသေးဘူး။ ချမ်းသာအောင်လုပ်ရလို့ ပင်ပန်းခဲ့တာပဲ သိတယ်"

"ဒါပဲလား"

"အဲ ...။ ဟို ...။ အားလုံးကို မကျေနပ်လို့၊ အားလုံးကို၊ အစွဲတိုက်ခဲ့တာလည်း။ သိတယ်"

"ပြီးတော့ရော"



နှင်း
ကျွဲဆော်ဆေညီး
ဆောင်း မ မညီ

"သူတစ်ပါးက၊ တစ်ခုလောက် ...မှား။ ကျွန်တော်က အဲဒါကို နိုင်ချင်လို့၊ ဆယ်ခုလောက် လိုက်မှား။

အမှား အမှားချင်း။ နိုင်အောင် ပြိုင်ခဲ့မိတယ်"

"မင်း ...နိုင်ရဲ့လား"

"ဗျာ"

"အနိုင်ရခဲ့ရဲ့လား ...လို့"

"မနိုင်ခဲ့ဘူး ထင်တယ်။ ဟို ...သူများက, လူမသိအောင် ...တစ်ခုမှား။

ကျွန်တော်က ...ရဲရဲဝံ့ဝံ့၊ လူသိအောင် ဆယ်ခုလောက် ...မှား။

နောက်တော့ ...ပတ်ဝန်းကျင်က၊ ကျွန်တော့်အမှားကိုပဲ ...မြင်၊ ကျွန်တော် လုပ်တာကိုပဲ တွေ့ပြီး ကဲ့ရဲ့တာ။

ဟုတ်တယ်။ ကျွန်တော် နိုင်မလိုလိုနဲ့ မနိုင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

"မင်း ...အရှုံးကို၊ မင်း တွေ့ပြီလား"

"ဟုတ်ကဲ့။ တွေ့ပြီ"

"များများမှားတဲ့လူက၊ များများရှုံးတာပဲ ကွ။ အဲဒါ ...ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ၊ သူ့တစ်ပါးကို ခေါင်းထဲ ထည့်ထည့်ထားတော့၊ ပြိုင်ချင်, နိုင်ချင်စိတ် ပေါက်လာရော။

မင်း ...တကယ်လုပ်ရမှာက၊ သူတစ်ပါး ...တစ်ခုမှား။ သူ့ဘာသာ လူသိသိ, မသိသိ မှားနေပစေ၊ မင်း တစ်ခုမှ မမှားခဲ့ဘူးဆိုရင်။ ဟိုဘက်က ...အမှားက ထင်းနေမှာပဲ။ အခု တော့ ...သူများအမှားက မထင်းဘူး။ မင်း အမှားက ထင်းနေတာပဲ။

မင်းက, ဘာနဲ့တူလဲဆိုတော့၊ သူများ တွေက၊ မသိလို့ အဆိပ်တစ်စက်ကို မျိုချတယ်။

မင်းက ...သူတို့ကို နိုင်ချင်လို့၊ အဆိပ် တွေ တစ်စက်ပြီးတစ်စက် မျိုမျိုချတာ၊ ချက်ချင်း တော့ မင်းနိုင်သလိုလိုနဲ့။ မင်းဗိုက်ထဲ ... အဆိပ်



ရှင်း
ကျဆောင်စည်း
ဆေခါ်း မ မညီ

ပိုဝင်သွားရတာ မင်း ...မသိလိုက်သလိုမျိုးပဲ။ ဟုတ်လား"

"ဟုတ်ကဲ့။ ဟုတ်တယ် ...ကိုဉာဏ် ထွန်း"

"ကဲ ...ငါ၊ အခု ...မင်းကို မေးပြီ။ ပြန်တွေ့ရင် မေးမယ် ...လို့လည်း၊ ငါ မှာထား ပြီးသားနော်"

ကျွန်တော် ခေါင်းညိတ်၏။

"အခု ...မင်း၊ ကိုယ့်ကိုယ်ကိုယ် သိပြီ လား"

"သိပါပြီ"

"ဘာသိတာလဲ"

"ကျွန်တော်၊ သူတစ်ပါးနဲ့ ပြိုင်မှားခဲ့ တယ်။ အဲဒါ ...အမှားပဲ။ ကျွန်တော် ...လူ တွေနဲ့ ပြိုင်ပြိုင်မှားခဲ့မိတယ်။ အဲဒီလိုမျိုး မမှား ချင်တော့ဘူး"

"အေး။ အဲဒါ ...မင်း,ငယ်ငယ်က မင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ရှင်းချောင်း(ဒ))

သိချင်ပါတယ်ဆိုတဲ့၊ အမှန်တရားပဲ။

အမှန်တရားဆိုတာ၊ အဝေးကြီးမှာ မရှိပါဘူး။ မင်း မှားနေတာကို မှားနေတဲ့အတိုင်း သိတာ၊ အဲဒါ ...အမှန်တရားရဲ့ ကမ်းစပ်ပဲ။

ဉာဏ်ကြီးကြီးနဲ့ ပြောရမယ်ဆိုရင်ကွာ၊ အမှားကို၊ အမှားမှန်းသိတာ၊ အဲဒါ ... အကောင်းဆုံး အမှန်တရားပဲ။

မှားမှန်းသိရင် ...ပြင်။ ပြင်လိုက်ရင် မှန်သွားတာပဲ။ လွယ်လွယ်လေး"

ကျွန်တော် ကိုဉာဏ်ထွန်းကို၊ လေးစားကြည်ညိုစွာ ကြည့်လျက်၊ ခေါင်းညိတ်နာခံနေဖြစ်သည်။

* * *

၂၆။

"မင်း ...အခု၊ ချမ်းသာနေပြီလား"

"လောကီတော့ ချမ်းသာပါတယ် ... ကိုဉာဏ်ထွန်း"

"ငါကလည်း လောကီပဲ မေးတာပါကွာ။ မင်း ..နောက်အိမ်ထောင်ပြုဦးမှာလား"

ကျွန်တော် ရယ်နေမိသည်။

"မရှက်နဲ့။ ပြောပါ။ အိမ်ထောင်ပြုတာ ရှက်စရာမဟုတ်ဘူး။ အိမ်ထောင်ဖက်အပေါ် ဖောက်လွှဲဖောက်ပြန်ပြုမိတာက,မှ ရှက်စရာကွ။



www.burmeseclassic.com

www.burmeseclassic.com



ပြော ...။ အိမ်ရာသစ်၊ ထူဦးမလား"

ကျွန်တော်က ...,

"ကြောက်တော့ ကြောက်တယ်။ ဒါပေမဲ့ ... ကျွန်တော့်ဘဝမှာ၊ စံပြအိမ်ထောင်တစ်ခု မထူထောင်လိုက်ရဘူး။

ကျွန်တော့်ကိုယ်ကျွန်တော် ချစ်သလိုမျိုး ချစ်ရမယ့်သူ တစ်ယောက်ယောက်တွေ့ရင်တော့ စံပြအိမ်ထောင်သစ်တစ်ခုကို၊ ထူထောင်ချင်တယ်"

"အခု ... ဘာရာသီဥတုလဲ" ... ဟု၊ ကိုညာဏ်ထွန်း မေး၏။ ဝေနေသော နှင်းများကို၊ ကြည့်ပြီး ...

"ဆောင်း"

"ဆောင်း ဆိုတော့၊ နှင်းကျမှာပေါ့။ နှင်းတွေ တဖွဲဖွဲကျနေပေမယ့် ... လူတွေမှာ ... နှင်းကာအင်္ကျီလေးတွေ၊ ကိုယ်စီမရှိရင်၊ အဲဒီဆောင်းကို ဆောင်း ... လို့ မင်း ... ပြတ်ပြတ်နိုးနိုး သတ်မှတ်ချင်ပါ့မလား"





"ဆောင်းတော့ ... ဆောင်းပေါ့။ ဒါပေမဲ့ မပြည့်စုံတဲ့ ... ဆောင်းပေါ့"

"အင်း။ ဟုတ်ပြီ။ နှင်းတွေ တဖွဲဖွဲကျ။ လူတွေက ... ချမ်းချမ်းစီးစီး။ ဆောင်းမှာ ပွင့်မယ့်ပန်းလေးတွေ၊ တစ်ပွင့်မှ မပွင့်ဘူးဆိုရင်ကော။ အဲဒီဆောင်းက၊ ချစ်စရာ ကောင်းပါ့မလား"

ကျွန်တော် ခေါင်းယမ်းပြီး ...

"မကောင်းဘူး။ ပွင့်သင့်တဲ့ပန်း၊ ပွင့်ရမယ့်ပန်းတော့ ပွင့်ရမှာပဲ။

ရာသီမသိ ပန်းနဲ့ ... ညို့ ဆိုတဲ့စကားတောင် ရှိသေးတယ်လေ။ နှင်းဘယ်လောက်ကျကျ၊ ပန်းရနံ့ မဝေရင်တော့၊ ဆောင်း ... အစစ်လို့တောင် မခေါ်ချင်ဘူး"

"Good"

အင်္ဂလိပ်လို ပြောပြီး၊ ကိုညာဏ်ထွန်းက၊ ကျွန်တော့်မျက်နှာကို လက်ညှိုးဖြင့် ဖြောင့်တန်းစွာ ထိုးပြီး ...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလှမျိုး (ရှင်းရှောင်းခြ)

"မင်း ... ဘယ်လောက်ချမ်းသာချမ်းသာ။ မင်း ... ဘယ်လောက် ထည်ဝါထည်ဝါ။ မင်း ... ဘယ်လောက် ရာထူးကြီးကြီး၊ မင်း ... ဘယ်လောက် အာဏာရှိရှိ။ မင်း ... ဘယ်လောက် ပြည့်စုံပြည့်စုံ။ မင်း ... ဘယ်လောက် အောင်မြင်အောင်မြင်။

ကိုယ့်ကျင့်တရားဆိုတဲ့ ဂုဏ်၊ ကိုယ်ကျင့်တရားဆိုတဲ့ သိက္ခာ၊ မရှိရင်။ မင်းမှာရှိတဲ့ ကျန်တာတွေ အားလုံး အလကားပဲ။

နှင်းကျပြီး အကာအရံမရှိတဲ့ ဆောင်းလို။ နှင်းကျပြီး ပန်းမပွင့်တဲ့ ဆောင်းလို။ မြတ်နိုးစရာလည်း မကောင်းဘူး။ ချစ်ခရာလည်း၊ မကောင်းဘူး။ လူဆိုတော့ လေးစားစရာလည်း မကောင်းဘူးပေါ့။

ဆောင်း ... ဆိုတာ၊ လူတစ်ယောက်ဆိုရင်၊ နှင်း ... ဆိုတာ၊ သူ့ရဲ့ ကြွယ်ဝ,မှုပဲ။ ပန်း ရနံ့လေးတွေက,တော့၊ သူ့ရဲ့ကိုယ်ကျင့်



ဥမ်း ကျွဲဆော်ဆည်း ဆောင်း မ မည်

တရားတွေပေါ့ကွာ။ များလေ မွှေးလေပဲပေါ့။

ကိုယ်ကျင့်တရားဆိုတာ။ ကိုယ်ကျင့်ရမယ့် တရားနော်။ ကိုယ့်ဘာသာ ကျင့်ရမှာ။ သူတစ်ပါးနဲ့ ပြိုင်ကျင့်ရမှာ မဟုတ်ဘူး။

ကဲ ... မောင်သီလ။

မင်းဟာ ... အခု, ဆောင်းဥတုပဲဆိုပါတော့။ မင်းကိုယ်မင်း ... ကျွန်တော် ဆောင်း အစစ်ပါ။ ဆောင်းဥတုတစ်ခုမှာရှိရမယ့် အရာအားလုံး၊ ကျွန်တော့်မှာ ရှိပါတယ် ... လို့။ မင်း ... လက်ညှိုးထောင်ပြီး ပြောနိုင်ပြီလား"

ကျွန်တော် ခေါင်းခါလိုက်သည်။ ပြီးမှ ... နှင်းငွေ့များကို ငေးကြည့်ရင်း ...

"နှင်းကျတာက,လွဲပြီး၊ ဘာပန်းမှ မပွင့်ဖူးခဲ့ပါဘူး ကိုဉာဏ်ထွန်းရယ်"

ထိုသို့ပြောမိမှ၊ မျက်ရည်ပူများ စီးကျလာလေသည်။ အေးသော ပါးပြင်အထက်၌ ပူသောအရာတို့ ယခုမှ စီးကျခွင့်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

နှင်းထဲတွင် ထိုင်နေပါလျက်၊ ကိုယ့်ကိုယ်ကိုယ် ... "ဆောင်းစစ်စစ်" ... ဟု မဟာစ်ကြွေးရဲ့သောအဖြစ်က၊ ရှက်ခွဲ့ ရင်နာစရာ။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ။ စိတ်အား
လည်း မငယ်ပါနဲ့။ ဒီလိုပဲပေါ့။

မသိခင်မှာ၊ မသိတဲ့လူအချင်းချင်း။ ပြိုင်
မှားကြတာပဲ။ သိတဲ့အချိန်၊ သိရမယ့်အရွယ်မှာ
တော့၊ ဘယ်သူနဲ့မှ မပြိုင်နဲ့တော့ပေါ့။

လူတွေနဲ့ပြိုင်မိုက်နေသမျှတော့၊ မင်းရဲ့
ဆောင်း၊ အေးမှာလည်း မဟုတ်ဘူး။ မွေးမှာ
လည်း မဟုတ်ဘူး။ အဲဒီတော့။ နောင်ကို ...
ကိုယ့်အမှန်တရားပေါ်လွင်ချင်ရင်၊ မှားနေတဲ့ သူနဲ့
မပြိုင်နဲ့။

တစ်ခု၊ မင်းကို ချီးကျူးချင်တာက၊ ငါ့ကို
တောင်၊ အချွန်အတက်နဲ့ထိုးဖို့၊ စဉ်းစားဖူးတဲ့
မင်းက ..., မင်း မနှစ်မြို့တဲ့သူတွေကို၊ ဒေါသ,
ဦးစီးပြီး။ ကိုယ်ထိလက်ရောက်၊ မသတ်ဖြတ်ခဲ့





ကျွဲဆော်ဆည်း ဆောင်း မ မညို

တာ။ အဲဒါက,တော့၊ တကယ်ကောင်းတဲ့ စိတ်
ဓွမ်းအားပါပဲ"

"သည်းခံခဲ့တာ မဟုတ်ဘူး ကိုညာဏ်ထွန်း။ ထောင်ထဲ ရောက်သွားရင် အချိန်တွေပုပ်မှာစိုးလို့၊ ကိုယ် ... မနစ်နာမယ့် နည်းကိုပဲ သုံးခဲ့ရတာ" ... ဟု၊ ကျွန်တော် ရှင်းပြဖြစ်သည်။ ကိုညာဏ်ထွန်းက ..., "ကဲ ... အခုက, စပြီး၊ အားလုံးကို မေ့ပစ်လိုက်တော့။ ပြီးတော့ ... ဘုရားရှိခိုး။ ပြီးရင် ... ဆုတောင်း" ... ဟု၊ ပြောဏ်။

ကျွန်တော်က ... "ဘာဆုတောင်းရမှာလဲ" ... ဟု၊ ပြန်မေးလိုက်သည်။ ကိုညာဏ်ထွန်းက၊ ရယ်လျက် ...

"လိုချင်တာတောင်းပေါ့"

ကျွန်တော် စေတီတော်ကြီးရှိရာ ... သို့၊ လက်အုပ်ချီ ရှိခိုးကာ၊ အလို့ချင်ဆုံးဆုကို၊ တောင်းခံလိုက်မိသည်။

"ဆောင်းအစစ် ဖြစ်ရပါလို၏ အရှင် ...
ဘုရား"

ဆောင်းလေတစ်ချက်၊ ပခုံးအထက်သို့၊ သွေ့တက်စိမ့်ခို လာလေ၏။ မျက်လုံးစုံမှိတ်ကာ ... ဘုရားကို ဦးသုံးကြိမ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ညိုး(ခွင်းချောင်းခြံ)

ဆုတောင်းစကားကို အကြိမ်ကြိမ်ဆိုသည်။

ပြီးနောက် . . . မတ်တတ်အရပ်တွင်၊ အနားမှာ . . . ကိုညာဏ်ထွန်း မရှိတော့။ ဟိုဟိုဒီဒီ ဖွေရှာကြည့်လိုက်သည်။ နှင်းများ ပိတ်ကာနေသောကြောင့် အရာရာ ဝိုးတဝါး။ ထိုစဉ် ခေါင်းလေတစ်ချက် မြစ်ဘက်မှ တိုက်ခတ်လာပြန်၏။

လေပြင်းထဲတွင် . . .

သစ်ရနံ့တွေ ပါလာသည် . . .။ ။

လေးစားခင်မင်လျက် . . .

မောင်ကျော်ညိုး(ခွင်းချောင်းခြံ)

**2008 . July. 7**

**1:26 (A.M)**

* * ** * ** * *



ဆောင်းမြူမမည်တွင်မှာ စိုး

(၁)

"နှင်းများစွာ ကျသော်လည်း၊ ဆောင်း . . . ဟု မမည်တွင်" . . . မှာ၊ စိုးရိမ်သကဲ့သို့ "စကားလုံးများ, ဝါကျများ, ဖြင့် တည်ဆောက်ထားပါသော်လည်း၊ (ဤဝတ္ထုကို)၊ သင့်တင့်သော ဝတ္ထုတစ်ပုဒ်. . . ဟု မမည်တွင်" . . . မှာကို၊ စိုးရိမ်လွန်းသဖြင့်၊ ယခု အမှာစာကို ကျွန်တော် ရေးပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းခြံ)

(၂)

ဆယ်ကျော်သက် လူငယ်များ၏ စိတ်နှလုံးကို၊ ညစ်နွမ်းမှိုင်း မြေသွားအောင်၊ မိဘဆရာ ... ဝန်းကျင် ... အသိုင်းအဝိုင်းတို့က၊ တမင် ... မပြုသော်လည်း၊ ပြုမိသလိုမျိုး ကျူးလွန်မိတတ်ကြကြောင်း နှင့်၊ ထိုသို့ အပြုခံရသော လူငယ်တချို့၏ ကိုယ်စား ခံစားရေးသား ဖြစ်ခြင်းသည်၊ ဤဝတ္ထု၏ ပထမ ရည်ရွယ်ချက်။

ခံစားနာကြည်းစရာများစွာတို့ကို၊ ကြုံတွေ့ရလျှင်လည်း၊ မိမိ နစ်နာလောက်သည်အထိ၊ မပေါက်ကွဲဖို့ စိတ်ကို ထိန်းသိမ်းစေလိုခြင်း နှင့် အလုံးစုံပြည့်ဝသော လူသားတို့ကို၊ ရည်စူးဦးညွှတ်ကာ၊ ဖန်တီး ရေးသားမိခြင်းသည်၊ ဤဝတ္ထု၏ ဒုတိယ ရည်ရွယ်ချက်။



နှင်း
ကျွဲဆော်စည်း
ဆောင်း မ မည်

အထက်ပါ ရည်ရွယ်ချက် (၂) ချက်မှုကို၊ ထင်ရှားပေါ်လွင်စေဖို့၊ ဇာတ်ကောင်တွေ ... အဖြစ်အပျက်တွေ၊ တင်ပြပုံတွေ၊ မြောက်များစွာ လိုအပ်သည် ... ဟု၊ ကျွန်တော် ယူဆမိသည်။ ယင်းသို့၊ ယူဆမိပါသော်လည်း ...

ကျွန်တော် ချစ်ခင်လေးစားရသော၊ ကျွန်တော့်မိတ်ဆွေ (စာဖတ်သူများ) အား၊ ရည်ရွယ်ချက်လေး အနည်းငယ်မျှအတွက်၊ စာမျက်နှာပေါင်းများစွာ ..., ဖတ်ရှုခိုင်းစေသလို ဖြစ်မှာကို၊ ကျွန်တော်၊ အလွန် စိုးရိမ်ပါသည်။

ပွင့်လင်းရင်းနှီးစွာ ပြောရမည်ဆိုလျှင်၊ နှစ်အုပ်တွဲ, သုံးအုပ်တွဲ ဆိုတာမျိုးတွေ ဖြစ်သွားမှာကို၊ စိုးရိမ်ခြင်း ဖြစ်ပါသည်။

ခန့်ထည်လွန်းသည့် ဝတ္ထုဇာတ်လမ်းကြီး မဟုတ်ပါဘဲလျက်၊ စာမျက်နှာတွေ၊ စကားလုံးတွေ ဖောင်းဖောင်းပွပွဖြင့်၊ စီရင်ပြီး ... ပရိတ်သတ်ကို၊ ကျွန်တော် (လုံးဝ) မစော်ကားရဲပါ။

ထို့ကြောင့် ဤဝတ္ထုတွင်၊ အချို့သော အကြောင်းအရာကို အကျဉ်းမျှ၊ အချို့သော အခန်းကဏ္ဍကို အတိုချုံးမျှ၊ အချို့သောဇာတ်ကောင်ကို မှုန်ဝါးဝါးမျှသာ ကျွန်တော် ဖန်တီးမိခဲ့သည်။ ထိုသို့ ဖန်တီးမိသည့်အတွက်၊ ကျွန်တော်ချစ်သော (စာဖတ်ပရိတ်သတ်များ) တွင်



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းခြံ)

အလိုမကျမှု အနည်း-အများ ရှိခဲ့သော်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါရန်၊ ကျွန်တော် အပယ့်ခံဝင်ပါသည်။ လေးစားရိုကျိုးစွာ ကျွန်တော် အနှုးအညွတ်တောင်းပန်အပ်ပါသည်။

⁂

(၃)

BURMESE CLASSIC .com

အုပ်တွဲများစွာ ဖြစ်သွားမှာစိုးရိမ်သော စိတ်အခံဖြင့် ရေးသော်လည်း၊ ဤဝတ္ထုကို၊ ကျွန်တော် ...၊ စိတ်ပါ၊ လက်ပါ ရေးခဲ့သည် ... ဟုတော့၊ ဝန်ခံသစ္စာပြုရဲပါသည်။

ဤဝတ္ထုသည်၊ ကျွန်တော့်နှလုံးသည်းခြေအတွင်း၌ လွန်ခဲ့သော နှစ်များစွာကတည်းက၊ ကိန်းအောင်း သန္ဓေတည်ကာ၊ အထပ်ထပ် သုံးသပ် ဆုံးဖြတ်ပြီးမှ၊ ရေးသားဖြစ်သော ဝတ္ထုဖြစ်သည်။



## နှင်းကျသော်လည်း ဆောင်း မ မည်

(အနည်းဆုံး ဆယ်နှစ်လောက် သိမ်းထားပြီးမှ၊ ရေးသားရခြင်း ဖြစ်ပါသည်)

ဟိုစဉ်တုန်းက ... အလွန့်အလွန်ရေးချင်လွန်းသဖြင့်၊ ၁၉၉၇-ခုနှစ်၊ မတ်လထုတ် ရင်ထဲငြိမ်း- ဘဝရှုခင်းမဂ္ဂဇင်းတွင်၊ "နှံ့ရုံကပ်အသည်း" ဟူသော အမည်ဖြင့် လည်းကောင်း၊ ၂၀၀၄-ခုနှစ်၊ ဧပြီလ,ထုတ် Family မဂ္ဂဇင်းတွင်၊ "ဂီလာနမှတ်တမ်း" ဟူသော အမည်ဖြင့်လည်းကောင်း၊ ဝတ္ထုတိုများအဖြစ်၊ တို့ထား, မှတ်ထားသည့် သဘောဖြင့်၊ စိတ်ဖြေရုံမျှ ကျွန်တော် ရေးသားခဲ့ဖူးသည်။

"နှံ့ရုံကပ်အသည်း" ကို၊ "အခန်းပျက်ဦးနှောက်နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ) ..." ဟူသော၊ ဝတ္ထုတိုပေါင်းချုပ် စာအုပ်တွင်လည်းကောင်း၊ "ဂီလာနမှတ်တမ်း" ...ကို၊ "မနက်ဖြန့်စစ်တမ်း" နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)" ... ဟူသော၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင်လည်းကောင်း၊ ပြန်လည်ထည့်သွင်း ထုတ်ဝေဖြစ်ခဲ့ပါသေးသည်။

ထို ဝတ္ထုတိုများသည်၊ ဤ (နှင်းကျသော်လည်း ဆောင်းမမည်) ဝတ္ထုရှည်ကြီးကို၊ ဖန်တီးဖြစ်စေမည့်၊ အသည်းနှလုံး၏ အခြေခံ ဝေဒနာ အမှတ်အသားလေးများ ဖြစ်ပါသည်။ ထို အမှတ်အသားလေးများအနက်၊ တချို့ကို၊ ပုံကြီးချဲ့၍လည်းကောင်း၊ ဘချို့ကို



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

မှန်ဝါးပယ်ပျောက်၍လည်းကောင်း၊ တချို့ကို ထပ်မံဖြည့်စွက်၍လည်းကောင်း၊ ဤ (... ဆောင်းမည်) ဝတ္ထုကို၊ စိတ်ခံစားမှုအပြည့်ဖြင့်၊ ဖန်တီးရေးသားခဲ့ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း၊ အတွဲ ... တွေ့ဖြစ်သွားမည်စိုးသဖြင့်၊ ကျဉ်းကျဉ်းကျုံ့ကျုံ့ ကျွန်တော် ရေးသားဖြစ်လေသည်။ ပရိတ်သတ်ကို ငုံ့ကွက်ခြင်းမျှသာ ဖြစ်သော်လည်း၊ အလိုမကျစရာ တွေ့မြင်မည်ဆိုပါက၊ လိုအပ်သူမှာ ကျွန်တော်သာ ဖြစ်ကြောင်း...

ထပ်လောင်းဝန်ခံတောင်းပန်အပ်ပါသည် ...

ချစ်သော စာဖတ်သူများ ခင်ဗျား ။ ။

BURMESE CLASSIC .com

* ※ *

*(အားလုံးစာဆောင်းများ*

*ပြည့်ဝ,ငြိမ်းအေးကြပါစေသတည်း)*

လေးစားခင်မင်လျက်


မောင်လှမျိုး (ချင်းချောင်းခြံ)

2008 . July .7

1:26 (A.M)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# နှင်းကျသော်လည်း ဆောင်း,မမည်

မောင်လှမျိုး ၊ချင်းချောင်းခြံ၊

www.burmeseclassic.com